
www.burmeseclassic.com



www.burmeseclassic.com


အသင်

လှည့်စားတတ်တဲ့ ကောင်မလေး

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်


လှည့်စားတတ်တဲ့ ကောင်မလေး၊ အသင်(ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၅၆-စာ၊ ၅×၇

(၁) လှည့်စားတတ်တဲ့ ကောင်မလေး


# အသင်



# လှည့်စားတတ်တဲ့ ကောင်မလေး

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

<u>အသင်၏ထွက်ရှိပြီးစာအုပ်များ</u>

၁။ ညဏ်ရစ်ပတ်နှောင်ဖွဲ့တတ်သော
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၃။ ဝိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၉။ အကြင်နာတကယ်စစ်ရင်
၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယဉ်
၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်

<u>ယခုလ</u>

၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး



❋ ၁ ❋

အိမ်တစ်အိမ်တွင် သြဇာအရှိဆုံး လူတစ်ယောက်ကတော့ ရှိစမြဲ။

တချို့အိမ်မှာတော့ အိမ်ထောင်ဦးစီး မွေးသဖခင်၊ တချို့အိမ်မှာ မာတာမိခင် ဖြစ်ပြီး၊ တချို့အိမ်မှာတော့ ထိုလူတို့ထက် ဆရာကျသော အဘိုး(သို့)အဘွား ဖြစ်နေတတ်သည်။

ဒီအိမ်ရဲ့သြဇာအရှိဆုံး လူသားကတော့ အသက်ခုနစ်ဆယ်ကျော်၊ ဒေါင်ဒေါင်မြည် သန်မာဖျတ်လတ်သော ဦးဒီပါထွန်း ဆိုသည့် သူမ၏အဘိုးပင်။ စကားတစ်ခွန်းဆို တစ်ခွန်းထိရောက်လှ၏။

စေတနာ[illegible]ပ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ယဉ်သရဖူ" ဒီအူကြောင်ကျား နာမည်မှည့်ကိုလည်း အဘိုး ဦးဒီပါထွန်း ကိုယ်တိုင် သူမတစ်သက်တာအတွက် ကင်ပွန်းတပ်ပေးခဲ့သည်။

တံတောက်ခွက်နီးပါးရှည်သော ဆံပင်ထူထူ၏ နှိပ်စက်မှုဒဏ်ကို အလူးအလဲ မရှုမလှ ခံနေရသည့် သူမ၏ဝဋ်ဒုက္ခကို လျစ်လျူရှုကာ ဂုဏ်ယူပီတိပြုံး ပြုံးတတ်သော ဘိုးဘိုး၏ ထိပ်ပြောင်ပြောင်ပေါ်ကို ဖြစ်နိုင်ရင် ဆံပင်တုတစ်ခု စွပ်ပေးချင်မိပါသည်။

ဒါမှ သူ ကိုယ်ချင်းစာနိုင်မည်လေ။

"မီးလေး ... ညည်းအဘိုးစကား မြေဝယ်မကျ နားထောင်နော် ... ဒါမှ မီးလေး အမွေတစ်ပုံရမှာ"

အရေးထဲ အမွေမက်တဲ့ အမေကိုလည်း ပိုင်ဆိုင်ထားရပြန်လေရာ "ယဉ်သရဖူ"ဆိုသည့် သူမသည် အဘိုးအလိုကျနေထိုင်ရင်းနှင့် နှစ်ဆယ့်တစ်ရာစု သမီးပျိုရုပ်ပျောက်၍ ဘိုးတော်ဘုရား လေးဖက်ထောက်ခေတ်က အပျိုတော်တစ်ယောက်နှင့် ခွဲမရအောင် တူလာတော့သည်။





"တောက် ... ဒီခေတ်မိန်းကလေးတွေ မြင်ရတာ မျက်စိစပါးမွေးစူးလိုက်တာ၊ ငါ့မိန်းမသာ ရှိနေသေးရင် ဘယ်လောက်များ ရှက်ရှာလိုက်မလဲ၊ ကြည့်စမ်း ... ကြည့်စမ်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ဘာတွေဝတ်ပြီး ဆင်နွှဲနေကြပါလိမ့်"

သင်္ကြန်တွင်း အိမ်ပြင်ထွက်ခွင့် မရှိတာမို့ မစားရအညှော်ခံ TV ထဲမှ သူများတွေ ရေပက်ခံ ွက်၊ ရေကစားနေတာတွေကို ပါးစပ်လေး အပြဲသားနဲ့ ငေးကြည့်နေတဲ့ သူမကို ဘိုးဘိုးက အဖော်ညှိလိုက်သေးသည်။

"ဟင်း ဟင်း ... ငါ သက်ရှိထင်ရှား ရှိနေတုန်းမို့ပေါ့၊ နို့မို့ဆို မီးလေးလည်း ဘောင်းဘီလက်တစ်ထွာလောက်ဝတ်နေပြီ၊ ဒူးပေါ်ပေါင်ပေါ်နဲ့ ဘယ်လောက်တောင် သရုပ်ပျက်နေမလဲ မသိဘူး"

"ဒါတော့ စိတ်ချ ဘိုးဘိုး၊ ဒူးပေါ်ရင်သာပေါ်မယ်၊ ပေါင်တော့ ပေါ်မှာမဟုတ်ဘူး၊ ဒီလောက် ဆံပင်အုံထူပြီးတော့ ရှည်နေတာ ဆံပင်နဲ့ဖုံးတောင် လုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးအေ စကားအကောင်းပြောနေတာကို၊ နင်က ဘာလဲ ပြောင်ချော်ချော် လုပ်နေတာလား"

သရဖူ ခေါင်းလေးပုထားလိုက်သည်။ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုနဲ့ ဘိုးဘိုး အငြိုအငြင်မခံနိုင်ပါ။

မေမေ့စကားကို နားထောင်သည့် သမီးအလိမ္မာပီပီ အမွေရရေး မျှော်တွေးပြီး ဘိုးဘိုးအမိန့်၊ ဘိုးဘိုးစကား မှန်သမျှ ပုတ်သင်ညိုတစ်ကောင်လို မစဉ်မစား သဘာဝအရလို ခေါင်းညိတ်ပြရမည်လေ။

❁ ✣ ❁





❁ ၂ ❁

ပါဝါမျက်မှန် တပ်ထားကာ ဆံပင်တံကောက်ခွက် အထိရှည်ပြီး မြန်မာဆန်ဆန် ဝတ်စားထားသော "ယဉ်သရဖူ"ဆိုသည့် သူမကို ဘယ်နေရာရာပဲသွားသွား လူတိုင်းက အဆန်းတကြယ် နှစ်ခါလောက် ပြန်ကြည့်ကြ၏။

"ဆံပင်ကြီးက ကောင်းလိုက်တာဟယ်"လို့ မိန်းကလေးများက ချီးကျူးကြပြီး ကောင်လေးတွေကတော့ သူမနားမို့ရောက်လာပြီဆိုလျှင် "အဘွားကြီးစော် နံလိုက်တာ"လို့မထိတထိ စ,ကြသည်။

"ရောင်ဝါနေ ... ဟေ့ကောင်၊ ဟိုမှာ မင်းကောင်မလေး လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရှေ့ကို လန်ထွက်နေသော ရောင်ဝါနေကို သူနဲ့ ဆန့်ကျင်ဘက် ပုံတုံးတုံး ကောင်မလေး "ယဉ်သရဖူ"နှင့် ယှဉ်တွဲပြီး သူငယ်ချင်းက စ,နေကြလေ။

ရေသန့်ဘူး မော့သောက်နေရာမှ သူအခန်းပြင်လှမ်း ကြည့်လိုက်သည်။

ပါးမှာ ပါးကွက်၊ မျက်လုံးမှာ မျက်မှန်၊ အင်္ကျီက ရင်ဖုံး၊ ထဘီကဘုတ်သိုက်၊ လမ်းလျှောက်တာ လှုပ်တိုက်လို့ ဝါးခြမ်းပြားက အစ်မ,ခေါ်ရလောက်တဲ့ body structure နှင့် သူမကိုကြည့်ရတာနှင့်ပင် သူ ရည်းစားထားချင်စိတ် ကုန်ခန်း သွားသည်။

"သွားစမ်းပါကွာ ... ငါလို ချောမော ခန့်ညားတဲ့သူရဲ့ ရည်းစားက ဒီလိုစတိုင်လ်မျိုး မဟုတ်ဘူးကွ"

သူက ထိုကောင်မလေးဆီက အကြည့်ကို ရုပ်သိမ်း ပြီး မနေ့က ဆရာပေးထားတဲ့ သင်ခန်းစာကို လှန်လှောကြည့် နေသည်။ ပြီးမှ ရုတ်တရက် စိတ်ထဲပေါ်လာသည့်အတွေးကို ထ, ပြောလိုက်သည်။





"သူက ရုပ်ကလည်းဆိုးတော့ သူများလို လှလှပပဝတ်လို့ မပေါ်မယ့်အတူတူ မထူးပါဘူးလေဆိုပြီး လူကြည့်အောင် ဒီစတိုင်လ်ဖမ်းထားတာကွ။ ဒီဆံပင်ရှည်ကြီးနဲ့ သူမို့လို့ မအိုက်တယ်၊ ဒီလို နွေရာသီကြီးမှာ၊ ဟူး ... လူကြည့်ခံရ ဖို့ ဒီလောက်လုပ်ဖို့ မလိုအပ်ပါဘူး"

"ဟော့ကောင် ... ဟော့ကောင်"

ရောင်ဝါနေရဲ့ သူငယ်ချင်းအုပ်စုက သူတို့နောက် မှာ မျက်လုံးမီးဝင်းဝင်းတောက်ပြီး ခါးထောက်ရပ်နေတဲ့ "ယဉ် သရဖူ"ကို အတွေ့ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားကာ လက်တို့သတိပေးနေကြသည်။

"တစ်ခါတလေများဆို မင်းတို့မြင်တဲ့အတိုင်းပဲ ကျစ်ဆံမြီး တစ်ချောင်းတည်းကျစ်ပြီး လည်ပင်းမှာ ပတ်ထားလိုက်သေး တယ်၊ ဘယ်နေ့ လည်ပင်းအစ်သေတယ် ကြားရမလဲမသိ ဘူး"

"ဟဲ့ ... ဒီမှာ ယောင်ဝါးနေ၊ နင့်စကားတွေက လွန်လွန်း နေပြီနော်၊ နင် ယောကျ်ားလေးဖြစ်ပြီး အတင်းတော်တော် ချတတ်တာပါလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော လက်ကလည်း သူ့ရှေ့စားပွဲပေါ် ဘုန်းခနဲ ပုတ်လိုက်တာမို့ ရုတ်တရက်ဆိုတော့ သူ အလန့်တကြား နှင့် တုန်တောင်တုန်သွားသည်။

မထူးတော့ပြီမို့ မာန်တင်းကာ သူ ခပ်တည်တည် နှင့် ...

"ခတင်းချတာ မဟုတ်ဘူး၊ အမှန်တရား ပြောတာလေ"

"ဘာလို့လဲ ... နင် ငါ့အကြောင်း ဒီလောက်အသေးစိတ် လိုက်ကြည့်နေပုံထောက်တော့ ငါ့ကိုများ စိတ်ဝင်စားနေလို့ လား"

မချိုမချဉ်အပြုံးနဲ့ သူ့ကို ခနဲ့လိုက်တဲ့ "ယဉ်သရဖူ" ကို အထိနာစေမယ့် စကားလုံးကို သူ သေချာစိစစ်ရွေးချယ်လိုက် ကာ ...

"ဘာ ... တန်ရာတန်ရာပြောစမ်းပါ။ နင့်ရဲ့ 1920 က ဒီဇိုင်းကို ငါက စိတ်ဝင်စားစရာလား"

"ဟုတ်တယ် ... နင်လည်း တန်ရာတန်ရာပြော၊ ငါ့နာမည် ငါ့အကြောင်းက နင့်ပါးစပ်စုတ်နဲ့ လားလားမှမတန်ဘူး"





"ဘာ ... နင်"

ရှေ့ဆက်လျှောက်ပြီး သူမ ထိုင်ခုံနေရာသွားနေ သော "ယဉ်သရဖူ"ကို သူ ခပ်တိုးတိုး ကျိန်ဆဲနေမိသည်။ ဘေး နားက သူငယ်ချင်းတွေကတော့ သူ့ကို လှောင်ရယ် ရယ်နေကြ၏။

"မင်းနာမည်ကို သူ ခေါ်သွားတာလေးက ချစ်စရာလေး 'ယောင်ဝါးနေ'တဲ့ ... ဟား ဟား ... ဟဲ ဟဲ"

သူငယ်ချင်းအုပ်စုက သူမပေးခဲ့သည့် နာမည်သစ် ကို သိပ်အာတွေ့ဟန်ဖြင့် သူ့ကိုတဖွဖွ ခေါ်မဆုံးတော့။

ဘယ်ဘဝက ရေစက်ကြောင့် မသိသူနဲ့ သူမ တစ် စက်လေးမှကို မျက်နှာကြောမတည့်။ သင်တန်းစ,တက်စ နေ့ကပဲ ကြည့်။ သင်တန်းအပြင်ဘက် ကော်ရစ်ဒါမှ သူငယ်ချင်းတွေကို သူ စောင့်နေတုန်း သူမက သူ့နားလာရပ်ပြီး နှာခေါင်းရှုံ့လို့ ခေါင်းကိုက်လာသည့် စတိုင်လ်နှင့် နားထင်ကို လက်ညှိုးနှင့် ထောက်ကာ ...

"အဲ့မယ်လေး မူးလိုက်တာ၊ အပြင်မှာ လေကောင်းလေသန့် လေးများ ရမလားလို့ ထွက်မိတယ်၊ ရေမွှေးပုလင်းထဲ ရောက်သွားသလား မှတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပေါ်တင်ကြီးကို အဖော်အားကိုးမပါဘဲ ဖွဲ့ရဲသည့်သူမအော်သတ္တိက နည်းနည်းနောနော သတ္တိမျိုးတော့ မဟုတ်။

"သူ့ရဲ့နဂိုမူရင်းစိတ်ကြောင့်တော့ ဒီလိုတွေ ဝတ်စားပြင်ဆင်ထားတာ မဖြစ်နိုင်ဘူး"

"ဟော့ကောင် ... တော်ပါတော့ကွာ၊ ဒီတစ်ခါဆို မင်းကို သူ ပါးဆွဲရိုက်လိမ့်မယ်၊ ငြိမ်ခံမှာ မဟုတ်ဘူး"

သူ ပြန်ချေပဖို့ ပါးစပ်ပြင်နိုက် အခန်းထဲကို ဆရာဝင်လာသဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။

ဆရာက မနေ့ကသင်ထားသည့် English phonetic symbol (အင်္ဂလိပ်အသံထွက်သင်္ကေတ)တို့ကို ပြန်ရွတ်ခိုင်းတာမို့ တစ်ခန်းလုံး ...

"အီ ... အူး ... အဲ ... အော့"နှင့် အသံတွေဆူညံသွားသည်။ ပြီးတော့ တစ်ယောက်ဆီကထွက်တဲ့ အသံကို တစ်ယောက်က ရယ်မောလိုက်ကြနှင့် ဗြောင်းဆန်သွားတော့သည်။

ကြည့်ဦး ... ဒီလောက် မြန်မာဆန်တဲ့ မိန်းမက ဘာကြောင့် English Speaking Class လာတက်ရတာလဲ၊ ကိုယ့်





ဘာသာစကားပဲ ကိုယ်မြွတ်မြွတ်နိုးနိုး ပြောပါတော့လား။ ဘာပဲဖြစ်ဖြစ် သူ့ကို နာမည်ဖျက်လိုက်တဲ့အတွက် သူ ထိုကောင်မလေးကို နည်းနည်းမှ မကြည်ပါ။

သူက "ယောင်ဝါးနေ"ဆိုသူကလည်း "အရိုင်းသရုပ်"ပဲပေါ့။ ရုတ်တရက် သူ့မျက်ဝန်းထဲမှာ လူရွှင်တော်သရုပ်ဆောင် အရိုင်း သရုပ်ဆောင်းထားဟန်ကို မြင်ယောင်မိပြီး ထ,ရယ်လိုက်မိတာမို့ သူ့ရှေ့ဘက် ထိုင်ခုံနှစ်ခုံကျော်မှာ "ယဉ်သရုပ်"ကပါဝါမျက်မှန်ကြားမှ "ကြောင်ရန်ကော"ဟူသော အကြည့်ဖြင့် လှည့်ကြည့်လိုက်တာ သူ တွေ့ဖြစ်အောင် တွေ့လိုက်သည်။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၃ ❋

သူတို့ခေတ်အခေါ် Matric (ဆယ်တန်း)ကိုအောင်ထားကာ သစ်တောဝန်ထောက် ဖြစ်ခဲ့ဘူးသော ဘိုးဘိုးဒီပါထွန်းသည် ရွှေကုန်သည်မိဘနှစ်ပါးမှ ပေါက်ဖွားလာခဲ့သူ ဖြစ်သည့်အပြင် အရေးပိုင်မင်း၏သမီး အဘွား ဒေါ်မြဖုံနှင့် အကြောင်းပါခဲ့သည့်အတွက် သူ့ကိုယ်သူ အမြင့်မြတ်ဆုံးလူသား၊ အမျိုးမြင့်ဆုံးလူသားဟု သတ်မှတ်ထားပုံရ၏။

သားသမီးငါးယောက် အိမ်ထောင်ကျကြတော့ ထိုက်သင့်သလောက်ဥစ္စာပစ္စည်းပေးပြီး သီးသန့်နေစေခဲ့သည်။ အငယ်ဆုံးသမီးဖြစ်သည့် သရုဖူ့မေမေ အိမ်ထောင်ကျတော့ ခွဲမထွက်





နိုင်းဘဲ အိမ်မှာပဲ အတူနေစေသည်။ ဒါကို ကျန်တဲ့မောင်နှမတွေက နည်းနည်းမှ မရှုစိမ့်နိုင်။ အမွေပစ္စည်းမှန်သမျှကို မေမေသိမ်းသွားမှာ အကြောက်ကြီး ကြောက်ရှာကြသည်။

"အမွေဆိုတာ ခံစားထိုက်မှ ခံစားရတာ၊ ငါက သားသမီးပဲ အဖေသေရင်တော့ အမွေရမှာပဲလို့တော့ တရားသေမတွက်ကြနဲ့။ ငါ့မျက်လုံးနဲ့ မတွေ့ရင်တော့ အမွေပေးမယ့်စာရင်းထဲက ကျန်ခဲ့မယ်မှတ်"

ဒီလို ခြိမ်းခြောက်စကားတွေကိုလည်း သူများနားခံနိုင်လား ဘာလား မသိဘဲ မြိန်မြိန်ရှက်ရှက်ကြီး ပြောတတ်ပြန်လေရာ သားသမီးကိုယ်စီ၏ ရင်ထဲတွင် သောကတွေပွေလို့ ရတက်မအေးနိုင်ကြ။ သားသမီးဆိုတာက မိဘဆီမှာ ဘာတွေရှိလဲလို့ တစ်ချိန်လုံး စပ်စုတတ်တဲ့အမျိုးမို့ ဦးဒီပါထွန်းမှာ ရော်ဘာခြံက ဘယ်နခြံ၊ မိဘလက်ထက်က ကျန်ခဲ့တဲ့ ရွှေထည်ပစ္စည်းက ဘယ်လောက်။ ဒေါ်မြဖုံ ကျန်ခဲ့သည့် အတွင်းပစ္စည်းတွေက ဘယ်လောက်၊ ဘယ်ဘဏ်မှာ ပိုက်ဆံဘယ်လောက်ထားလဲ အနီးစပ်ဆုံး သိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ဘိုးဘိုးမျက်နှာ အညိုမခံနိုင်ကြဘဲ ဘိုးဘိုးရဲ့တစ်သွေးတစ်သံ တစ်မိန့်အောက်မှာပဲ မျှော်လင့်ချက်ကိုယ်စီနှင့် ရှင်သန်နေကြသည်လေ။ ဒီကြားထဲ မြေးတွေရလာသည့်ထဲတွင် သရဖူ တစ်ယောက်သာ မိန်းကလေးပါသည်မို့ သရဖူက ဘိုးဘိုးရဲ့အသည်း ဖြစ်ခဲ့သည်။

ဒီတော့လည်း ယောကျ်ားလေးမွေးမှ မြတ်သည်ဟု သဘောပိုက်ထားသော အမျိုးသမီးထုထဲမှ ခွဲထွက်ကာ သရဖူ၏ အဒေါ်နှစ်ယောက်နှင့် ဦးလေးရဲ့မိန်းမနှစ်ယောက်တို့သည် တရုတ်ဘုံကျောင်းက ကွမ်ရင်မယ်တော်ဆီ အပြေးသွားပြီး သမီးဆုပန်လားပန်ရဲ့၊ ညောင်ပင်စောင့် ရုက္ခစိုးအအေးပတ်မတတ် ညောင်ရေသွန်းလောင်းပြီး သရဖူထက်ပိုပြီး လှပချောမွေ့တဲ့ သမီးလေး တစ်ဦး ရပါစေလို့ ဆုတောင်းလား ဆုတောင်းရဲ့နှင့် တော်တော် အလုပ်ရှုပ်သွားခဲ့သည်တဲ့။

ဘိုးဘိုးသားသမီးငါးယောက်မှာ မေမေတစ်ယောက်သာ ဘိုးဘိုးစိတ်တိုင်းကျသည့် ဘိုးဘိုးပေးစားသည့် ဖေဖေ့ကို လက်ထပ်ခဲ့သည်။ ကျန်လေးယောက်ကတော့ အချစ်ကိုတန်ဖိုး





ထားပြီး သူတို့နှလုံးသားဆန္ဒကိုပဲ ဦးစားပေးကာ ဘိုးဘိုးအပေးစားမခံဘဲ သူတို့ချစ်သူတွေလက်ဆွဲပြီး ဘိုးဘိုးဆီ ခေါ်လာခဲ့သည်တဲ့။

အဲဒီတုန်းကတော့ သူတို့မှာ အချစ်ကြောင့် သတ္တိတွေအပြည့် ရှိကောင်းရှိနေနိုင်ပါသည်။ ဘိုးဘိုးက မေမေ့ကို စံပြသမီးအဖြစ် အိမ်ပေါ်ခေါ်တင်ထားလိုက်တော့မှ မရှုနိုင်မကယ်နိုင်နှင့် အားလုံး ရောဂါတွေ တက်ကြတော့သည်။

သရဖူ ဗွန်ပန်းရုံကနေ ဗွန်ပန်းပွင့်လေးတွေ ဆွတ်ယူပြီး ဆန်ခါခြင်းထဲ ထည့်နေသည်။ သရဖူတို့ခြံက သူများသူဌေးခြံတွေနဲ့မတူ၊ ကားဝင်လို့ ရလောက်ရုံပဲ ခြံဝကနေ ပေါ်တီကိုအထိ ကွန်ကရစ်ခင်းထားသည်မှလွဲ၍ ကျန်မြေနေရာမှန်သမျှ သစ်ပင်ပန်းပင်တွေ၊ စားပင်သီးပင်တွေနဲ့သာ ပြည့်နှက်နေသည်။

"မီးလေး ... ဘိုးဘိုးက ငါ့ကို သရက်သီးခူးခိုင်းလို့၊ သရက်သီးခူးတဲ့တံချူ နင် တွေ့မိလား"

သရဖူထက် တစ်နှစ်သာကြီးသော အန်တီမေမီမွေးသည့် "ကိုပိုင်"က သရဖူနား ယောင်လည်လည်နှင့်ရောက်လာသည်။ အန်တီမေမီတို့ အန်တီဒေစီတို့သား သရဖူ့အစ်ကိုတွေက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို တစ်ပတ်တစ်ခါလောက် ရောက်လာကြပြီး ဘိုးဘိုး နိုင်းသမျှ လုပ်ပေးနေကြလေ။

"ဒီခြံထဲက တစ်နေရာရာမှာတော့ ရှိမှာပေါ့ ကိုပိုင်ရဲ့"

"ဒါတော့ နင် ပြောမှလား"

မျက်နှာမှာ ဘယ်တော့မှ နှုတ်ခမ်းနီ ပါးနီမတွေ့ရဘဲ ပါးကွက်ကြားကိုသာ တွေ့ရသည့် ရှာမှရှား ညီမဝမ်းကွဲကို သက်ပိုင်ထွန်း ငုံ့ကြည့်နေသည်။ အဆမတန် ပေါများလှသည့် အလှကုန်ပစ္စည်းတွေ၊ ဒီဇိုင်းဆန်းပေ့ဆိုသည့် အဝတ်အထည်တွေ။ ပျော်ရွှင်လည်ပတ်စရာ နေရာမျိုးစုံတို့က သူမကို နည်းနည်းလေးမှ မဆွဲဆောင်နိုင်ကြဘူးတဲ့လား။ အံ့သြစရာပင်။

"တစ်ခါတလေ နင် အခုခေတ်ပေါ်တဲ့ အဝတ်အစား ဒီဇိုင်းခပ်မိုက်မိုက်လေးတွေနဲ့ လှလှပပ ပြင်ဆင်ချင်စိတ် မပေါက်ဘူးလား ... မီးလေး"

"မပေါက်ပါဘူး"

"သက်ပိုင်ထွန်း"က သူ့ကို တစ်ချက်မှ မော့မကြည့်ဘဲ ပန်းတွေဆက်ခူးနေတဲ့ မီးလေးကို ပခုံးတွန့်ကြည့်လိုက်သည်။





တကယ်ပဲ မေမေ ပြောတဲ့တိုင်း ဘိုးဘိုးဆီက အမွေကို မီးလေးပဲ ဘိုးဘိုးအကြိုက်လိုက်ပြီး ရအောင်ယူဖို့ ကြံစွယ်နေတာပဲ။

"သွားစမ်းပါ မီးလေးရယ်၊ နင် သူများပဲ ညာလို့ရချင်ရမယ်၊ ငါ့ကိုတော့ လာမညာနဲ့၊ နင် ဘိုးဘိုးဆီက အမွေကို မျှော်လင့်ထားလို့ ဒီပုံစံနေနေတာ မဟုတ်လား၊ ဘာလုပ်မှာလဲဟာ၊ ပင်ပန်းလွန်းပါတယ်"

"ဟုတ်တယ်၊ နင့်ကို ကြည့်ရတာလဲ ငါ ပင်ပန်းတယ် ကိုပိုင်၊ နေမကောင်းတာတောင် အတင်းကုန်းရုန်းပြီး တစ်ပတ်မပျက် လာနိုင်အောင် ကြိုးစားရတာ၊ အိမ်မှာ ခြေမချိုး လက်မချိုး ဘော်ကြော့နေပြီး ဒီမှာလာပြီးဘိုးဘိုး နိုင်းသမျှ မျှော်လင့်ချက်လေးနဲ့ အားကြိုးမာန်တက် လုပ်နေရတဲ့ နင့်ကိုလည်း ငါ သနားတယ်"

ဒါပေါ့ ဒီစကားထွက်လာတာ မဆန်းပါဘူး။ မြွေမြွေချင်းမို့လို့ ခြေမြင်သည်ပဲ။

"ဒါနဲ့ နင် အခုကျောင်းပြီးသွားပြီ၊ ရည်းစားတွေ ဘာတွေ မရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မီးလေးက မျက်မှန်ကိုင်းကိုပင့်ပြီး သူ့ကိုမော့ကြည့်ကာ ...

"ဘာလို့ မေးခွန်းမဟုတ်တာတွေ လာမေးနေတာလဲ၊ ငါက ဘိုးဘိုး သဘောတူ ကြည့်ဖြူနေတဲ့သူပဲ ယူမှာ"

စိတ်ဓာတ်ကတော့ ပြင်းထန်ပါ့။ အမွေရဖို့အရေး တစ်ဘဝလုံးကို မြှုပ်နှံပစ်လိုက်တာပဲ။ အေးလေ ... ဘယ်သူကရော သူ့လို ပုံတုံးကို စိတ်ဝင်စားမှာတဲ့လဲ။ ဘိုးဘိုးသဘောတူတဲ့ လူနဲ့ပဲ ယူရတော့မှာပေါ့။ ဒီတော့ ဘိုးဘိုးဆီက သူ့စကားနားထောင်သည်ဆိုသည့် အမှတ်လည်း သူမ ရသွားလိမ့်မည်။ သူ မလိုတမာနှင့် မီးလေးကို စေ့စေ့ကြည့်ကာ ဘိုးဘိုးရဲ့ ချစ်မြတ်နိုးမှုကို တစ်လျှောကြီး ရထားသော သူမကို ဘယ်လိုချောက်ချရကောင်းမလဲ စဉ်းစားနေသည်။

❁ ✣ ❁





## ၄

သင်တန်းဝရန်တာကနေ အောက်မှာ လာထိုးသော Airwave ကားအနက်လေးကို သူ ငုံ့ကြည့်နေမိသည်။ ကားတံခါးဖွင့်ဆင်းလာသူက "အရိုင်းသရဖူ"။

သူ့နှုတ်ခမ်းမှာ ခပ်ပါးပါး အပြုံးတစ်ခု ကပ်ငြိလာသည်။ ဒီကောင်မလေးကိုမြင်တိုင်း သူ့စိတ်ထဲမှာ မရိုးမရွနှင့် သူမ ဒေါသထွက်အောင် စ,ချင်မိတတ်သည်။ ရုတ်တရက်အကြံတစ်ခု ခေါင်းထဲလက်ခနဲ ဖြစ်သွားတာမို့ သူ့အတွေးကို သူ သဘောကျဟန် သွားဖြဲပြီး ရယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖူကတော့ အနားမှာ ဘယ်သူမှမရှိဘဲ တစ်ကိုယ်တည်း ပြုံးဖြီးပြုံးကြီး ဖြစ်နေတဲ့ သူ့ရုပ်ကို အမြင်ကတ်သည့်စိတ်က တားမနိုင် ဆီးမရဖြစ်လာကာ ပါးစပ်က အငြိမ်မနေနိုင်ဘဲ ...

"ဟဲ့ ... မနေ့က သတင်းထဲမှာ ရွာသားကြီးက အရူးတကော့ အရူးဆုံး ယောကျ်ားတစ်ယောက် လွတ်သွားလို့တဲ့ဟဲ့"

သူမနဲ့ ဘေးချင်းယှဉ် လျှောက်လာသော အတန်းဖော်သူငယ်ချင်းဘက် ခေါင်းငဲ့ပြောလိုက်၏။

"ဟယ် ... အဟုတ်"

"အဟုတ်ပဲ ... အခုလောက်ဆို ငါတို့သင်တန်းရှေ့တောင်ရောက်ချင် ရောက်နေမှာ"

"ခစ် ... ခစ်"

ထိုကောင်မလေးက ပထမတော့ တကယ်ထင်နေရာက ဝရန်တာမှာ ရပ်နေသော "ရောင်ဝါနေ"ကိုအတွေ့၊ "ယဉ်သရဖူ"တမင်ပြောမှန်း သိသွားပြီး ပါးစပ်ကို လက်လေးနှင့်အုပ်ရင်း ရယ်နေသည်။





တွေ့လား။ ဒါဘာအထာလဲ၊ ဘလိုင်းကြီးနိုင်ကွပ်တာ မဟုတ်လား။

ပြဿနာမရှိပါ။

အလှည့်ကျ မခွဲ့စတမ်းပေါ့။

သူ့နှုတ်ခမ်းတွေ အပေါ်ကော့တက်ပြီး အသာအယာပြုံးထားလိုက်သည်။

နောက်တစ်နေ့မနက် သင်တန်းရှေ့ရောက်တော့ သင်တန်းကမစ,သေးတာမို့၊ သင်တန်းရှေ့က Noticeboard မှာ လူတွေ စုရုံး စုရုံး တွေ့တာမို့ "ယဉ်သရဖူ"က စပ်စပ်စုစုနှင့်အတင်းတိုးဝှေ့ ဝင်ကြည့်လိုက်သည်။

သူမကိုမြင်တော့ အားလုံးက ပြုံးစိစိနှင့် လမ်းဖယ်ပေးကြတော့ ထူးဆန်းနေသည်ဟု ထင်တော့ထင်လိုက်သား။

Photoshop လုပ်ထားသော ဝိန်ဝိန်ကပ်ကပ်၊ ဆံပင်ရှည်ရှည်နှင့် အဘွားကြီးတစ်ယောက်ရဲ့ပုံ၊ အဲဒီအောက်မှာတော့ ကြော်ငြာစာတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးဆင်ပါမည်

ခွေးပစ်တဲ့တုတ်သာသာရှိသောအရပ်
သွေးဆုတ်သကဲ့သို့ ဖြူဖျော့သောမသားအရေနှင့်
သုံးဆယ့်နှစ်ကောဋ္ဌာသထဲတွင်ပါဝင်သောဆံပင်အား
မရှဲမရှာ နှစ်ပေါင်းများစွာ မွေးမြူထားသော
ကျွန်တော်၏ အဖွားဖြစ်သူသည် ပြတိုက်ထဲတွင်
"ငါသည် မြန်မာအမျိုးသမီးစစ်စစ်ဖြစ်သည်"
ဟု သရုပ်ပြရန် အကြောင်းပြ၍
အိမ်ကထွက်သွားပါသဖြင့် တွေ့ရှိသူများ
သတင်းပေးကြပါရန်။

ရောင်ဝါနေ(Ph: 09xxxxx)

ဒီကောင့်လက်ချက်ပဲ။ ပေါ်တင်ကြီးကို ရန်စ,လိုက်တာပဲ။ တခွီခွီနဲ့ ရယ်နေကြသည့် သင်တန်းသား သင်တန်းသူများကြားတွင် သရဖူအရုက်ကြီး ရှက်သွားသည်။ ဒါ personal ကို ထိပါးတာ။ အတန်းထဲမှာထိုင်၍ ရယ်မောနေသော သူတို့အုပ်စုရှေ့ သူမ ဘယ်လိုဘယ်ပုံ ရောက်သွားသည်မသိ။ ဒေါသကြောင့် လူတစ်ကိုယ်လုံး တုန်ယင်နေသည်။





"ယောင်ငါးနေ ... နင် လွန်လွန်းပြီ ထင်တယ်နော်။ သင်တန်းရှေ့က ကြော်ငြာသင်ပုံးမှာ နင်ကပ်ထားတဲ့ အဓိပ္ပာယ်က ဘာလဲ"

"ဘာလဲ ... နင် စာမတတ်ဘူးလား"

သူက ဒေါသထွက်ပြီး တုန်ယင်နေသည့် "အရိုင်းသရဖူ"ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။

"နင့်လုပ်ရပ်က သိပ်အောက်တန်းကျတယ်၊ ယောကျ်ားမဆန်ဘူး၊ ယောကျ်ားဆန်တဲ့ လူမျိုးက ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး"

"ဟာဟ ... နေ ... နေပါဦး၊ အခု ဘာတွေဖြစ်နေတာလဲ၊ ငါ့အဘွားပျောက်လို့ ငါ စာကပ်ထားတာ ကပ်လို့မရဘူးလား"

သရော်တော်တော် ပြောင်ချော်ချော် သူ့မျက်ဝန်းနှင့် အပြုံးတွေကို သရဖူ မုန်းသည်။

"ဟေ့ကောင်တွေ ... ငါဆွဲထားတဲ့ ငါ့အဘွားပုံက တစ်ယောက်ယောက်နဲ့များ တူနေလို့လားကွ ... ဟေ"



www.burmeseclassic.com

www.burmeseclassic.com



သရဖူ သည်းမခံနိုင်သည့်အဆုံး လျှင်မြန်သော ခြေလှမ်းတွေနှင့် သူ့အနား ရောက်သွားကာ သူ့မျက်နှာပြင်ကို အားနဲ့ရိုက်ချလိုက်သည်။

သို့သော် သူက ဖျတ်ခနဲ သရဖူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားကာ ...

"နင်လည်း နင်ဦးရင် ဦးသလို ငါ့ကိုဖွဲ့ခဲ့တာပဲ၊ ဒါမျိုးနဲ့ မဖြေရှင်းနဲ့လေ၊ သတ္တိရှိရင် ငါ့ကို နိုင်ကွပ်နိုင်မယ့် နည်းလမ်းကောင်းလေး စဉ်းစားကြည့်လိုက်ပေါ့။ နင်အစွမ်းရှိရင် ငါ လည်စင်းခံဖို့ အသင့်ပဲ"

သူက သရဖူ့လက်ကို ပြန်လွှတ်ပေးလိုက်သည်။ ပြီးတော့ သရဖူရဲ့ မုန်းတီးသော မျက်ဝန်းတွေကိုလည်း တည့်တည့် ပြန်စိုက်ကြည့်သည်။ ပြီးမှ သရဖူ့ကို မျက်လုံးလွှဲကာ ဟက်ခနဲ ရယ်သွမ်းသွေးလိုက်၏။ သူ့ဘယ်ဘက်ပါးက ပါးချိုင့်လေးက ခွက်ဝင်သွားသည်။

"ကောင်းပြီလေ၊ နင် ပြောခဲ့တဲ့စကားကို နင် ဘယ်တော့မှ မမေ့ပါနဲ့"





"မမေ့ပါဘူး၊ ငါက ဉာဏ်အရမ်းကောင်းတာ၊ အတိတ်မေ့သွားရင်တောင် ဒီစကားကိုတော့ ငါ အမှတ်ရနေမယ်"

နောက်နားဆီက သူ့ရဲ့ရိတိတိစကားကြောင့် သရဖူ ခံပြင်းမိသည်။ တွေ့ကြသေးတာပေါ့။

"ယဉ်သရဖူ"ဆိုတဲ့ မိန်းမက ပေါ့သေးသေးမဟုတ်တာ နင် လက်တွေ့သိလာစေရမယ် ယောင်ဝါးနေ။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၂

သင်တန်းရှေ့အရောက် ဒရိုင်ဘာဦးလေးကြီး ကားရပ်ပေးတော့ သရဖူ ကားရှင်းမရှင်း ဘောဘီဝဲယာကိုကြည့်ပြီး ရှင်းပြီဆိုမှ ကားတံခါး ဖွင့်ဆင်းလာခဲ့သည်။ ဒီစင်တာမှာ သရဖူက ကွန်ပျူတာနှင့် အင်္ဂလိပ်စာ နှစ်ခုပေါင်း သင်တန်းတက်တာမို့ တစ်ပတ်လုံးလိုလို သတင်တန်းတက်ရသည်လေ။ နာမည်ကြီးစင်တာတစ်ခုဖြစ်လို့ ကျောင်းသား ပြတ်တယ်ရယ်လို့မရှိ၊ အချိန်တိုင်းမှာ ကျောင်းသားရှိသည်။

"ဟယ်လို ... ယဉ်သရဖူ"

"ဟင်"





ဘောနားကပ်ပြီး ခေါ်သံကြောင့် ကိုယ့်အတွေးနဲ့ကိုယ် လွင့်မျောနေရာက သရဖူ ဆတ်ခနဲ မော့ကြည့်လိုက်တော့ နားတစ်ဖက်မှာ စိန်တစ်ပွင့် နားကပ်သေးသေးလေး ဝတ်ဆင်လို့၊ ဆံပင်က မိုးကြိုးပစ်ကေနှင့် အကြောင်အကျား စပို့ရှပ်တစ်ထည်ကို ဝတ်ထားကာ ဘောင်းဘီက ချက်ပြုတ်နှင့် အရိုးခေါင်းခါးပတ်ကို ပတ်ထားသည့် အတော့်ကို အကြည့်ရဆိုးသူတစ်ယောက်။

"ကိုယ်က ယဉ်သရဖူတို့ section ပြီး၊ နောက် section ကပါ"

"ဒီတော့ ဘာဖြစ်လဲ"

ဘိုးဘိုးခေါ်ပြီး ဒီလိုကောင်မျိုး ပြလိုက်ချင်ပါသည်။ ဘယ်လောက်တောင် မိုးမွှန်အောင် ဆဲမည်လဲမသိ။

"ယဉ်သရဖူရဲ့ မြန်မာဆန်ဆန်အလှမှာ ကိုယ်များသွားခဲ့ပါတယ် ... အဲဒါ"

"ဪ ... များနေတယ်ဆိုလည်း ဆေးသောက်အိပ်နေလိုက်ပေါ့၊ ဒါမှမဟုတ်လည်း ဆေးခန်းသွားပါလား"

"ဒီလိုလှည့်မပစ်ပါနဲ့ ယဉ်သရဖူရယ်၊ ကိုယ် တကယ်ခံစားနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နောက်က တကောက်ကောက်နှင့် ထိုကျက်သရေတုံးကောင်က လိုက်လာပြီး နားလည်ရန် ခက်ခဲသော မြန်မာစကားတို့ကို တတွတ်တွတ် ပြောလာ၏။

"အဲဒီကိစ္စကြောင့် ကိုယ့်မှာ အရမ်းကို အံ့စားနေတာ၊ သိတယ် မှတ်လား၊ ဒါမျိုးဆိုတာ ဒိုင်လျှိုလေးနဲ့ ထိုင်ငိုနေလို့ ရတာမဟုတ်ဘူး၊ လန်းချင်ရင်တော့ ရင်ဘတ်ကြီးထဲရှိတာတွေ လျှော့ပစ်လိုက်ရမှာပဲ"

သရဖူသည် စိတ်အကြီးအကျယ်ညစ်ပြီး ထိုင်ငိုချင်စိတ်တောင် ပေါက်မိ၏။ သူမတို့နှစ်ယောက်ကို တွေ့တဲ့လူတိုင်းက ပြုံးစိစိ ကြည့်ကြတာမို့ သည်းမခံနိုင်အောင် ဖြစ်ရသည်။ ခြေလှမ်းကျဲကျဲ လှမ်းချင်ပါသော်လည်း ဝတ်ထားသည့် ထဘီရှည်ရှည်က ခွင့်မပြုခဲ့။

"ဟော့ကောင် ... ဟော့ကောင် ရောင်ဝါနေ၊ ဟိုကောင်တွေ့လား"

သင်တန်းဝရန်တာလက်တန်းကို မှီရပ်နေတဲ့ ရောင်ဝါနေ တစ်ယောက် တစ်နေ့က သူတို့အုပ်စုကို ယဉ်သရဖူ





နာမည် လာမေးတဲ့ ငနဲသားကို "ယဉ်သရဖူ"နဲ့ ဘေးချင်းကပ်လျှောက်၍ လိုက်လာတာအတွေ့ ငါးရှူပြုံး ပြုံးလိုက်သည်။ "ယဉ်သရဖူ့"မျက်နှာက ပုပ်သိုးသိုးနှင့် ရှုံ့မဲ့ရှုပုပ်နေတာတွေ့တော့ သူ့အပြုံးက ငါးသလောက်ပြုံးအသွင် ပြောင်းသွားပြန်သည်။

သူတို့ ကြည့်နေသည့် အချိန်မှာပင် ထိုကောင်က "ယဉ်သရဖူ"ရှေ့က ပိတ်ရပ်လိုက်သည်။

"ဟဲ့ ... ဖယ်စမ်း၊ ငါ့လက်ဝါးက ပါးမရွေးဘူးနော်၊ နင့်ပါးလို ပြားချပ်ချပ် ဝိန်ကပ်ကပ်ပါမျိုးဆို အားမရလို့ ဆယ်ခါပြန်လောက် ရိုက်မိလိမ့်မယ်"

"ယဉ်သရဖူ"၏ အောင်မြင်သော အသံက ကျယ်လောင်စွာ ထွက်လာတာမို့ ထိုကောင် နည်းနည်းဖြုသွားပုံရပြီး ဘေးဖယ်ပေးလိုက်သော်လည်း ပါးစပ်ကတော့ တိုးစိ တိုးစိ ပြောနေသေးသည်။

လက်ပိုက်ရပ်ကြည့်နေတဲ့ ရောင်ဝါနေကို အတွေ့ သရဖူ့ဒေါသတွေ ငယ်ထိပ်အထိ တက်လာသည်။ ကြည့်စမ်း ... ကိုယ့်သင်တန်းသူတစ်ယောက် အနှောင့်အယှက် ခံနေရတာကို



www.burmeseclassic.com

www.burmeseclassic.com



သင်းက လက်ပိုက်ပြီး မိန့်မိန့်ကြီး ပြုံးကြည့်နေနိုင်သည်။ သင်းကို မုန်းလွန်းလို့ ရင်ထဲမှာ အစိုင်အခဲဖြစ်နေတာ ထုထည်တောင် တော်တော်ကြီးမားလာပြီ။ သင်းကို စိတ်ဒုက္ခရောက်အောင်လုပ်ဖို့ ဟောဒီ "ယဉ်သရဖူ"ကလည်း မကြံနိုင်တော့ဘူးတဲ့လား။ စောင့်ကြည့်နေလိုက်ပါ။ ယောင်ဝါးနေ။

✿ ✣ ✿





၆

"ဟယ်လို"

ဖုန်းမြည်သံကြောင့် သူ နားကြပ်လေးတပ်ပြီး ဖုန်းထူးလိုက်သည်။ တစ်ဖက်ကလည်း ကားမောင်းရင်းနှင့်ပေါ့။

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်တို့ ကားလွှတ်လိုက်ပါပြီ။ မကြာခင် အစ်ကိုတို့အိမ်ကို ရောက်လာပါတော့မယ်"

"ခင်ဗျာ"

သူ တစ်ဖက်ကစကားကြောင့် နဝေတိမ်တောင်ဖြစ်သွားသည်။ ဖုန်းမှားတာပဲ ဖြစ်မည်။

"ဖုန်းမှားနေတယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူး ခင်ဗျာ၊ အစ်ကို့နာမည် ရောင်ဝါနေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားက ဘယ်သူလဲ"

"ကျွန်တော် PR သောက်ရေသန့်ကပါ၊ မနေ့က အစ်ကို့စာရေးမလေ၊ ဆံပင်အရှည်ကြီးနဲ့လေ၊ သူ ကုမ္ပဏီလာပြီး ရေသန့်ဘူး ကားတစ်စီးတိုက် လာမှာသွားတယ်လေ၊ စရန်တစ်သောင်းနဲ့ ပို့ပေးရမယ့် အစ်ကို့အိမ်လိပ်စာလည်း ပေးခဲ့တယ်၊ အဲဒါ ကျွန်တော် ဖုန်းဆက်အကြောင်းကြားတာ"

"ဘာ… ဘာ… ဘယ်လို၊ ဆံပင်အရှည်ကြီးနဲ့ ဟုတ်လား"

ဟိုဘက်က ဖုန်းချသွားပြီ။ "အရိုင်းသရဖူ"သူ့ကို လုပ်ချလိုက်ပြီ။ တစ်နေ့က သင်တန်းက သူတို့သင်တန်းသားအားလုံး၏ ခေတ်ပုံ၊ ဖုန်းနံပါတ်နှင့် လိပ်စာတို့ကို ဂိုဂ်နိုပ်ကာ စာအုပ်ငယ်လေးတွေထုတ်ပြီး တစ်ယောက်တစ်အုပ် ဝေသည်။ ရည်ရွယ်ချက်က သင်တန်းသား သင်တန်းသူအားလုံး တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးခင်မင်စေချင်သည့် ရည်ရွယ်ချက်။





ဒါကို သင်းက အခွင့်ကောင်းယူပြီး လုလုပပထိုးစစ်ဆင်ခဲ့သည်ပေါ့။ ရုတ်တရက် ဒေါသကြီးကာ စိတ်ဆတ်သော ဖခင်မျက်နှာကို မြင်ယောင်မိပြီး ထိုကိစ္စကို အချိန်မီရှင်းရန် ကားကိုအရှိန်မြှင့်မောင်းမည်ကြံတုန်း မီးပွိုင့်က မီးနီတ သူ့ကို လှမ်းဟန့်လိုက်၍ သူ စိတ်ခေတ်အကျကြီး ကျသွားသည်။ လှည်းတန်းမီးပွိုင့်က သိပဲ့အတိုင်း တစ်ခါမိရင် ဆယ်မိနစ်နည်းပါးကို ကြာသည်။

ဖုန်းမြည်သံကြားတော့ ဖုန်းနံပါတ်ကြည့်စရာမလို။ ဖေဖေ့ဆီကဖုန်းဆိုတာ သိပြီးသား။

"ဟယ်လို ဖေဖေ"

"ဟေ့ကောင် … အိမ်ရှေ့မှာ PR သောက်ရေသန့်ကားကြီး ရောက်နေတယ်၊ မင်း မှာထားတာဆို၊ ငါ့ကို ပိုက်ဆံအကြေချေခိုင်းနေတယ်၊ မင်း ဘာလုပ်တာလဲ"

"ဒါ … ဒါက ကျွန်တော် ဒလဘက်မှာ ရေသွားလှူချင်လို့ မှာထားတာပါ ဖေဖေ၊ ကျွန်တော့်ကို စောင့်ခိုင်းထားလိုက်ပါ၊ ဒလအထိ သူတို့ကို ခေါ်သွားရမှာဆိုတော့ ကားခပါ ထပ်ညှိရဦးမှာမို့လေ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထဲ ပေါ်လာရာကို မှင်သေသေဖြင့် ပြောလိုက်ရသည်။ စုထားတဲ့ ပိုက်ဆံလေးတွေ "အရိုင်းသရဖူ" ရဲ့ လက်ချက်ကြောင့် ကိစ္စချောမည့်အရေးအတွက်တော့ သူ ရတက် မအေးနိုင်ပါ။

မီးစိမ်းတော့ လီဗာကို ဆောင့်နင်းပြီး သူမောင်းထွက်လာခဲ့သည်။ သို့သော်လည်း ထင်သလောက် ခရီးမရောက်ဘဲ jam ဖြစ်နေတာမို့ တက်ခေါက်နေရသည်။

စိတ်ထိန်း ... စိတ်ထိန်း၊ သူ အသက်ကို ရှူသွင်းရှူထုတ် အကြိမ်ကြိမ်လုပ်၍ စိတ်တည်ငြိမ်မှုရဖို့ မနည်းကြိုးစားနေရသည်။ ဒီမိန်းမအတွက်နဲ့ကြောင့်တော့ ရောဂါအဖြစ်မခံနဲ့။

ထိုနေ့ကတော့ "အရိုင်းသရဖူ"၏ စောင်မမှုဖြင့် ရေသန့်ဘူးတွေကို ဒလဘက်က ရေလိုအပ်နေသူတွေ လက်ထဲကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းနိုင်ခဲ့သည်။ ကားပေါ်မှာ အလုပ်သမားနှစ်ယောက်သာ ပါတာမို့ ရေသန့်ဘူးတွေကို သူပါဝိုင်းပြီး ထမ်းချသဖြင့် ပခုံးတွေအောင့်ပြီး ခါးတွေတောင် နာနေပြီ၊ ကြားထဲက ဖေဖေတောင် အဆစ်ပါလိုက်သေးသည်။





ဘာပဲပြောပြော ရေရလို့ ဝမ်းသာရွှင်လန်းနေကြတဲ့ မျက်နှာကိုအတွေ့ သူ့ အမောတွေ ပြေသွားသည်။ နင်က ငါ့ကို မလိုစိတ်နဲ့ ချောက်ချခဲ့ပေမယ့် ငါကတော့ ကုသိုလ်တွေ တစ်လှေကြီးရနေတယ် "အရိုင်းသရဖူ"။ ကြုံရင် နင့်ကို ငါ အမျှဝေပေးလိုက်ပါဦးမယ်။

✿ ✣ ✿

www.burmeseclassic.com



## ❋ ၇ ❋

"မီးလေး"

"ရှင်"

ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ပြီး ဆံထုံးပြန်ထုံးထားကာ ရှေ့ကို ဆာမူရိုင်းပုံ ဆံပင်အတိထားသော "ယဉ်သရဖူ"၏မျက်နှာဝိုင်းဝိုင်းလေးကို ဦးဒီပါထွန်းက တစိမ့်စိမ့်ကြည့်ကာ ...

"ဟိုကောင် သစ်မင်း မင်္ဂလာဆောင်မှ ငါ့မြေးမလေး ဘယ်လောက်လှတယ်ဆိုတာ ငါသိတော့တယ်"





ဟုတ်သည်။ ကိုကိုသစ် မင်္ဂလာဆောင်မှာ သရဖူက မျက်ကပ်မှန်လေးတပ်ပြီး ပြင်ပြင်ဆင်ဆင် ရုပ်လေးနှင့်တအားလှတာ ဘိုးဘိုး မပြောလည်း ကိုယ့်ဘာသာကိုယ် သိသည်။ ရုတ်တရက် ကိုပိုင် မိတ်ဆက်ပေးတဲ့ ကိုပိုင့်သူငယ်ချင်း "မြတ်သောနောင်"ဆိုသည့် ခပ်ချောချောလူ၏ ရီဝေဝေ အကြည့်ကို ပြန်အမှတ်ရရင်း ရှက်သွေးဖြာသွားသည်။

ဘိုးဘိုးက ကုလားထိုင်ပေါ်တွင် ကျောမှီထိုင်ကာ ဆေးပေါ့လိပ်တိုကို ဖွာရှိုက်နေသည်။ ဘိုးဘိုးက ရိုးရိုးကြီးနေတတ်သည်။ စွပ်ကျယ်၊ ဂျာစီအင်္ကျီတို့နှင့် ပုဆိုးအကွက်ကြီးဝတ်ကာ ဆေးလိပ်တိုနှင့် ခြံထဲဆင်းပြီး သူ့အပင်တွေနှင့် အချိန်ကုန်နေတာကများသည်။ ဒီလိုပုံစံမျိုးကို ဘယ်သူက သူဋ္ဌေးကြီးလို့ ထင်ပါ့မလဲ။

"မီးလေးက အရမ်းလိမ္မာရေးခြားရှိတယ်၊ ဘိုးဘိုးစကားကို ငြင်းဆန်တယ်ရယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး"

"ဟုတ်ကဲ့ ... ဘိုးဘိုး သိသင့်တာ ကြားပါပြီ"

"ငါလည်း ဒီ့ထက် ပိုအိုသွားဖို့ပဲ ရှိတော့တယ်၊ နေဝင်ချိန် ရောက်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မျက်မှန်အောက်က သရဖူ့မျက်လုံးတွေ အရောင်တောက်လျက် သံယောင်လိုက်,လိုက်သည်။ ကော်တာပဲ။ မနေ့ညက အိပ်မက်ကောင်းလို့ ဘာတွေများ ဖြစ်မလဲလို့ တွေးနေတာ။ အခုတော့ ဘိုးဘိုးကိုယ်တိုင် သူမကို အမွေပေးတော့မယ့်အကြောင်း ပြောတော့မည်ပဲ။

"ငါမသေခင် ငါ့အချစ်ဆုံး မီးလေးအတွက် လုပ်ပေးသင့်တာ လုပ်ပေးခဲ့မယ်"

ဟုတ်ပြီ။ တဖြည်းဖြည်းနဲ့ နီးစပ်လာပြီ။ သရဖူ ကိုယ့်ရင်ခုန်သံတောင် ကိုယ် ပြန်ကြားနေသည်။ ဒါမျိုးဖြစ်အောင် သရဖူတို့ ဘယ်ယောက်ျားလေးကမှ မပြုစားနိုင်ခဲ့ပါ။

"ဒီတော့ မီးလေးအတွက် အသင့်တော်ဆုံး လူတစ်ယောက်နဲ့ ဘိုးဘိုး နေရာချပေးခဲ့မယ်"

"အမ်"

ပြုံးနေတဲ့ သရဖူ့မျက်နှာလေး တစစနှင့် မဲ့ကျသွားသည်။ မျှော်လင့်ချက်တွေက နေရောက်လို့ နှင်းပျောက်သွားသလို၊ သဲထဲရေသွန်ချလိုက်သလိုနှင့် စုန်းစုန်းမြုပ် ပျောက်ကွယ်ကုန်၏။





"လူမှာအမျိုး ကြက်မှာအရိုး ဆိုတဲ့အတိုင်း မျိုးရိုးကောင်းပြီး လိမ္မာရေးခြားရှိတဲ့ လူငယ်လေးတစ်ယောက်ကို ဘိုးဘိုးတွေ့ထားပြီးပြီ၊ မီးလေးသဘောထားက ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲပါဘူး၊ ဘိုးဘိုးလိုပါပဲ"

"ဒီအဖြေပဲ ဘိုးဘိုးလိုချင်တာ မီးလေး၊ မီးလေး မနစ်နာစေရပါဘူး"

နောက်ဆက်တွဲစကားကြောင့် သရဖူ မျက်နှာအိုနေရာက ရေငသွားတဲ့ ပန်းကလေးနှယ် လန်းဆန်းသွားသည်။ ထိုစကား၏ အဓိပ္ပာယ်ကိုလည်း ကိုယ်လိုရာ ဆွဲတွေးလိုက်သည်။ ဒီတစ်ခါတော့ သရဖူ မမှားနိုင်လောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



၈

သင်တန်းအောက်ထပ်က cafeteria & bakery house မှာ ရောင်ဝါနေတို့ သူငယ်ချင်းအုပ်စု ထိုင်နေကြသည်။ English speaking class ပြီး နောက်တစ်နာရီလောက်နေမှ ကွန်ပျူတာသင်တန်း ပြန်စမှာမို့ ဒီဆိုင်မှာ အချိန်လာဖြုန်းနေခြင်း ဖြစ်သည်။

သင်တန်း စ,တက်စ,ကတော့ ဒီတစ်နာရီဆို သင်တန်းအနီးအနားမှာရှိသော အင်းလျားကန်၊ စိမ်းလန်းစိုပြေပန်းခြံ၊ ရန်ကုန်တက္ကသိုလ်မိန်းဝင်းထဲ လျှောက်သွားနေကျ။ အခုတော့ အေးအေးဆေးဆေး စကားထိုင်ပြောလို့ရသည့်၊ သူတို့အုပ်စုနှင့် ရင်းနှီးကျွမ်းဝင်နေသည့် ဒီဆိုင်မှာသာ အထိုင်ချလိုက်ကြသည်။





"ဒီတော့ မင်းကို ယဉ်သရဖူက ပိုက်ဆံတစ်သောင်းအရင်းပြုပြီး အလဲထိုးလိုက်တာပေါ့"

"အေးပေါ့ကွာ။ သူ ဒီလိုလုပ်လိမ့်မယ်လို့ ငါ ထင်ကိုမထင်ထားတာ၊ လှူလိုက်လို့ ကုသိုလ်ရတာ မှန်ပေမယ့် အခုအချိန်အထိ ငါ့ပခုံးတွေ အောင့်ပြီး၊ ခါးက နာနေတုန်းပဲ"

"ဟဲ ဟဲ ... မင်းက သူ့ကို လျှော့တွက်လိုက်တာကိုးကွ"

"ကောင်းတာပေါ့ ရောင်ဝါနေရာ၊ အပျင်းပြေတာပေါ့၊ မဟုတ်ဘူးလား"

"ပိုက်ဆံမကုန်ဘဲ အပျင်းပြေတာမျိုး ဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ အခုက သူက ငါ့ကို ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်နေတာ"

"ပြောရင်း ဆိုရင်းနဲ့ ဟိုမှာ လာပါပြီ"

ဆိုင်မှန်တံခါးကို တွန်းဖွင့်ဝင်လာတာက "အရိုင်းသရဖူ"။ သူမနောက်မှာ အမျိုးသားနှစ်ယောက်။ ကောင်တာမှာ စားစရာ သောက်စရာ သွားမှာပြီး စားပွဲတစ်ခုတည်းမှာ သူတို့သုံးယောက် အတူထိုင်လိုက်ကြတာမို့ သူငယ်ချင်းစစ်နိုင်က သူ့ကို လက်ကုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် waiter ကောင်မလေးက "အရိုင်းသရဖူ"ရှေ့တွင် ကော်ဖီအေးတစ်ခွက်နှင့် ဟိုလူနှစ်ယောက်ရှေ့တွင် ပန်းသီးဖျော်ရည်နှင့် ရေခဲမုန့်တစ်ခွက် လာချပေးသည်။

အရိုင်းသရဖူက သူ့ကို ကျောခိုင်းထိုင်နေတာမို့ သူ့ကို မတွေ့။ သူကတော့ အရိုင်းသရဖူနားက သူနဲ့မျက်နှာချင်းဆိုင် အနေအထားမှာ ထိုင်နေသော ရုပ်ဖြောင့်ဖြောင့်နှင့် ထိုနှစ်ကောင်ကို မမိုတ်မသုန် စိုက်ကြည့်လိုက်သည်။

"ယဉ်သရဖူက တယ်ဟုတ်ပါလားကွာ၊ ရှီးပုံရှီးလက်နဲ့"

"သူငယ်ချင်းတွေလား၊ သူငယ်ချင်းနဲ့ ဘဲနဲ့များလား၊ ဘယ်သူက သူ့ဘဲလဲ မသိဘူး"

တစ်ယောက်တစ်မျိုး ထင်ကြေးပေးနေသော သူငယ်ချင်းတွေကို ရောင်ဝါနေက ဇွေကြည့်လိုက်ကာ မချိုမချဉ်လေး ပြုံးလိုက်ပြီး ...

"အဲဒီအဖြေကို ငါ ဆယ့်ငါးမိနစ်အတွင်း သိအောင်လုပ်နိုင်တယ်"

"ဟော့ကောင် ... ဒါတော့ ပိုပြီထင်တယ်နော် ရောင်ဝါနေ"





"ဘာလဲ ... မင်းက ယဉ်သရဖူကို သွားမေးမလို့လား"

"မဖြစ်နိုင်ပါဘူးကွာ"

သူငယ်ချင်းတွေဆီမှ အသံတွေ တစ်ယောက်တစ်ပေါက် ထွက်လာတာမို့ သူက မျက်နှာထား အတည်နှင့် ...

"စိန်လိုက်လေ ... ဘာကြေးလဲ"

"အေး ... မင်းတကယ်သိအောင် လုပ်နိုင်ရင် ဒီကအပြန် ဟော့ပေါ့ လိုက်ကျွေးမယ်ကွာ"

"အေး ... ဒါဆို ငါ toilet ခဏဝင်လိုက်ဦးမယ်။ မင်းတို့ ဒီမှာပဲ ခဏစောင့်ကြ၊ ငါ အဖြေယူလာခဲ့မယ်"

"ဘာလဲကွ ... ဒီကောင်"

ရောင်ဝါနေ့ သူငယ်ချင်းအုပ်စုကတော့ နားမလည်ဟန် ခေါင်းတခါခါနှင့် ကျန်ခဲ့သည်။

ယဉ်သရဖူ တစ်ယောက် သူမရှေ့တွင် ထိုင်နေသော "မြတ်သောနှောင်"ကို ခဏ ခဏ ခိုးကြည့်မိသည်။ ကိုပိုင်က လမ်းကြုံလို့ ဝင်လာတာပါလို့ ပြောပြားလည်း ဒါ မရိုးသားတာ သူမ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်သောနောင်ကို ငါ့လိုပဲ သဘောထားလို့ ရတယ် မီးလေး၊ အကူအညီတောင်းစရာရှိရင်ပဲဖြစ်ဖြစ်၊ ခိုင်းစရာရှိရင်ပဲဖြစ်ဖြစ် အားမနာနဲ့၊ နင်ဖတ်ချင်တဲ့ စာအုပ်ရှိရင် ဒီကောင့်ကို လှမ်းသာမှာလိုက်၊ ဒီကောင်က စာအုပ်ဆိုင်တွေ အများကြီးပိုင်တာ"

"ဟယ် ... ဟုတ်လား၊ မီးလေး စာအုပ်ဖတ်တာ ဝါသနာ သိပ်ပါတာ"

"မီးလေး လိုချင်တဲ့စာအုပ်ကို ပြောလေ၊ ကိုယ်ယူလာပေးပါ့မယ်"

နှာတံပေါ်ပေါ်၊ အသားဖြူဖြူ၊ မျက်ခုံးကောင်းကောင်းနှင့် ရီဝေသော မျက်ဝန်းများပိုင်ရှင် သူ့ကို သရဖူရင်ခုန်ချင်ချင် ဖြစ်နေမိတာကြောင့် "အမွေနဲ့ မလဲနဲ့"ဟု တဖွဖွ ကိုယ့်စိတ်ကို ကိုယ်ဆုံးမနေရ၏။

ဖုန်းမြည်သံကြောင့် သရဖူ သူတို့နှစ်ယောက်ကို ခွင့်တောင်းပြီး ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"





"အရိုင်းသရဖူ ... ငါပါ ရောင်ဝါနေ"

လာပြန်ပြီ ဒီကောင်၊ ဘာမွှေဦးမလဲ မသိ။

"ဘာကိစ္စလဲ၊ ငါ ဒီမှာ စကားပြောနေတယ်၊ မနှောင့်ယှက်နဲ့"

"သိပါတယ် ... သိပါတယ်၊ နင် အခု လူနှစ်ယောက်နဲ့ စကားပြောနေတယ်၊ တစ်ယောက်က angry brid အရုပ်ပါတဲ့ အင်္ကျီနက်ပြာရောင် ဝတ်ထားပြီး တစ်ယောက်ကတော့ တီရှပ်အဖြူတစ်ထည် ဝတ်ထားတယ်"

"နင် ဘယ်လိုသိလဲ"

"ယဉ်သရဖူ"သည် အခုမှ ဆိုင်ထဲကို ဝေ့ဝဲကြည့်မိသည်။ မလှမ်းမကမ်းမှာ သူ့သူငယ်ချင်းအုပ်စုကို တွေ့ရသော်လည်း သူ့ကိုတော့ မမြင်မိ။ ဆိုင်ထဲ တစ်နေရာရာကများ ချောင်းမြောင်းပြောနေတာလား မသိ၊ ဒါမှမဟုတ်လည်း သရဖူတို့ကို သူ လှမ်းတွေ့သွားတာဖြစ်မည်။

"နင်က ice coffee သောက်နေတယ်၊ ဟိုနှစ်ယောက်က ice cream နဲ့ apple juice ... ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ဒါတော့ လွန်သွားပြီ၊ ဒီလောက်အထိ သူ ဘာလို့ အသေးစိတ် သိရတာလဲ။ ယဉ်သရဖူ မကျေမနပ်နှင့် သူ့သူငယ်ချင်းတွေကိုပိုင်းဘက် ကြည့်မိပြန်သည်။ သူတို့အုပ်စုက ကိုယ့်စကားသံနဲ့ကိုယ် လုံးထွေးနေကြဟန်ရှိပြီး ဘာမသက်ာစရာ မှလဲ မရှိ။

"ဒါလည်း ဟုတ်တယ်၊ ဒီတော့ နင် ဘာပြောချင်တာလဲ၊ မြန်မြန်ပြော"

"ငါ ပြောချင်တာကတော့ သူတို့ရဲ့ အင်္ဂါရပ်ပဲ"

"အောင်မယ် ... နင်ကများ ကြီးကြီးကျယ်ကျယ်နဲ့"

ဒီကောင့်မှာ အကြံအစည်တစ်ခုခု ရှိနေမည်မှာ သေချာသည်။ ဘာလဲလို့ အခုအချိန်အထိ သူမ မရိပ်စားနိုင်သေး။

"နက်ပြာရောင်စပို့ရှပ် ဝတ်ထားတဲ့ကောင်ရဲ့ မျက်လုံးက ဆင်ကြံ့ကြံ့နေတဲ့ မျက်လုံးမျိုး၊ နှုတ်ခမ်းကလည်း ယောကျ်ား တစ်ယောက်ရဲ့နှုတ်ခမ်းနဲ့ မတူဘဲ မိန်းမနှုတ်ခမ်းနဲ့မို့ အတင်းလည်း တော်တော်ပြောတတ်မယ့်ပုံ"

"ဘာ ... အောင်မယ်၊ နင်ကများ တစ်ပြန်ကြီး ငါ့အစ်ကို ကိုများ စော်စော်ကားကားနဲ့"





"မီးလေး ... ဘယ်သူလဲ"

သရဖူက ကိုပိုင့်ကို လက်ကာပြကာ ရောင်ဝါနေကို ဆက်ကြိမ်းမောင်းနေသည်။

"နင့်လောက် အတင်းချတတ်တဲ့ သူကများ၊ ဒီမှာ နင် ငါ စိတ်တိုအောင် တမင်လုပ်နေတာလား"

"ဟာ ... sorry ... sorry ၊ တကယ်တော့ ငါပြောချင် တာက ဟိုအဖြူရောင်တီရှပ် ဝတ်ထားတဲ့ကောင်ကို၊ ဒီ ကောင့်ရုပ်က ကြောင်သူတော် ကြွက်သူခိုး၊ လူရှေ့မှာ ဂေါ်ပက၊ လူနောက်ကွယ်မှာ တေက်ပြား၊ အိမ်မှာနေတော့ ကျီးကန်း၊ အပြင်ထွက်တော့ ဒေါင်းတောင်တပ်တဲ့သူ"

"ဘာ ... ဘာ ... ဟဲ့ ... သူက ငါ့အစ်ကို သူငယ်ချင်း ဟဲ့၊ ငါ့အစ်ကို သူငယ်ချင်းကလည်း ငါ့အစ်ကိုပဲ၊ နင် ဘယ်လိုကောင်မျိုးလဲ ... တောက်"

"ကျေးဇူးပဲ ... ငါနဲ့ ငါ့သူငယ်ချင်းတွေ လောင်းထားတာ၊ အခု နင်နဲ့လာတဲ့ လူနှစ်ယောက်က နင်နဲ့ ဘယ်လိုပတ် သက်နေလဲ ဆယ်ငါးမိနစ်အတွင်း ငါသိအောင် လုပ်ပြမယ် ဆိုပြီးတော့လေ၊ ဖုန်းချလိုက်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... တောက်"

"မီးလေး ... ဘာဖြစ်တာလဲ၊ ဘယ်ကောင် ဖုန်းဆက်တာလဲ"

ကိုပိုင်ရော မြတ်သောနောင်ပါ ဝိုင်းမေးကြ၍ မဟားဒရားထွက်လာတဲ့ ဒေါသလုံးကြီးကို သရဖူ မျိုချလိုက်ရသည်။ သူတို့ကို ဒီလို မှိုချိုးမှျစ်ချိုး ပြောတာသာ သိလို့ကတော့ ရန်ပွဲတွေ ဖြစ်လာနိုင်သည်လေ။

"အလကားပါ ... ကလေကချေ၊ အုတ်ကြားမြက်ပေါက်၊ မာတ်တိုင်သေးပန်း၊ ကမ်းနားသစ်ပင်၊ ပလက်ဖောင်းခေါင်းအုံးအိပ်တဲ့ အနုပ်စုတ် ဂုတ်စုတ်၊ အလေနတော ဂျပိုးတစ်ကောင်ပါ၊ ဟူး ... မောလိုက်တာ"

ယဉ်သရဖူသည် ပါးစပ်ထဲတွေ့သမျှ အစုတ်ပေ့ဆုံးသော စကားတို့နှင့် ရောင်ဝါနေကို စိတ်ပေါက်ပေါက်နှင့် ပုံဖော်ပေးလိုက်သည်။ သင်းက သူမကို ခုတုံးလုပ်ပြီး သူ့သိချင်တာကို နိုက်ယူသွားခဲ့တာလေ။

"ဟော့ပေါ့ကျွေးရမှာနော် ... ဟေ့ကောင်တွေ"





သူတို့ဝိုင်းဘေးက ဖြတ်သွားတဲ့ သူတို့အုပ်စုထဲမှ သူ့အသံကြီးတစ်ခုတည်း ဟိန်းထွက်လာသည်။ ဒါ တမင် သူမကြားအောင် ပြောသွားတာ။ ဘေးနားမှာ ကိုပိုင်နှင့် မြတ်သောနောင်ရှိနေ၍ ပါးစပ်မလှုပ်၊ လက်မလှုပ်ရပေမင့် မထိတထိ ပြုံးပြသွားတဲ့ သူ့ကို စားတော့ဝါးတော့မလို ဒေါသမီးတောက်နေတဲ့ မျက်လုံးများဖြင့်တော့ ပြန်ကြည့်ပစ်လိုက်သည်။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၉

ဒေါ်ဒေစီထွန်းနှင့် ဒေါ်မေမီထွန်းတို့ ညှော်ခန်းထဲမှာ ခေါင်းချင်းဆိုင်ပြီး ကိစ္စတစ်ခုကို ဆွေးနွေးနေ၏။ သူတို့ဘေး တစ်ဖက်တစ်ချက်စီတွင် ထိုင်နေကြသော သားတွေကတော့ သူတို့ပြောဆိုနေသော အကြောင်းအရာကို စိတ်မဝင်စားလေဟန် နားကြပ်တပ်ပြီး သီချင်းနားထောင်သူက နားထောင်၊ ဖုန်းကလိ သူက ကလိ၊ ဂျာနယ်ဖတ်နေတဲ့သူကဖတ်နှင့် ကိုယ်နှစ်သက်ရာ ကိုယ်လုပ်နေကြ၏။

"ဟဲ့ ... အောင်မယ်လေး၊ ဒီမှာ အရေးကြီးတဲ့ကိစ္စ ဆွေးနွေးနေတာကို နင်တို့နဲ့ မဆိုင်တဲ့အတိုင်းပဲ နေနေလိုက်ကြတာ၊ ငါ ပြောမပြောချင်ဘူး"





ဒေါ်ဒေစီထွန်း ဖြဲအော်လိုက်မှ သားတော်မောင်တွေက မေ့မြောနေရာမှ သတိပြန်လည်လာတဲ့ လူတွေလို ပြူးပြူးပျာပျာနှင့် ခေါင်းထောင်လာကြသည်။

"ရှေ့လ နှစ်ဆယ့်ငါးရက်နေ့က နင်တို့အဘိုး ခုနစ်ဆယ့်ငါးနှစ်ပြည့် မွေးနေ့ပဲ၊ ဂေသီဆီက ငါကြားထားတာတော့ မီးလေးကို အဲဒီနေ့မှာ ကောင်လေးတစ်ယောက်နဲ့ စေ့စပ်ပေးမယ်တဲ့"

"ဒီတော့ ဘာဖြစ်လဲ မေမေ"

"ဒီတော့ သူ့စကား နားထောင်လို့ဆိုပြီး မီးလေးကို အမွေပေးမှာပေါ့"

"ကောင်းတာပေါ့ မေမေရဲ့"

"ကောင်းတာပေါ့ အန်တီဒေစီရဲ့"

တိုက်ထားသလား အောက်မေ့ရလောက်အောင် အားလုံးဆီက တူညီသောစကားက သံပြိုင်ထွက်လာသည်။ တစ်ယောက်သောသူသာ နှုတ်ဆိတ်နေသည်။ သူက ဒေါ်မေမီထွန်း၏သားငယ် "သက်ပိုင်ထွန်း"။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ နင်တို့ကတော့ သဘောထားတွေပြည့်ဝနေလိုက်ကြတာ၊ ငါတို့ကတော့ ရင်တွေပူလှပြီ၊ ဒီပုံအတိုင်းဆို ငါတို့ ဖေဖေ့ဆီက အမွေရပ့ါမလားတောင် မသိဘူး"

ဒေါ်ဒေစီထွန်း၏သားကြီး ပိုင်ဖေထွန်းက သူ့အမေကို နှစ်သိမ့်ဟန်နှင့် ...

"ဘိုးဘိုးက မနေ့ပါဘူး မေမေရယ်၊ အစ်ကိုသစ် မင်္ဂလာဆောင်တုန်းကတောင် ရွှေတစ်ဆင်စာ လက်ဖွဲ့ခဲ့တာပဲ"

"ဟဲ့ ... အဲဒါ အဖျားနားလေးဟဲ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ရတော့ ရမှာပါ၊ အန်တီကေသီနဲ့ မီးလေးတို့က ပိုရမယ်၊ ဒါပဲလေ"

"အို ... ပိုစရာလား၊ သားသမီးချင်း အတူတူကို"

ဒေါ်ကေသီထွန်း၏ အထက်အောက် ဒေါ်မေမီထွန်းက မခံချိမခံသာ ဝင်ပြောပြန်သည်။ ကေသီကို သူမ လုံးဝမကျေနပ်၊ သုံးနှစ်သုံးမိုး ချစ်ခဲ့သည့် ချစ်သူကိုတောင် စွန့်ပွှတ်ပြီး ဖေဖေ့ပေးစားတဲ့သူကို ယူလိုက်ကတည်းက သူ ဘယ်ခြေလှမ်းလှမ်းလိုက်ပြီဆိုတာ သိပြီးသား။ အခု သူ့သမီးလည်း လာပြန်ပြီ။





သက်ပိုင်ထွန်းက ထိုနေရာမှ သုတ်ခနဲ ထ,ထွက်သွားသည်။

"ဟဲ့ ... ပိုင်ပိုင်၊ ဘယ်သွားမလို့လဲ"

"ကျွန်တော်တို့လည်း သွားတော့မယ်၊ မေမေတို့ပဲ ဆက်ဆွေးနွေးကြပါ"

ဒေါ်မေမီထွန်း၏သားကြီး သက်မြတ်ထွန်း၊ ဒေါ်ဒေစီထွန်း၏သားနှစ်ယောက် ညီဇော်ထွန်းနှင့် ပိုင်ဖေထွန်းတို့လည်း အလျိုလျိုနှင့် ထွက်သွားကြသည်။

"တွေ့လား ... ဘာမှကို အားမကိုးရဘူး၊ ဘာသောက်သုံးမှ မကျဘူး"

"ဒေါ်သမကြီးပါနဲ့ မဒေစီရယ်၊ သူတို့လည်း မေမီတို့စကားနားထောင်ပြီး သူတို့အဘိုး ခေါ်နိုင်းသမျှ သွား,သွားလုပ်ပေးကြတာပဲ၊ အတူနေတဲ့ မီးလေးနဲ့တော့ ယှဉ်လို့ရမလား၊ ဖေဖေပေးမှ ရမယ့်ကိစ္စ၊ နောက်တစ်ခါဆို မေမီတို့ကို 'သားတို့ စားပြသွားတိုက်ပေးရမလား'လို့ ပြောကုန်ကြတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက် သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။ သူမတို့၏ အတင်းသာသာ ဆွေးနွေးပွဲသည်လည်း ဒီမျှနှင့်ပင် အောင်မြင်စွာ အဆုံးသတ်သွားတော့သည်။





## ၁၀

အခုတလော "အရိုင်းသရဖူ"ဆီသို့ သူ့အစ်ကို သူငယ်ချင်းဆိုသည့်လူက နေ့တိုင်းလိုလိုလာ၍ စာအုပ်ပေးလိုပေး၊ အင်္ဂလိပ်စာချိန်နှင့် ကွန်ပျူတာချိန် ကြားတစ်နာရီလောက်လာသည့် ဗုဒ္ဓဟူး၊ ကြာသပတေး နှစ်ရက်မှာဆို အရိုင်းသရဖူနား မှာ တောက်တဲ့လိုကပ်ပြီး ဘယ်သွားသွား လိုက်နေတာ တွေ့တော့ သူ မျက်စိရှုပ်လာသည်။

"ငါ လုံးဝ ဆက်ကြည့်နိုင်စွမ်း မရှိတော့ဘူး"

"ဒီကောင်ကြီး ပေါက်ကွဲလာပြီကွ"

"ဒါပေါ့ ... ဒီကောင့်မှာ 'ယဉ်သရဖူ'နဲ့ ပတ်သက်ပြီး ခံစားချက်ရှိတယ်ဆိုတာ ငါလည်းသိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်မျိုး မှတ်ချက်ချနေသံကို သူ လျစ်လျူရှုလိုက်ကာ သူ့ရှေ့က အတော်ရုပ်ဆိုးသော မြင်ကွင်းကို စိတ်မသက်မသာဖြင့် ကြည့်နေမိသည်။ ကြည့်စမ်းပါဦး။ "အရိုင်းသရဖူ"သောက်မည့် အအေးခွက်ဘေးပတ်လည်ကို တစ်ရှူးဖြင့် အသေအချာကို သုတ်ပေးနေတာ။ အအေးခွက်ပဲ ရေငွေ့ပျံပြီး ဖန်ခွက်မှာ ရေသီးမှာပေါ့။ ဒါ ဘာဆန်းလို့လဲ။ လက်နဲ့ထိတာပဲ ဘာဖြစ်လဲ။ ဒါရေပဲဟာ သေးမှမဟုတ်ဘဲ။

"အရိုင်းသရဖူ"အအေးငုံ့စုပ်နေတာကို လက်နှစ်ဖက် မေးထောက်ပြီး over acting နှင့် ထိုင်ငေးနေသေးသည်။ ငေးရလောက်တဲ့ရုပ်လည်း မဟုတ်ဘဲနဲ့။ ကြည့်ရင်း ကြည့်ရင်းနှင့် ထိုသကောင့်သားကို သူ မြင်ပြင်းကတ်လာသည်။

မေးစေ့ကိုပွတ်ကာ စဉ်းစားခန်းဝင်နေသော "ရောင်ဝါနေ"ကို သူ့သူငယ်ချင်းအုပ်စုကကြည့်၍ ဒီကောင်တော့ "ယဉ်သရဖူ"နှင့် ပတ်သက်ပြီး မဟုတ်မဟုတ် အကြံအစည်တစ်ခုကို စဉ်းစားနေမိမှန်း အတပ်သိလိုက်ကြသည်။ ပျင်းပျင်းရှိတာနှင့် တစ်ပွဲတစ်လမ်းတော့ မြင်ရဦးတော့မည်ဟု သဘောပိုက်ကာ မျက်နှာပိုး မသေနိုင်အောင် ဖြစ်နေကြသည်။





"မင်္ဂလာပါ ခင်ဗျာ ... ကျွန်တော်ကို ဒီမှာ ခဏထိုင်ခွင့်ပြုပါ"

"ရပါတယ်"

"မရပါဘူး"

ဆန့်ကျင်ဘက် အသံနှစ်ခု ဆုံထွက်လာသည်။ ယောင်ဝါးနေကို တွေ့လိုက်ကတည်းက ဒီကောင် ပြဿနာသယ်ဆောင်လာမှန်း သရဖူသိသည်။ ဒီကောင့်ကို ဟိုနေ့က အကြွေးတောင် မဆပ်ရသေးဘဲ ထပ်ပြီး အကြွေးတင် မခံနိုင်သေးပါ။

မြတ်သောနောင်ကတော့ "ယဉ်သရဖူ"ရှေ့တွင် သဘောထားကြီးပြီး စိတ်ထားပြည့်ဝသည်ဟူသော အမှတ်ကို အပြည့်အဝယူလိုသူ ဖြစ်ရကား လူကြီးလူကောင်းစတိုင်လ်အပြည့်ဖြင့် သူတို့ဝိုင်းဆီ လာရပ်သောကောင်ကို ထိုင်ခွင့်ပြုလိုက်သည်။

"ထိုင်ပါစေ ... မီးလေးရဲ့"

အောင်မယ် ... မီးလေး ဆိုပါလား၊ တော်တော်ကို အခြေအနေ ကောင်းနေကြပြီပဲ၊ သူ့စိတ်ထဲ "အရိုင်းသရဖူ"ရှေ့ထိုင်နေသော ထိုလူ့ကို မုန်းတီးစိတ် ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မျက်လှည့်ပညာကို ဆည်းပူးနေသူတစ်ယောက်ပါ။ ပြီးတော့လည်း ကြုံရင် ကြုံသလို လူတွေကို အံ့သြဘနန်း ဖြစ်သွားအောင်၊ ပျော်ရွှင်သွားအောင် အသုံးတော်ခံတတ်ပါတယ်"

"သြော်ဟော် ... ဒါဆို မင်းက ကမ္ဘာလှည့်မျက်လှည့်ပညာရှင် Dynamo လိုပေါ့၊ ဟုတ်လား"

"အဟုတ်ပဲ၊ ကျွန်တော်က သူ့ပြကွက်တွေကို အရမ်း crazy ဖြစ်သူ တစ်ယောက်ပေါ့"

"ဒါဆို မင်းက ရေပေါ်လမ်းလျှောက်ပြမှာပေါ့၊ ကောင်းလိုက်တာ၊ ဒီနဲ့ အင်းလျားကန်နဲ့ကလည်း နီးနီးလေး၊ လာ ... သွားကြရအောင်"

သရဖူက ညစ်ကျယ်ကျယ်လေး ပြုံးလိုက်သည်။

မှတ်ပြီလား၊ ဒါ ကိုယ့်အတတ်နဲ့ ကိုယ်စူးတာလို့ ခေါ်တယ်။

"ရောင်ဝါနေ"က မျက်နှာပျက်မသွားဘဲ ပေါ့ပေါ့ပါးပါး ရယ်လိုက်ကာ ...





"အဲဒီလောက်အထိတော့ ကျွန်တော် ဘယ်စွမ်းဦးမလဲ အစ်ကိုရာ၊ ဒါပေမဲ့ Dynamo ရဲ့ ထူးခြားတဲ့ပြကွက်ဖြစ်တဲ့ အတွဲတစ်တွဲထဲက တစ်ယောက်ကို တစ်ခုခု နာကျင်အောင်လုပ်လိုက်ရင် တခြားတစ်ယောက်မှာ သွားနာကျင်ရတာမျိုး၊ ဒါမျိုးတော့ လုပ်တတ်တယ်"

"သေချာလို့လားကွ"

"သေချာတာပေါ့ အစ်ကိုရဲ့၊ ပြောနေတာ ကြာပါတယ်၊ စ,လိုက်ကြရအောင်"

ပြောလည်းပြော သူ့ဘောင်းဘီအိတ်ထဲမှ မီးခြစ်ကို ဆွဲထုတ်ကာ ...

"အစ်ကို လက်ဖြန့်ထားလိုက်"ဟု ဆိုပြီး မြတ်သောနောင်၏ ဖြန့်ထားသော လက်ဝါးအောက် မီးခြစ်,ခြစ်လိုက်၏။

"အာ ... အမယ်လေး ပူလိုက်တာ၊ ပူလိုက်တာ၊ ဟေ့ကောင် မင်း ဒါဘာလုပ်တာလဲ"

မြတ်သောနောင် အသံပြဲနှင့် ထ,အော်တာမို့ သူ မီးခြစ်အဖုံးကို ပြန်ပိတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... ဟာ ... ဆောရီးပဲ အစ်ကိုရာ၊ ကျွန်တော်မေးဖို့ အခု ကျန်သွားလို့၊ အစ်ကိုနဲ့သူ သိတာ ဘယ်လောက် ကြာပြီလဲ၊ ဒါက ပွိုင့်ပဲ၊ ကျွန်တော် တော်တော်ဉာဏ်မ ကောင်းတဲ့ကောင်”

ရောင်ဝါနေက သူ့ခေါင်းကိုသူ အမူအရာပိုပိုနှင့် ထုနေ၏။

“နှစ်လလောက် ရှိသွားပြီနော်၊ ဟုတ်တယ်မှလား မီးလေး”

“ဟာ ... ဒါကြောင့်ကိုး၊ နှစ်လလောက်နဲ့တော့ ဘာမှ အစွမ်းပြမှာ မဟုတ်ဘူး၊ နှစ်ကိုယ့်တစ်စိတ်လို ဖြစ်နေမှ ဒီပြကွက် ပြလို့ရတာ”

သရဖူ့မျက်စောင်းက ရောင်ဝါနေ့ဆီ ဒေါက်ခနဲ ရောက်သွားသည်။ ဒါ ဒီကောင် ကိုနောင့်ကို သက်သက်ပညာ လာပြတာ။

“ကဲ ... ကဲ၊ တောင်းပန်တဲ့အနေနဲ့ ကျွန်တော် အခု အစ်ကို့စိတ်ထဲမှာ တွေးနေတာတွေကို ဖတ်ပြမယ်ဗျာ၊ တစ်ခုပဲ မှန်ရဲ့သားနဲ့တော့ မမှန်ဘူးလို့တော့ တမင်ညစ် ပြီး မငြင်းပါနဲ့”





“အေး ... ဒီတစ်ခါတော့ မင်ကို ငါယုံလိုက်မယ်၊ ပြော စမ်း ... အခု ငါ ဘာတွေတွေးနေလဲ”

ရောင်ဝါနေက Dynamo စတိုင်လ်မျိုးနှင့် မြတ် သောနောင် မျက်ဝန်းထဲ တည့်တည့်စိုက်ကြည့်ပစ်ကာ ...

“အအေးခွက်ကို တစ်ရှူးနဲ့ သုတ်ပေးတာ အပိုအလုပ်တွေ၊ မျက်နှာကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်တတ် တာလည်း ယောကျ်ားတွေ သုံးနေကျ လက်နက်တစ်ခု၊ အမှန်တော့ ‘ယဉ်သရဖူ’ ကို တကယ်ချစ်တာ မဟုတ်ဘူး”

“ဘာ ... ဟေ့ကောင်၊ မင်း စော်ကားလှချည်လား”

“ဟား ဟား ဟား ... ဟေ့ကောင်၊ ငါက သူ့ကိုပရိုပို့စ် တောင် လုပ်ရသေးတာ မဟုတ်ဘူး၊ သွားပါကွာ၊ ငါတို့ ဘာသာ စကားအေးအေးဆေးဆေး ပြောပါရစေ”

ယဉ်သရဖူ မျက်နှာက ရှက်စိတ်ကြောင့် ရဲရဲနီနေ သည်။ ဒီကြားထဲ ဒေါသရိပ်ပါ ထပ်ပေါင်းထားတာမို့ မျက်နှာ ဝိုင်းဝိုင်းလေးက ပန်းသီးလုံးလေးတစ်လုံးနဲ့တောင် ဆင်တူနေ၏။

ရောင်ဝါနေကတော့ မထီတထီ မျက်နှာပေးဖြင့် မှူသလို ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော် မသိဘူးလေ၊ ကျွန်တော်က မြင်တာ ပြောတာပဲ"

"ယောင်ဝါးနေ ... နင် သွားဖို့ကောင်းပြီနော်"

သူက ပခုံးတစ်ချက်တွန့်ပြီး အောင်နိုင်သူအပြုံးမျိုးဖြင့် ထ,ထွက်လာခဲ့သည်။ အရိုင်းသရဖူကို တစ်နေ့တစ်ခါလောက် စိတ်အနှောင့်အယှက် မပေးရရင် သူ စားမဝင် အိပ်မပျော် ဖြစ်နေတတ်ပါသည်။ ဘာပဲဖြစ်ဖြစ် သူမအေးနား ရောက်နေတဲ့ ပုဂ္ဂိုလ်ကိုလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ပညာပေးနိုင်ခဲ့သည် မဟုတ်လား။





၁၁

"ယှဉ်သရဖူ"၏ ကျွန်းမှန်တင်ခုံလေးသည် "ရွှေ ...ကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်"ဆိုသည့် စကားပုံလို ဟန် ...သာရှိပြီး အဆံမရှိရှာ။ မိတ်ကပ်၊ နှုတ်ခမ်းနီ ရေမွှေး၊ ပါးနီ၊ body lotion ၊ rool on ၊ day cream ၊ night cream ၊ Toner ...သည့် မှန်တင်ခုံ ဂုဏ်ရောင်ကို ထွန်းပြောင်စေသော အလှပြင် ...ရှုည်းများ ကင်းမဲ့နေပြီး သနပ်ခါးတုံးတွေသာ တန်းစီနေရာယူ ...ထားကြသည်လေ။

ဒေါ်ကေသီထွန်းက မှန်တင်ခုံကို တစ်ချက်ကြည့် ...လိုက်ပြီး ခုတင်ပေါ်တွင် စာအုပ်ဖတ်နေသော သမီးအေးနားဝင် ...ဆိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မီးလေး မဆိုးဘူး၊ အရမ်းတော်တယ်၊ မေမေ့ခြေရာကို တစ်ထပ်တည်း နင်းနိုင်တယ်"

"မေမေက ဘာကို ဆိုလိုတာလဲ"

"မေမေတို့ ခေတ်တုန်းကတော့ ဒီဘက်ခေတ်လို အလှပြင် ပစ္စည်းတွေ သိပ်မရှိသေးတော့ သနပ်ခါးလိမ်းရတာက ဘာပြဿနာမှ မရှိပါဘူး၊ မီးလေးတို့ခေတ်မှာ ဒီလောက် အလှပြင်ပစ္စည်းတွေများနေတဲ့ကြားထဲ သနပ်ခါးကိုပဲ အမြဲ လိမ်းတဲ့ မီးလေးကို မေမေ ချီးကျူးတာပါ"

"မီးလေးကိုယ်တိုင်လည်း သနပ်ခါး ကြိုက်လို့ပါ မေမေ ရယ်"

"ထပ်ချီးကျူးရမှာက အခုအချိန်အထိ ဘယ်သူနဲ့ စေ့စပ် ပေးမလဲလို့ မီးလေး မမေးခဲ့တာပဲ"

"နောက်လည်း သိရမှာပဲဟာ၊ ဘိုးဘိုးက မီးလေးကို ဗရုတ်သုတ်ခ ကလေကချေနဲ့တော့ ပေးစားမှာ မဟုတ်ဘူး၊ အကောင်းတကာ့ အကောင်းဆုံးကိုပဲ သူရှာမှာပါ၊ အမှား အယွင်း ဖြစ်ခဲ့ရင် သူပဲ တာဝန်ယူရမှာလေ"





"တယ် ရွှေဉာဏ်တော် စူးရောက်တာပါလား၊ ကဲ ... ကဲ၊ ညည်းအဘိုး ရွေးပေးထားတဲ့ သတို့သားလောင်း ပုံလေး တွေ ကြည့်လိုက်ပါဦး၊ မေမေကတော့ သဘောကျတယ်၊ ကောင်လေးက ချောချောလေး၊ ပြီးတော့ ရည်ရည်မွန်မွန် ရှိမယ့်ပုံ"

ယဉ်သရဖူက မေမေ ကမ်းပေးတဲ့ အယ်လ်ဘမ်ကို စိတ်မပါ့တပါနှင့် လှမ်းယူလိုက်ကာ လှန်လှောကြည့်ကြည့်ချင်း အကြီးအကျယ် တုန်လှုပ်လွန်းလို့ ခေါင်းဆံပင်မွေးတွေတောင် ထသွားမတတ်ပင်။ သေချာအောင် တစ်ပုံပြီးတစ်ပုံ လှန်လှော ကြည့်ပြီးချိန်မှာတော့ မျက်လုံးတွေ အဆမတန် ပြူးကျယ်သွား ပြီး နှုတ်ခမ်းတွေ ဟသွားကာ ရုတ်တရက် ကင်းကိုက်ခံရသလို တွဲနေရာက ဝုန်းခနဲ ထ,ခုန်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ မီးလေး"

"ဒီကောင် ... ဒီကောင်နဲ့ စေ့စပ်ရမှာ ဟုတ်တလား"

သူ့ကိုယ်သူ မော်ဒယ်ဘွိုင်းတစ်ယောက်စတိုင်လ် နှင့် ပို့စ်အမျိုးမျိုးပေးပြီး ရိုက်ထားတဲ့ "ယောင်ဝါးနေ" ၏ပုံတွေကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးရင်း "ယဉ်သရဖူ" သေချာအောင် ထပ်မေးလိုက်သည်။

"ဟုတ်တယ်လေ၊ အစကတည်းက ဖေဖေ့မှာ အစီအစဉ်ရှိလို့ မီးလေးကို သင်တန်းတက်ခိုင်းထားတာ၊ "ရောင်ဝါနေ" ကိုလည်း သူ့အဖေက အဲဒီသင်တန်းတက်ခိုင်းထားတာ၊ မီးလေးတို့ချင်း မျက်မှန်းတန်း ခင်မင်ရင်းနှီးစေချင်တဲ့ သဘောမျိုးနဲ့လေ"

"အို ... ဘယ်လိုခင်မင်ရင်းနှီးမှာလဲ၊ သူနဲ့ မီးလေးတစ်စက်မှကို မျက်နှာကြောမတည့်တာ၊ မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"မီးလေး ... ဒါ လုံးဝငြင်းလို့မဖြစ်တဲ့ ကိစ္စနော်၊ ဖေဖေသိရင် အရမ်းစိတ်ဆိုးလိမ့်မယ်၊ မီးလေး မေမေပြောတာနားထောင်စမ်း၊ အခုချက်ချင်းလည်း ယူခိုင်းသေးတာမှမဟုတ်ဘဲ၊ ရှပ်မပျက်စမ်းပါနဲ့"

သရဖူ စိတ်ပြန်ထိန်းလိုက်သည်။ ဟုတ်သားပဲ ဘိုးဘိုးက လူငယ်ချင်း ရင်းနှီးအောင် စေ့စပ်ပြီး ခြောက်လကြာ





လက်ထပ်ပေးမည်လို့ ပြောထားတာပဲ။ ခြောက်လတောင် အချိန်ရှိီးမှာပဲ။ ဘိုးဘိုး စိတ်ပျက်အောင်တော့ လုံးဝလုပ်လို့မဖြစ်။ ဘိုးဘိုးမျက်စိထဲမှာ သရဖူက စကားနားထောင်သည့် လိမ္မာသည့်မြေးမလေးပဲ ဖြစ်နေရမည်။

ဒါပေမဲ့ သရဖူ သူနဲ့လက်ထပ်ဖို့ကိစ္စကို ရအောင်ဖျက်မည်။ သရဖူ့လက်နဲ့တော့ မဟုတ်၊ ယောင်ဝါးနေရဲ့လက်နဲ့ပေါ့။

❁ ✤ ❁

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



※ ၁၂ ※

"ဗျာ ... ဘယ်လို ... ဘယ်လို"

ပြောစရာရှိသည်ဟုဆိုကာ သူ့ကိုထိုင်ခိုင်းပြီး မေမေနဲ့ ဖေဖေက သူ့ရဲ့ဟိုဘက်ဒီဘက်မှာ ညှပ်ထိုင်ကာ ကောင်မလေးတစ်ယောက်နှင့် စေ့စပ်ပေးမယ့်အကြောင်း ပြောလာသည်။

"ရှေ့လ (၂၅)ရက်နေ့ မင်း စေ့စပ်ရမယ်"

"ဘာဖြစ်လို့လဲ၊ ကျွန်တော် အလုပ်လေး ဘာလေးလုပ်ပြီး မိဘကို ရှာကျွေးချင်ပါသေးတယ်"

"အောင်မာ ... သူများကြားရင် မင်းကို အထင်ကြီးနေဦးမယ်၊ ဒီမှာ ဟော့ကောင် ရောင်ဝါနေ၊ အဲဒီကောင်မလေး





နဲ့ စေ့စပ်တာလည်း 'မိဘကျေးဇူးဆပ်နည်းတစ်မျိုးပဲကွ၊ မင်းအဘိုး ငယ်သူငယ်ချင်း၊ မင်းအဘိုး ဈာပနတုန်းက လာတဲ့ ဦးဒီပါထွန်း ဆိုတာလေ၊ အဲဒီလူကြီးမြေးနဲ့ စေ့စပ်ပေးမှာ"

"ဟုတ်တယ် သား၊ စိတ်ကူးမလွဲနဲ့၊ မိန်းမ မယူဘဲ သား နေမှာမဟုတ်ဘူး၊ ဒီတော့ သင့်တော်တဲ့သူ တွေ့တုန်းလေး လက်မနှေးရအောင် မေမေတို့ စီစဉ်လိုက်ရတာ၊ ဦးဒီပါထွန်း မြေးမလေးက သိပ်ကျက်သရေရှိတာ"

ဒီပုံအတိုင်းဆို သူ ဘယ်လိုမှ ငြင်းရမှာ သေချာသည်။ ဖေဖေ့ဒေါသကိုလည်း သိထားတာမို့ ဘာလုပ်ရရင် ကောင်းမလဲ သူ အကြံထုတ်နေသည်။

ကျောင်းပြီးစ, ဘွဲ့ရပူပူနွေးနွေး သားကလေးကို မိန်းမပေးစားဖို့ သူတို့မို့လို့ အနှမြောမရှိ ကြံစည်ရက်သည်။ ရှာကျွေးချင်ပါသေးတယ်လို့ အကောင်းပြောတာလည်း အကောင်း ထင်။ ပြီးတော့လည်း ဒီကိစ္စ စောစောစီးစီး ကြိုပြောထားပါလား။ ခုနလောက်ဆို ပွဲတောင်ပျက်နေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရောင်ဝါနေ၊ ဉာဏ်နီဉာဏ်နက် ဉာဏ်ရောင်စုံသုံးဖို့တော့ လုံးလုံးမကြိုးစားနဲ့၊ မင်းဘာဝ ဒီ့ထက်ပိုအဆင့်မြင့်ဖို့ ငါတို့ စီစဉ်ထားတာ၊ ဦးဒီပါထွန်းက ရှိုးရှိုးအေးအေးနေပေမယ့် အရမ်းချမ်းသာတာ၊ ရော်ဘာခြံတွေလည်းအများကြီး ပိုင်တယ်၊ ဆွေစဉ်မျိုးဆက် ချမ်းသာတဲ့ ဆွေကြီးမျိုးကြီးတွေကွ"

သူ ခေါင်းကုတ်နေသည်။ ဒါနဲ့ပဲ သူက တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးတဲ့ မိန်းမကို အချစ်၊ မေတ္တာမပါဘဲ စေ့စပ်လက်ထပ်လိုက်ရမှာလား။

"သူ့ကို မင်း ကောင်းကောင်းသိမှာပါ၊ မင်းတို့သင်တန်းကပဲလေ၊ မင်းကို ငါသင်တန်းတက်ခိုင်းရတာလဲ ငါတို့လူကြီးချင်း တိုင်ပင်ပြီး မင်းတို့နှစ်ယောက် ခင်မင်ရင်းနှီးသွားအောင် သဘာဝကျကျ စီစဉ်လိုက်တာကွ၊ သူ့နာမည်က 'ယဉ်သရဖူ'တဲ့"

"ဗျာ ... ဗျာ ... ဗျာ"





ရောင်ဝါနေ ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်ခဲ့။ အံ့သြလွန်း၍ ဘာစကားမှတောင် မဆက်နိုင်။ အကျီစားသန်လွန်းသော ကံကြမ္မာကို သူ လက်ဖျားခါမိသည်။ နင်နဲ့ ငါ့ရေစက်က မကုန်နိုင်သေးပါလား "အရိုင်းသရဖူ"။

"အင်း ... သိပါတယ်၊ တစ်ခန်းလုံးမှာ သူက ရုပ်အဆိုးဆုံးပဲလေ"

မေမေက သူ့စကားကို လက်မခံနိုင်သည့်ဟန်ဖြင့် ...

"သားရယ် ... ကလေးမလေးက ဒီလောက် ချစ်စရာကောင်းတာကို၊ ဒီမှာကြည့်စမ်း ... သူ့ဓာတ်ပုံလေးတွေ ဘယ်လောက် ယဉ်ကျေးသိမ်မွေ့လိုက်လဲ"

မေမေက လက်ထဲက ဓာတ်ပုံနှစ်ပုံကို ပြင်၏။ တစ်ပုံက သူတို့အိမ်က ဘုရားခန်းထဲမှာ ရိုက်ထားသည့်ပုံ ဖြစ်ဆင်တူသည်။ ကတ္တီပါဖုံလေးပေါ်မှာ ကျုံ့ကျုံ့လေး ထိုင်နေတဲ့ပုံ၊ ဆံထုံး,ထုံးထားပြီး စံပယ်ပန်းတွေပတ်ပြီး ပန်ထားကာ ပါးကွက်များနဲ့ ပြုံးနေတဲ့ပုံ။ ရိုက်စရာပုံစံရှားလို့။ ဒီကြားထဲ ဓာတ်ပုံက ရှားရှားပါးပါး black & white ကြီး။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခတ်ပုံမှားပေးတယ်နဲ့ တူတယ်၊ ဒါကြီးက စုဖုရားလတ်ပုံကြီး မဟုတ်လား"

သူ ရွဲ့မှန်းသိတဲ့ ဖေဖေက ဒေါတကြီးနှင့် –

"ဟော့ကောင် ... မင်း ဒါတမင်ပြောတာ မဟုတ်လား၊ မင်း ဘာလို့ မြန်မာလူမျိုးတစ်ယောက်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုနဲ့အညီ ဝတ်စားထားတာကို ပြောင်လှောင်ချင်ရတာလဲကွ ... ဟေ"

ဖေဖေ့စကားကို သူ ပြန်မချေပဘဲ မေမေ့လက်ထဲက နောက်ထပ်တစ်ပုံကို ယူကြည့်လိုက်ပြန်သည်။

ကြည့်ပါဦး ... မော်ဒယ်မင်းသမီးတွေလို ရင်ဘတ်ကို ရှေ့ကော့ပြီး တင်ပါးကို နောက်ပစ်ထိုင်နေတဲ့ သူမရဲ့ပုံကို။ ကိုယ့်မှာ တင်သားမရှိလည်း ဆံပင်လေးချပြီး ဖုံးထားပါတော့လား။ အခုတော့ ဆံပင်ကို ကျစ်ဆံမြီးနှစ်ချောင်း ခွဲချစ်ထားတာမို့ သူမရဲ့အသားမရှိတဲ့ တင်ပဆုံရိုးက ငေါထွက်နေတာ မြင်နေရသည်။ ပြီးတော့ ပြုံးနေတဲ့ သူမရုပ်ကလည်း ချစ်စရာမကောင်းဘဲ ပြိတ်တီတီနှင့်။





"ဟား ဟား ဟား"

သူ ထိုရုပ်ကိုကြည့်ရင်း ကြည့်ရင်းနဲ့ အူယားလာကာ ဟန်မဆောင်နိုင်ဘဲ ဝါးလုံးကွဲ အော်ရယ်ပစ်လိုက်သည်။

"ဟော့ကောင် ... ရောင်ဝါနေ"

ဖေဖေ့ဆီကို ထပ်စကားမဆက်ဟန် သူ လက်ကာပြရင်း ဗိုက်နှိပ်ရယ်နေသည်။ ဒီပုံကို သင်တန်းကကောင်တွေ တွေ့ရင်လည်း သူ့လိုပဲ ရယ်ကြမည်မှာ မလွဲပေ။

"ကျွန်တော် သဘောတူပါတယ်၊ သဘောတူပါတယ်"

မျက်လုံးနှစ်ဖက်အေး ရယ်လွန်းလို့ ထွက်သွားသော မျက်ရည်စ,တို့ကို သူ အသာတို့သုတ်လိုက်သည်။ အခုမှ ပွဲကပိုလှသွားတာ "အရိုင်းသရဖူ"။ နင်နဲ့ ငါ လယ်ပြင်မှာ တွေ့ကြတာပေါ့။ ငါကတော့ အိမ်ပေါ်က နှင်အချမခံနိုင်တဲ့အတွက် နင့်ဘက်က ရုပ်သိမ်းသွားအောင် နည်းမျိုးစုံနဲ့ ကြိုးစားရမှာပဲ။

❁ ✣ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ပါးမှာ သနပ်ခါးပါးကွက်ကြားနဲ့ ဖျော့တော့တော့ ပန်းနုရောင်ဖြောင် ကော်လံထောင်အင်္ကျီရင်စေ့၊ ဒူးနားချိတ်အနက် ရောင်ပါသော ပန်းဆီရောင်ထဘီ ဝတ်ထားသော "ယဥ်သရဖူ"ကို သူအတွေ့ မနေ့ကခတ်ပုံကို မြင်ယောင်မိရင်း ပြုံးစိစိ ဖြစ်သွားသည်။

သင်တန်းခန်းမထဲ လှမ်းဝင်တော့မည့် သူမ၏ခြေ လှမ်းတွေကို သူ ဟန့်တားလိုက်သည်။

"အရိုင်းသရဖူ... နင် ဟိုကိစ္စ သိပြီးသွားပြီလား"

"အရိုင်းသရဖူ"က ခြေလှမ်းကို ပြန်ရပ်ပြီး သူ့ရှေ့ မှာ လာရပ်ကာ ...





"သိပြီးပြီ၊ စိတ်ပျက်လွန်းလို့ မနေ့က ညစာတောင်မစား နိုင်ခဲ့ဘူး၊ ကြံကြံဖန်ဖန် နင်လိုကောင်မျိုးနဲ့မှ စေ့စပ်ရမယ် လို့"

"ဟုတ်လား ... နင်က ညစာပဲ မစားနိုင်တာ၊ ငါကတော့ စားချင်စိတ် တစ်စက်မှကို မရှိတော့တာ၊ နင့်ရဲ့ခတ်ပုံတွေ မြင်လိုက်ရတာကြောင့်လည်း ပါတယ်"

"ဘာ ... နင် ဒီလောက်ဖြစ်နေရင်လည်း ဘာလို့ဒုက္ခခံ မလဲ၊ ငါ့ကို ငြင်းလိုက်လေ"

"ဒါတော့ ဘယ်ဖြစ်မလဲ၊ ယောက်ျားလေးဘက်က အရင် စ,ငြင်းရင် မိန်းကလေးအတွက် သိက္ခာကျစရာ ဖြစ်သွား မှာပေါ့၊ ဒီတော့ နင်က မိန်းကလေးပဲ၊ နင်ငြင်းပေးပါလား"

သူလား ဒီလောက် သရဖူ့အပေါ်မှာ ညှာတာမှာ။ ကြည့်ရတာ သူလည်း သူ့မိဘတွေကို လွန်ဆန်နိုင်ပုံမရ။ သူက လည်း သရဖူ့လိုပင် သူ့အပြစ် လွတ်ချင်နေသည့်ပုံ။

"ငါ ရှင်းရှင်းပဲပြောမယ် ယောင်ဝါးနေ၊ မဖြစ်မနေတော့ ငါတို့ စေ့စပ်ရမှာပဲ၊ ဒါပေမဲ့ လက်ထပ်ပွဲအဆင့်အထိတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ လုံး၀အဖြစ်မခံနိုင်ဘူး။ ငါက အရင်စပြီး ငြင်းမှာလည်း မဟုတ်ဘူး"

"ဒါဆို ငါတို့ အကြံတူတာပဲပေါ့၊ ငါ့မှာလည်း အဲဒီလို စိတ်ကူးမျိုးရှိတယ်"

သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံသွားကြသည်။ နှစ်ယောက်စလုံး၏ မျက်ဝန်းထဲတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ အပြည့်အသိပ် ပါဝင်နေ၏။

"နင့်ကို ငါ ဘယ်တော့မှ အရှုံးမပေးဘူး၊ နင်ကိုယ်တိုင် ငါ့နားက ထွက်သွားစေရမယ်"

"ဟာ ဟ ... ငါ့အစွမ်းအစကို နင် မမြင်ဘူးလို့လား 'အရိုင်းသရဖူ'၊ နင်ကိုယ်တိုင် ငါ့ကို မယူနိုင်ပါဘူးလို့ အရင်စ,ငြင်းစေရမယ်"

"ကြည့်ရသေးတာပေါ့၊ ငါတို့မှာ အချိန်တွေအများကြီး ကျန်ပါသေးတယ်"

သင်တန်းစ,တော့မှာမို့ အခန်းထဲသို့ သူတို့နှစ်ယောက် ဝင်လာခဲ့ကြသည်။





"ဟေ့ကောင် ... 'ယဉ်သရဖူ'နဲ့ ဘာဖြစ်ပြန်ပြီလဲ"

"ငါပြောရင် မင်းတို့ ယုံတောင်ယုံမှာ မဟုတ်ဘူး"

"ပြောစမ်းပါဦးကွ၊ မင်းစကားက ဆန်းလှချည်လား"

သူ့ဘေး တစ်ဖက်တစ်ချက်တွင် ထိုင်နေသော ထူးတင့်နဲ့ စစ်နိုင်နဲ့ကို "အရိုင်းသရဖူ"နှင့် သူ့အကြောင်း အိတ်သွန်ဖာမှောက် ပြောပြလိုက်သည်။

"ဒါပဲကွာ၊ ငါတို့ ရှေ့လ နှစ်ဆယ့်ငါးရက်နေ့မှာ စေ့စပ်ရတော့မယ်"

"ဟင် ... မင်းတို့အဖြစ်ကြီးကလည်း၊ ဘယ်လိုကြီးလဲကွ"

"ဒီတော့ မင်း 'ယဉ်သရဖူ'နဲ့ စေ့စပ်ပြီး ခြောက်လအကြာ လက်ထပ်ရမှာပေါ့"

"ဒီလိုမိန်းမမျိုးကို ငါက ဘာကြောင့် လက်ထပ်ရမှာလဲ၊ လက်ထပ်ပွဲက ငါနဲ့ သူ့ကြား ဘယ်တော့မှ ဖြစ်မလာနိုင်ဘူးကွ၊ ငါတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်က ထွက်သွားရလိမ့်မယ်၊ အဲဒီတစ်ယောက်က ရှုံးတဲ့တစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာတွေလဲကွာ၊ မင်းတို့ဟာတွေက ရှုပ်နေတာပဲ”

သူ ဘာမှထပ်ပြီး ရှင်းပြမနေတော့ပါ။ “အရိုင်းသရဖူ”ကို နှိပ်ကွပ်ဖို့ စဉ်းစားနေသည့် သူ့အာရုံကို အပျက်မခံတော့ပါ။

အဲဒီနေ့က သင်တဲ့စာတွေကလည်း သူ့ခေါင်းထဲမရောက်ခဲ့။ သူ့ခေါင်းထဲမှာ အကြောင်းအရာတစ်ခုသာ ကြီးစိုးနေသည်။ အဲဒါက ပထမဆုံး သူ ထုတ်သုံးရမည့် တိုက်ကွက်နံပါတ်တစ်။

✿ ✣ ✿





## ၁၄

အိပ်မက်ထဲတွင် “ဖွန်”ရောက်လာသည်။ သူ့ခေါင်းက ဆံပင်တွေကို ဆွဲနုတ်၊ ကျောကုန်းကို ထုရိုက်ပြီး မိုက်ခေါက်ထိုးလိမ်ဆွဲတော့တာမို့ သူ ကြောက်အားလန့်အားဖြင့် သူမလက်[illegible]ကို အတင်းတွန်းဖယ်ပစ်လိုက်သည်။

ပြီးမှ အိပ်မက်မှန်းသိပြီး စိတ်သက်သာရာရသွားသည်။ သူ့တစ်ကိုယ်လုံးမှာတော့ ချွေးတွေစို့ရွှဲနင့်နေသည်၊ ခေါင်းရင်းက စားပွဲတင်မီးအိမ်ခလုတ်ကို သူ လက်နှင့်အသာစမ်းဖွင့်လိုက်သည်။ နာရီကြည့်တော့ ညဆယ့်နှစ်နာရီတိတိ။

အိပ်ရာခေါင်းရင်းက ဖုန်းကို လှမ်းလို့ သက်ပိုင်ထွန်း၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မြတ်သောနောင်၊ မင်းကွာ ဒီအချိန်ကြီး ဘာကိစ္စ အရေးကြီးလို့လဲ၊ ငါ အခုမှ အိပ်မယ်ကြံကာ ရှိသေးတယ်"

"ဟော့ကောင် ... ငါ မင်းကို မကူညီနိုင်တော့ဘူး၊ ဒါပဲ"

သူ ဖုန်းချပစ်လိုက်သည်။ ဒီကောင် ထပ်ဆက်မှာစိုးလို့ ဖုန်းကို ပါဝါပါပိတ်လိုက်သည်။ အိပ်မက်ဆိုတာ အနာဂတ်ရဲ့ရှေ့ပြေးနိမိတ်ပဲ။

သူ ဘာကြောင့်များ ဒီကောင် သက်ပိုင်ထွန်းတောင်းသည့် အကူအညီကို ပေးမိတာပါလိမ့်။ ပြန်စဉ်းစားကြည့်တိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိလို့မဆုံး။

အဘိုးပေးစားတဲ့သူကို မီးလေးက "မယူနိုင်ဘူး"လို့ ငြင်းရုံလောက် Heart ထိသွားအောင် လုပ်ပေးပါတဲ့။ ရည်းစားစကားပြောဖို့ မလိုအပ်ပါဘူးတဲ့။ မီးလေးက အတွေ့အကြုံမရှိတဲ့ မိန်းကလေးမို့ အပြုံးလေးတွေ၊ အကြည့်လေးတွေနဲ့ ဂရုစိုက်မှုလေးတွေမှာ သာယာသွားမှာပါတဲ့။





သူပြောတော့ ပေါ့ပေါ့လေးပဲ၊ ဒီကကောင်မှာတော့ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား သဏ္ဍာန်လုပ် သရုပ်တူတောင် လုပ်ရင်းနဲ့ ဗွန်နဲ့ပတ်သက်တဲ့သူ တစ်ယောက်ယောက်များ တွေ့သွားလေမလား စိုးရိမ်စိတ်ကြောင့် နှလုံးရောဂါတောင် ရတော့မည်ထင်သည်။

ဗွန့်အကြောင်းလည်း သူ အသိဆုံးပဲ မဟုတ်လား။ ဗွန် ဒေါသထွက်လာရင် တွေ့တဲ့နေရာ ကုတ်ခြစ်ထုရိုက်တတ်တာလေ။

"ဟုတ်တယ်။ ဒီကောင့်ကို ဘယ်လိုမှ အကူအညီမပေးနိုင်တော့ဘူး။ အဖြစ်မှန်ကို ဟိုကောင်မလေးသိသွားရင် ငါ့ကို လူလိမ်၊ လူညာ၊ လူကောက်၊ လူလှည့်စားလို့ ထင်သွားမှာ၊ ဗွန့်အပေါ်မှာ သစ္စာဖောက်ရာလည်း ကျသွားမယ်၊ မင်းသားတွေက သရုပ်ဆောင်တာ ပိုက်ဆံရတယ်၊ ငါက ဘာမရ၊ ညာမရနဲ့ ကံဆိုးရင် 'ဗွန်'နဲ့တောင် ပြတ်ရမယ့်ကိန်း၊ တော်ပြီ ... တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးပြောရင်း အိပ်ရာပေါ်ကို ပစ်လှဲလို့ မြတ်သေနောင် ဘဝင်ကျစွာဖြင့် စိတ်ချလက်ချ အိပ်ပျော်သွားသည်။

မနက်မိုးမလင်းခင် သက်ပိုင်ထွန်း တစ်ယောက် မြတ်သောနောင် အိမ်သို့ ပေါက်ချလာသည်။

ဖုန်းပိတ်ထားတော့လည်း အိမ်လိုက်ရမည်ပေါ့။ သူက အလိုရှိတဲ့လူကိုး။

"ကော်ဖီသောက်ဦးကွာ"

"မသောက်တော့ဘူး ဟေ့ကောင်၊ ငါ တစ်ညလုံး မင်းကို ဒေါသထွက်ပြီး မအိပ်နိုင်ဘူး"

"ငါကတော့ ညက တော်တော်အိပ်ကောင်းတယ်"

"မင်းကို ငါ အကူအညီတောင်းတာကွ၊ ဒါအရေးကြီးတယ် ဆိုတာ မင်းလည်း သိရဲ့နဲ့ကွာ"

"တခြားတစ်ယောက်ကို ရှာပါကွာ၊ ငါ တကယ်မရတော့ လို့ပါ၊ ငါ အကြံပေးရမယ် ဆိုရင်တော့ မင်း စိတ်လျှော့ ဖို့ ကောင်းပြီကွ၊ မီးလေးက မင်းတို့အဘိုး ပေးစားတဲ့ ဘယ်သူ့ကိုမဆို ယူမယ်လို့ ယတိပြတ် ဆုံးဖြတ်ထားပုံပဲ





သူ့မျက်လုံးတွေမှာ ငါ့ကို သံယောဇဉ်ရှိချင်တဲ့ အရိပ်တွေ ရှိပေမယ့် ခဏလောက်ပဲ၊ ပြီးတော့ ပျောက်သွားတယ်"

"မင်း တကယ် ဆက်မလုပ်နိုင်တော့ဘူးပေါ့"

"အဟုတ်ပဲ၊ ငါ ဇွန်နဲ့ ပြဿနာ အတက်မခံနိုင်ဘူး၊ ပြီးတော့ ငါ ဒီလိုလုပ်ရတာကို လိပ်ပြာမလုံဘူး"

သက်ပိုင်ထွန်း နှုတ်ခမ်းကိုကိုက်ပြီး စဉ်းစားနေသည်။ မီးလေးက တကယ်ကိုပဲ အဘိုးပေးစားတဲ့လူ ကို ယူဖို့ဆုံးဖြတ်ထား ပုံရသည်။ အဘိုးကလည်း နဂိုကတည်းကမှ မီးလေးကို အမွေ ပေးချင်နေတာနှင့် သူ့စကားနားထောင်ပြီး သူပေးစားတဲ့ ယောက်ျား ယူသည်ဆိုသည့် အကြောင်းပြချက်ဖြင့် အမွေပေးမှာ အမှန်ပင်။

သူတို့အုပ်စုကျတော့ အမွေပေးဖို့ နေနေသာသာ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ထင်မှတ်ပုံမရ။ အိမ်ထောင် ပြုရင်တော့ အစ်ကိုသစ်တုန်းက လက်ဖွဲ့သလောက်တော့ ရမှာ ပေါ့။ အဘိုး လုံးဝမတရားပါ။ တကယ်ဆို အားလုံးကို တန်းတူ အခွင့်အရေး ပေးသင့်တာပေါ့၊ အားလုံးက သူ့သွေးသားအရင်း အချာတွေချည်းပဲလေ။

www.burmeseclassic.com



မြတ်သောနောင်ရဲ့ အကူအညီကို မရရင်၊ သူ့အနောက်တစ်မျိုး စီစဉ်ရတော့မည်။ ရုတ်တရက် သူ့ခေါင်းထဲ အကြံတစ်ခု ပေါ်လာသည်။ သုန်မှုန်နေသော သူ့မျက်နှာက ပွင့်လင်းရာသီရောက်သွားသလို လင်းချင်းသွားသည်။

❁ ✣ ❁





## ၁၅

သင်တန်းပြီးဖို့ ဆယ်ရက်လောက်သာ လိုတော့သလို "အရိုင်းသရဖူ"နှင့် သူတို့၏ စေ့စပ်ပွဲကလည်း နှစ်ပတ်သာ လိုတော့သည်။ သူ့ခေါင်းထဲမှာတော့ "အရိုင်းသရဖူ"ကိုနှိပ်ကွပ်နိုင်မည့် နည်းလမ်းတွေ တစ်မျိုးစဉ်းစားလိုက်၊ မထိရောက်ဘူးဆင်ရင် ပယ်ဖျက်လိုက်နှင့် အခုအထိ သူ့ရဲ့တိုက်ကွက်နံပါတ်တစ်အတွက် စိတ်ကြိုက်မတွေ့နိုင်အောင် ဖြစ်နေသည်။ ဒီတစ်ခါက ပိုအရေးကြီးသည် မဟုတ်လား။ ဟိုးအရင်လို စိတ်အနှောင့်အယှက ပေးရုံလောက် ပုံစံမျိုးမဟုတ်တော့တာ။

"ဟော့ကောင် 'ယဉ်သရဖူ'လည်း ဒီနေ့ မတွေ့ပါလား၊ နေမကောင်းလို့ သင်တန်းမလာတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စစ်နိုင်စကားကြောင့် သူ"အရိုင်းသရဖူ"ထိုင်နေကျ ထိုင်ခုံနေရာလွတ်ဆီ မျက်စိရောက်သွားသည်။

"သိချင်ရင် ဖုန်းဆက်ပါလားကွ၊ adress book ထဲမှာ သူ့ ဖုန်းနံပါတ် ရှိတာပဲ"

"ငါ ဆက်ရမှာ မဟုတ်ဘူး၊ မင်း ဆက်ရမှာလေကွာ၊ မကြာခင် မင်းနဲ့ စေ့စပ်မယ့် ကောင်မလေးပဲ"

"ကျွတ် ... သွားစမ်းပါကွာ"

ရောင်ဝါနေသည် ဆရာ့ဆီက "That's enough for today. Bye ... Bye ... everyone !." (ဒီနေ့တော့ ဒီလောက်ပါပဲ၊ အားလုံးပဲ နှုတ်ဆက်ပါတယ်)ဆိုတဲ့ စကားအကြား ကျောပိုးအိတ်ထဲကို စာရွက်စာတမ်းတွေ ကောက်ထည့်နေသည်။

"ဟေ့ကောင် ရောင်ဝါနေ၊ အပြင်ကို ကြည့်လိုက်စမ်း၊ တော်တော်လန်းတဲ့ ကောင်မလေးနှစ်ယောက်ပါလား၊ ဘယ်သူ့လာရှာတာလဲ မသိဘူး"

သူတို့ ပြောမယ်ဆိုလည်း ပြောစရာ။ တစ်ယောက်က အဖြူရောင်ဆွဲသား ကိုယ်ကျပ်အင်္ကျီနှင့် အိတ်တွေအများကြီး





ပါသည့် စစ်ရောင်ဘောင်းဘီသရီးကွာတားကို ဝတ်ထားပြီး၊ တစ်ယောက်ကတော့ ဒူးပေါ်လက်တစ်လုံးလောက်ရှည်သော ဂျင်းစကတ်နှင့် အနက်ရောင် ကော်လာဆောင် လက်ပြတ်အင်္ကျီကို ဝတ်ထားသည်။

နှစ်ယောက်စလုံး၏ မျက်နှာလေးတွေက ပန်းနုရောင်ကြွေသားလို တောက်ပနေကြသည်။

"ငါ ဝင်ထွေးပြမယ် ... ကြည့်"

"ဟုတ်မှလဲ လုပ်စမ်းပါ ထူးတင့်ရာ"

ထူးတင့်က ရှေ့ကဖြစ်ပြီး ရောင်ဝါနေနှင့် ကျန်သူငယ်ချင်းတွေကတော့ သူ့နောက် ခပ်ခွာခွာမှာ လျှောက်လာကြသည်။ အခြေအနေမကောင်းရင် ဒီကောင့် တစ်ယောက်တည်းထားခဲ့ရအောင်လေ။

"ဒီက ဘယ်သူ့ကို လာရှာတာလဲ မသိဘူး"

"ဩော် ... ယဉ်သရဖူကို လာရှာတာပါ"

"ဒီနေ့ သူ သင်တန်းမလာဘူး၊ အရေးကြီးရင် ဖုန်းဆက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားလို့၊ သူ သေချာချိန်းထားပြီးမှ ဘာလုပ်တာလဲ မသိဘူး"

ထူးတင့်က ခွင်ဝင်ပြီဆိုသော အသိနှင့် မျက်နှာကို အငွမ်းကုန် ပြုံးထားကာ ...

"ဒီနေ့က သင်တန်းမှာ နှစ်ချိန်ရှိတာလေ၊ သူ ဒီအင်္ဂလိပ်စာအချိန်မလာရင် နောက်တစ်နာရီကျရင် တက်ရမယ့် ကွန်ပျူတာချိန်တော့ လာမှာပါ၊ ချိန်းထားကြတာမဟုတ်လား၊ သူ မလာဘဲ မနေပါဘူး"

"ဟုတ်ပါပြီ၊ သူလာတယ်ပဲထား ကျွန်မတို့က ဒီတစ်နာရီလုံးလုံးကြီး ဘယ်နားမှာ စောင့်နေရမှာလဲ"

"အောက်ထပ်မှာ Bakery ဆိုင်တစ်ဆိုင် ရှိတယ်လေ။ ကျွန်တော်တို့လည်း အဲဒီမှာပဲ အချိန်ဖြုန်းကြတာ၊ 'ယဉ်သရဖူ့'သူငယ်ချင်းတွေဆိုတော့ ကျွန်တော်တို့ သူငယ်ချင်းတွေပဲပေါ့၊ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော်တို့ကပဲ ဧည့်ခံပါရစေ"





ထူးတင့် စကားကြောင့် သူငယ်ချင်းတွေအားလုံး ပြုံးဖြီးဖြီး ဖြစ်သွားကြသည်။ "ယဉ်သရဖူ့"သူငယ်ချင်းဖြစ်တာနဲ့ ဘာဆိုင်လို့ သူတို့ရဲ့သူငယ်ချင်း ဖြစ်ရမှာလဲ။ "ယဉ်သရဖူ"နဲ့ စေ့စပ်မယ့်သူက သူတို့အားလုံး ကျနေတာပဲ။

ကောင်မလေးတစ်ယောက်က လိုက်ချင်ဟန်ရှိသော်လည်း ကောင်မလေးတစ်ယောက်ကတော့ အင်တင်တင်နှင့် ...

"မသေချာပါဘူး မေဝါရာ၊ ငါတို့ ပြန်တာပဲ ကောင်းမယ် ထင်တယ်"

"ရောက်လက်စနဲ့ ဆက်စောင့်နေလိုက်ပါဗျာ၊ ခင်ဗျားတို့ သူငယ်ချင်းက သင်တန်းဖျက်လေ့ဖျက်ထ မရှိပါဘူး။ ခင်ဗျားတို့နဲ့ ချိန်းထားတာမို့ ကွန်ပျူတာချိန် မရောက်ခင် သူလာမှာပါ၊ အလွန်ဆုံးစောင့်ရ နာရီဝက်လောက်ပေါ့ဗျာ"

ရောင်ဝါနေ့ စကားကြောင့် ကောင်မလေးနှစ်ယောက် သူတို့ကမ်းလှမ်းချက်ကို လက်ခံကာ သူတို့အုပ်စုနဲ့ ဆိုင်လိုက်ထိုင်ကြသည်။

www.burmeseclassic.com



ဝိုင်းမှာအတူထိုင်ပြီး ဆယ့်ငါးမိနစ်လောက်တွင် ထို ကောင်မလေးနှစ်ယောက်က သူတို့အုပ်စုနှင့် ငယ်ပေါင်းကြီးဖော် ပမာ ရင်းနှီးသွား၏။ ဘောင်းဘီဝတ်ထားသော ကောင်မလေး နာမည်က ကေခိုင်ဖြစ်ပြီး စကတ်ဝတ်ထားသည့် ကောင်မလေး နာမည်က မေဝါ။ ထိုကောင်မလေးနှစ်ယောက်သည် ယောကျ်ား လေးအုပ်စုထဲမှာမို့ အနေခက်ဟန်၊ ရှက်ရွံ့ဟန် တစ်စိမှမရှိဘဲ၊ ဟန်ဆောင်ခြင်းကင်းပြီး ပကတိရိုးသားဟန်ရှိသည်။

“ယဉ်သရဖူ”နဲ့ ပတ်သက်သည့် မေးခွန်းတွေမေး သင့်တဲ့အချိန် ရောက်ပြီမို့ ရောင်ဝါနေသည် အချိန်မဆွဲတော့ဘဲ နှုတ်ခမ်းပြင်လိုက်ကာ ...

“ဒါနဲ့ ‘ယဉ်သရဖူ’နဲ့ ခင်တာကြာပြီလား”

“အင်း ... တက္ကသိုလ်ပထမနှစ် စ,တက်ကတည်းက ဆိုပါတော့”

“ခင်ဗျားတို့ ဒီဖိုင်းချင်းတော့ တော်တော်လေးကွာတယ် နော်”





“သြော်ဟော် ... ဒါလား၊ သရဖူက သူ့အဘိုးကို အရမ်း ကြောက်ရတယ်လေ၊ ဒါမျိုးတွေ ဘယ်ဝတ်ရဲမလဲ၊ သူ့ အဘိုးက သူ့မြေးကို မြန်မာဆန်ဆန် ယဉ်ကျေးသိမ်မွေ့ စေချင်လွန်းလို့ ‘ယဉ်သရဖူ’လို့ မှည့်ထားတာပဲကြည့်”

“ဟုတ်ပါ့ ... ရည်းစားတောင် အဘိုးကြီးမသိအောင်ခိုး ထားရတာ၊ တကယ်ကို စွန့်စွန့်စားစားပဲ”

“ဟဲ့ ... မေဝါ၊ ဘာတွေ လျှောက်ပြောနေတာလဲ”

“ဘာလဲ ... ငါ အမှန်ပြောတာလေ၊ မဟုတ်လို့လား”

မေဝါက ကေခိုင့်ကို အရေးမစိုက်ဟန်ဖြင့် သူ့ စကားကို ထပ်ဆက်သည်။

“သူတို့ သုံးနှစ်သုံးမိုး ချစ်ခဲ့ကြတာ၊ ဒါပေမဲ့ ကိုထိုက်က ဆင်းရဲတယ်လေ”

“အဲဒီတော့ ဘာဖြစ်သွားကြလဲ”

ရောင်ဝါနေက ဟန်မဆောင်နိုင်ဘဲ အအေးသောက် နေတဲ့ မေဝါကို အားမလို အားမရသံဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်၊ သရဖူ့ကို တင့်တောင့်တင့်တယ် လက်ထပ်နိုင်အောင်လို့လေ၊ သရဖူလည်း သူ့ကို စောင့်နေရှာတယ်၊ ဒါပေမဲ့ သူ့အဘိုး သဘောတူ မတူတော့ မသေချာဘူးလေ"

"မေဝါ ... နင့်ကို ဘယ်သူက ရိုက်စစ်နေလို့ အကုန်လုံး ပြောပြနေတာလဲ၊ သရဖူ သိရင် စိတ်ဆိုးလိမ့်မယ်"

ကေခိုင့်မျက်နှာက မသာမယာ။ "အရိုင်းသရဖူ" အကြောင်းကို သူစိမ်းယောကျ်ားတွေကို ပြောပြတာ တစ်စက်မှ မကြိုက်သည့်ပုံ။

"သူ စေ့စပ်တော့မယ်ဆိုတာ ခင်ဗျားတို့ သိပြီးပြီလား"

ရောင်ဝါနေ့ စကားကြောင့် ကေခိုင်က အံ့သြဟန် တခွဲသားနှင့် ...

"ဟင့်အင်း ... သူ မပြောပါလား"

"သြော် ... ငါတို့ကို ဒီနေ့ချိန်းတာ အဲဒီအကြောင်းပြော မလို့နဲ့ တူတယ်၊ ကိုထိုက် အကြောင်းလည်း ရင်ဖွင့်ချင် ပုံပဲ"





မေဝါက တွေးတွေးဆဆလေး သူ့အထင်ကို ဝင်ပြောသည်။

ရောင်ဝါနေ ရင်ထဲညှိုးနွမ်းသွားသည်။ နင် စေ့စပ်ပွဲကို ပျက်စေချင်တာ ငါ့ကို ကြည့်မရတာ တစ်ခုတည်းကြောင့်မှ မဟုတ်ဘဲ။

သူ ရှေ့ဘာဆက်လုပ်ရ ကောင်းမလဲ တွေဝေသွားမိသည်။ သူ အလျှော့ပေးပြီး ငြင်းလိုက်ရ ကောင်းမလားလည်း စဉ်းစားမိပြန်သည်။

ကေခိုင်က သရဖူ့ဖုန်းကို လှမ်းဆက်နေသည်။

"တောက် ... ဖုန်းလိုင်းမမိဘူးဟာ၊ မေဝါ နင် ခဏနေခဲ့ဦး၊ ငါ ဟိုမိန်းမကို အပြင်ထွက် ဖုန်းဆက်လိုက်ဦးမယ်၊ မလာနိုင်ရင်လည်း မလာနိုင်ဘူး ဖုန်းကြိုဆက်ပေါ့၊ စောင့်ရတဲ့လူတွေကိုမှ အားမနာ ... ဟယ်လို ... ဟယ်လို"

ကေခိုင်က ပြောပြောဆိုဆိုနှင့် ထ,ထွက်သွားသည်။

"ဒါနဲ့ ရှင်က သရဖူ စေ့စပ်တော့မယ်ဆိုတာ ဘယ်လိုသိလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေဝ့်အမေးမှာ သူ နှုတ်ဆွံ့သွားသည်။ မေဝါကလည်း ဆက်မမေးတော့ဘဲ သက်ပြင်းလေး ချလိုက်ကာ ...

"သရဖူတော့ သနားပါတယ်၊ စေ့စပ်မယ့်ကိစ္စ အဘိုးကို ငြင်းရအောင်လည်း ကိုထိုက်က ပြန်မှမလာသေးတာ၊ ဒီမိန်းမတော့ အပူလုံးကြွနေမှာ သေချာတယ်"

ရောင်ဝါနေ့ရင်ထဲ မွန်းကျပ်လွန်းနေသည်။ အသက်ရှူမဝ,တော့သလိုတောင် ခံစားလိုက်ရတာမို့ နေရာကထပြီး အပြင်ထွက်ခဲ့သည်။ ဒီလိုဆိုတော့လည်း နင့်ကို ငါ သနားမိပြန်ရော "အရိုင်းသရဖူ"ရယ်။

အပြင်ရောက်တော့ ရယ်မောစကားပြောနေတဲ့ကောနိုင်ကို တွေ့လိုက်ပြီး အနှောင့်အယှက် မပေးချင်တာနှင့် နှုတ်မဆက်ဘဲ သူမနောက်မှ ဖြတ်လျှောက်လာသည်။ ကောနိုင်ရဲ့စကားသံသဲ့သဲ့က သူ့နားထဲ တိုးဝင်လာတာမို့ သူ ခြေစုံရပ်နေလိုက်သည်။

"သူ့မျက်နှာကြီးကို နင့်ကို ငါပြချင်လိုက်တာ သရဖူရဲ့ ပျက်မည်းနေတာပဲ၊ ဟိုမိန်းမ မေဝါ သရုပ်ဆောင်တာလည်း အပီအပြင်ပဲ၊ ငါလည်း အရမ်းတော်တာ နင်မတွေ့လို့ ဟဲ ဟဲ"





ရောင်ဝါနေ မျက်မှောင်ကြုတ်လိုက်သည်။ "သူ" ဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတာပါလဲ။

"သူ တော်တော်ထိသွားပုံပဲ၊ နင့်ကိုလည်း သနားသွားပုံရတယ်၊ သေချာတယ်၊ သူ နင့်ကို အလျှော့ပေးလိမ့်မယ်"

သေစမ်း ရောင်နေဝါ၊ မင်း ဒီနေရာမှာပဲ လဲသေလိုက်ဖို့ ကောင်းတော့တယ်။ မထင်မှတ်ထားတဲ့ အချိန်မှာ သူမ ပစ်သွင်းလိုက်တဲ့ လက်နက်ပုန်းကြောင့် သူ သေတော့မလို့။ ဘာကယ်လည်း သူမရဲ့လှပတဲ့ မာယာထောင်ချောက်ကို မရိပ်စားမိခဲ့တဲ့သူက သေသင့်ပါသည်။

ကံသီပေလို့ပေါ့။ သူ ဆိုင်ထဲမှာပဲ ဆက်ငေါင်နေခဲ့ရင် မကြာမီမှာပဲ "အရိုင်းသရဖူ"ရဲ့ လှည့်ကွက်ထဲမှာ ချာလပတ်လည်းပြီး အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမည်မှာ မြေကြီးလက်ခတ်သွဲ့။ အေး ... တွေ့ကြသေးတာပေါ့ အရိုင်းသရဖူ။ ငါ အပြင်ထွက်လာခဲ့တာ နင် ကံဆိုးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ခက်ခက်ခဲခဲ ဖာတ်ညွှန်းဆွဲပြီး စီစဉ်ထားခဲ့သည့် ကိစ္စ မရှုမလှ ရှုံးနိမ့်ခဲ့တာ တွေးရင်းနဲ့ သရဖူ မခံချိမခံသာ ဖြစ်ရသည်။

"ကိုထိုက် ပြန်လာရင် စေ့စပ်ပွဲကို ငါ့ဘက်က ဖျက်သိမ်းပေးမယ်"

လို့ ပြောတဲ့ သူ့လေသံနဲ့ မျက်နှာထားမှာ သူမကို သရော်ချင်ဟန်အပြည့်။ ရုပ်ကလည်း စပ်ဖြဲဖြဲနှင့် ။

အလကား အသုံးမကျတဲ့ မိန်းမတွေ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်နေသည်ဆို၍ အားကိုးတကြီး အကူအညီ





တောင်းကာမှ ဘယ်နေရာမှာ ချော်တောငေါ့ပြီး သူ့ရိပ်မိသွားလည်းမသိ။

"ဟယ်လို"

ဖုန်းမြည်သံကြား၍ သရဖူ ခပ်ဆတ်ဆတ်လေးထူးလိုက်သည်။

"အရိုင်းသရဖူလား၊ ငါပါ ... ရောင်ဝါနေ"

"ငါ့ကို အရိုင်းသရဖူလို့ ခေါ်နေသရွေ့ နင်လည်း 'ယောင်ဝါးနေ'ပဲ၊ ပြော ... ဘာကိစ္စလဲ"

"နင့်လေသံက မာလှချည်လား၊ မနက်ဖြန် သန်ဘက်ခါဆိုရင်ပဲ ငါတို့ စေ့စပ်ကြတော့မယ်၊ ချိုချိုသာသာလေးပြောစမ်းပါ၊ စေ့စပ်ပွဲအတွက် နင် ဘာတွေပြင်ဆင်သွားပြီးပြီလဲ သိချင်လို့ပါ၊ ဥပမာ ... အဝတ်အစား ဘာညာပေါ့"

"ဒီမယ် ... ငါ နင့်ကို စကားပြောချင်စိတ် လုံးလုံမရှိဘူးနော် ယောင်ဝါးနေ၊ ကိစ္စအထူးမရှိရင် ဖုန်းချလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ … နေပါဦး၊ နင်က ဘာအထာလဲ၊ တကယ်ဆို နင်က လူတစ်ဖက်သားရဲ့ ကြင်နာတတ်တဲ့စိတ်ကို အလွဲသုံးစားလုပ်ဖို့ ကြိုးစားခဲ့တဲ့ မရိုးသားတဲ့သူ တစ်ယောက်ပဲ၊ နင့်ရဲ့သူငယ်ချင်းနှစ်ယောက် သရုပ်ဆောင်ကောင်းမှုကြောင့် ငါ ရှုံးဖို့ တဲတဲလေးပဲ လိုတော့တာ၊ ဒေါသထွက်ချင်းထွက် ငါပဲထွက်ရမှာ"

"ဘာရယ် … ကြင်နာတတ်တဲ့စိတ်ကို အလွဲသုံးစားလုပ်တယ် ဟုတ်လား၊ နင့်တမ်ကိုယ်လုံး မဟုတ်က ဟုတ်က ဉာဏ်တွေနဲ့ မတန်မရာလေတွေချည်းပဲ၊ ပြောစမ်းပါဦး၊ နင် ဘယ်လိုသိသွားတာလဲ"

"နင့်သူငယ်ချင်းက အလုပ်လုပ်တာ ပေါ့လျော့တာကိုး၊ တကယ်ဆို သူ စိတ်လောပြီး နင့်ဆီကို ဖုန်းချက်ချင်း မဆက်သင့်ဘူး၊ ဆက်ချင်ရင်လည်း ဆိုင်နဲ့ဝေးဝေးမှာ ဆက်သင့်တာ မဟုတ်လား၊ အေးလေ … နိုင်ပြီလို့ထင်ပြီး အထင်တွေ စွတ်ကြီးသွားတာကိုး"

သရဖူ နှုတ်ခမ်းမဲ့လိုက်သည်။ သင်းက အသာရပြီဆိုတော့ ပြောအားရှိပြီပေါ့။





"ငါလည်း ငြိမ်နေမယ်လို့ နင် ထင်မထားနဲ့ 'အရိုင်းသရဖူ'၊ ငါရဲ့တိုက်ကွက်နံပါတ်တစ် လာတော့မယ်၊ ငါက နင့်လို ချုံ့ခိုမတိုက်ဘူး၊ ပေါ်တင်စစ်ကြေညာပြီးမှ တိုက်မှာ"

"ကောင်းပြီလေ … ကြည့်ရတာပေါ့"

သရဖူက သူ့အရင်ဦးအောင် ဖုန်းချပစ်လိုက်သည်။ ဘယ်သောအခါမှ ငါဟ အရင်စ,ပြီး နောက်ဆုတ်လိမ့်မယ်လို့ အိပ်မက်တောင် မမက်လေနဲ့ ယောင်ဝါးနေ။

"ဒေါက် … ဒေါက် … ဒေါက်"

အခန်းပြင် တံခါးခေါက်သံကြောင့် သရဖူ တံခါးဖွင့်ပေးတော့ ကိုပိုင်က ပြုံးပြုံးပျာပျာနှင့် ဝင်လာကာ အခန်းတံခါးကိုပိတ်ပြီး လော့ချလိုက်သည်။

"ဘာလဲ ကိုပိုင်"

ကိုပိုင့် ပုံစံက ခိုးကြောင်ခိုးဝှက် ပုံစံမျိုးလေ။

"ငါ အခု အရေးကြီးတဲ့သတင်း နင့်ကို ပေးစရာရှိလို့"

သူက ပြောလည်းပြော စာကြည့်စားပွဲက ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ စေ့စပ်မယ့် ရောင်ဝါနေ ဆိုတဲ့ ကောင်လေ"

"အင်း ... ဘာဖြစ်လဲ"

"ကံကောင်းချင်တော့ ငါ့သူငယ်ချင်း တစ်ယောက်ရဲ့ညီနဲ့ သူငယ်ချင်း ဖြစ်နေတယ်"

"ဒီတော့"

"စကားစပ်လို့ ပြောရင်းက ဒီကောင့်ရဲ့မကောင်းတဲ့အညှီအဟောက်သတင်းတွေ ငါ ကြားခဲ့ရတယ်"

"ပြောပါဦး"

"ဒီကောင်က အထက်တန်းကတည်းက ငပွေကောင်၊ တက္ကသိုလ်ရောက်တော့ သူတွဲလိုက်တဲ့ ကောင်မလေးတွေဆိုတာ ဟောတစ်ယောက်၊ ဟောတစ်ယောက်ပဲတဲ့၊ ရုပ်ကလေးဗန်းပြပြီး မိန်းကလေးတွေ လှည့်စားတတ်တဲ့သူ၊ သူ့ကြောင့် ဘဝပျက်သွားရတဲ့ မိန်းကလေးတွေတောင်ရှိတယ်ဆိုပဲ"

"ဒါပဲလား"





မီးလေး၏ ပျင်းရိပျင်းတွဲ လေသံကြောင့် သက်ပိုင်ထွန်း ကြောင်တောင်တောင် ဖြစ်သွားသည်။ မီးလေး မျက်နှာမှာ ဒေါသလည်းမရှိ၊ သောကလည်း မတွေ့၊ ခံစားချက် မြူမှုန်တစ်မှုန်စာတောင် မကပ်ငြိနေပါ။

"ပြီးတော့ club တွေသွား၊ ရန်ဖြစ်၊ ရဲစခန်းရောက်၊ သူ့အမေက ပြန်ထုတ်နဲ့ လုံးလည်ချာလပတ်ကို လိုက်နေတာပဲတဲ့။ ပြောပြတဲ့ ကောင်လေးက သူငယ်ချင်း အချင်းချင်း ပြဿနာတက်မှာစိုးလို့ သူ ဘယ်သူဆိုတာ မပြောဖို့ မှာလိုက်တယ်"

"ဝါး"

သရဖူက အိပ်ချင်ဟန် တစ်ချက်သမ်းဝေလိုက်သည်။ ယောင်ဝါးနေ ... နင့်အကြံလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်။ နင်က ငါနည်းလမ်းနဲ့ ငါ့ကို ပြန်တိုက်ဖို့ ကြိုးစားလိုက်တာပေါ့။ မျက်တောင်တစ်ချက်တောင် မခတ်ဘူးမှတ်။

"ဒါ နင့်ဘဝတစ်သက်လုံးနဲ့ ဆိုင်တယ်နော် မီးလေး၊ အဘိုးစကား နားထောင်ပြီး နင့်ဘဝကို အနစ်မွန်းမခံနဲ့၊ နင် ဒီကောင့်ကို ပြတ်ပြတ်သားသား ငြင်းလိုက်စမ်းပါ"

www.burmeseclassic.com



တကယ်တော့ သူ မျှော်လင့်ထားတာ မီးလေးရဲ့ သွေးမျက်မတတ် ချောက်ချားသွားတဲ့ မျက်နှာကို၊ ပြီးတော့ ဒေါသတကြီးနဲ့ ရောင်ဝါနေကို လက်မခံနိုင်ဘူးလို့ အဘိုးကိုသွားပြော၊ အဘိုးက ဘာကြောင့်လဲလို့မေး၊ မီးလေးက သူကြားထားတဲ့သတင်းတွေပြော၊ အဘိုးက စုံစမ်းကြည့်တော့ မဟုတ်ဘူးဆိုတာသိ၊ တမင် သူ့စကားကို နားမထောင်ချင်လို့လို့ထင်၊ ဒီမှာတင် မြေးအလိမ္မာ ဇာတ်သိမ်းသွားမည်။

"ဩော် ... ထားလိုက်ပါ ကိုပိုင်ရာ၊ ယောက်ျားလေးပဲ ဒီလောက်တော့ ရှိမှာပေါ့၊ ဒီအကြောင်း ဘိုးဘိုးကိုသွားမပြောနဲ့နော်၊ ဘိုးဘိုးက ကိုပိုင် ပြောတာကို ယုံမှာမဟုတ်ဘူး၊ သူ့ကို ယုံစေချင်ရင် သက်သေပါပြမှ ရမှာ"

သက်ပိုင်ထွန်း မီးလေးစကားကြောင့် တွန့်ခနဲ ဖြစ်သွားသည်။ သူကလည်း အဘိုးကို သွားပြောဖို့ အစီအစဉ်မရှိပါ။ ဘာလို့လဲဆိုတော့ ဒါတွေက သူ့ရဲ့ထွင်လုံးတွေလေ။ မီးလေးများ သူ့အကြံအစည် သိသွားလို့လား တွေးရင်းနဲ့ သူ ချွေးပြန်လာသည်။





"ငါ့ကို စိတ်ပူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုပိုင်၊ ဒါပေမဲ့ ဘိုးဘိုးစကားကို ငါ နားထောင်ရမယ်"

ဒီလိုနှင့် သက်ပိုင်ထွန်းတစ်ယောက် သရဖူ့အခန်းထဲက တပ်ခေါက်ပြီး ခေါင်းငိုက်စိုက်ချလျက် ပြန်ထွက်လာခဲ့ရတော့သည်။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၁၇ ❋

ဦးဒီပါထွန်း၏ ခုနစ်ဆယ့်ငါးနှစ်မြောက် မွေးနေ့ပွဲနှင့်အတူ "ယဉ်သရဖူ"နှင့် "ရောင်ဝါနေ"တို့၏ စေ့စပ်ပွဲကို အိမ်မှာပင် အကျဉ်းရုံးပြီး ဆောင်ရွက်ခဲ့သည်။ တကယ်ဆိုတော့ ဒါက မွေးနေ့ပွဲကလည်းဖြစ်၊ စေ့စပ်ပွဲလည်းဖြစ်သည်မို့ နာမည်ကြီးဟိုတယ်တစ်ခုမှာ ခမ်းနားစွာ ကျင်းပသင့်သည်မဟုတ်လား။

သူများနဲ့မတူတဲ့ လူကန့်လန့် ဦးဒီပါထွန်းကတော့ ဒီလိုလုပ်ဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့။ သူ့ရဲ့အိမ်ထဲမှာပင် အခင်မင် အရင်းနှီးဆုံးသော လူတွေလောက်သာ ဖိတ်ကြားပြီး ကိစ္စပြီးစေခဲ့သည်။





အတွန့်မတက်ရဲလို့သာ ငြိမ်နေရသော်လည်း ဦးဒီပါထွန်း သားသမီးတွေက ဒီကိစ္စကို သိပ်မကျေနပ်ချင်။ တကယ်ဆို ကိုယ်တွေက ချမ်းသာတဲ့ အသိုင်းအဝိုင်းထဲကပဲ။ လုပ်စရာရှိတာ ခန့်ခန့်ထည်ထည် လုပ်ရမှာပေါ့။ မကျေနပ်သော်လည်း အဖေ့အားနှင့် သူတို့အား မတန်၍ မာန်လျှော့ကာ မချိသွားဖြဲ နေရလေသည်။

ဆံပင်အရှည်ကြီးကို ကျောက်ကလစ် တပ်ထားကာ၊ မျက်ကပ်မှန်တပ်ထားပြီး ပြင်ပြင်ဆင်ဆင်မျက်နှာနှင့် သခွားမှည့်ရောင် ဇာဝမ်းဆက်ဝတ်ထားသော ယဉ်သရဖူသည် မိဘနှစ်ပါးအားနားတွင် ကျနွေ့ရရ ထိုင်နေရှာသည်။

တိုက်ပုံအင်္ကျီနှင့် ပိုးပုဆိုးဝတ်ထားသော ရောင်ဝါနေသည်လည်း ချောချောမွေ့မွေ့ သန့်သန့်ပြန့်ပြန့်နှင့် တကယ့်ကြည်မွှန် လူယဉ်ကျေးစတိုင်လ်လေးနဲ့ မိဘနှစ်ပါးဘေးနားမှာ။

စေ့စပ်ပွဲကို အသိအမှတ်ပြုပေးသည့် ရပ်မိရပ်ဖတွေနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့တွင် အစစအရာရာ အားလုံးချောမွေ့အဆင်ပြေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးစပ်လက်စွပ် ကိုယ်စီဝတ်ပေးကြတဲ့ "ယဉ်သရဖူ" နှင့် "ရောင်ဝါနေ"တို့က အချိုမြိန်ဆုံး အပြုံးတွေကို အပြိုင်အဆိုင် ဖလှယ်နေကြသည်။ ဒါလည်း ပညာပြိုင်ခြင်းတစ်မျိုးလေ။

ရောင်ဝါနေကတော့ သူ့တိုက်ကွက်ကို စ,ဖို့ အချိန်ကောင်းကို စောင့်ကြည့်နေ၏။ နောက်ဆုံး ဧည့်ပရိသတ်တွေ တစ်ယောက်မှ မရှိတော့သည့် အချိန်တွင် သူ့လုပ်ငန်းစဉ်ကို စ,တော့သည်။

"ခွိး ခွိး ... ပူး ပူး ... ဂစ် ဂစ်"

အသံမျိုးစုံထွက်၍ လက်တွေကို ကွေးကောက်၊ လည်ပင်းကိုလိမ်၍ မျက်နှာကို အပေါ်လှန် ရွဲ့လိုက်ပြီး သွားရည်တမြားမြားပါကျပြကာ ဝက်ရူးပြန်စတိုင်လ်အပြည့်နှင့် ရောင်ဝါနေ ထိုင်နေရာက လဲ့ပါချလိုက်သည်။ ဒီစတိုင်လ်ကို သူ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်ထားတာလေ။ နင် ဘာခံနိုင်မလဲ "အရိုင်းသရဖူ"။

"ဟယ် ... ဒါ ... ဒါ ... ဘာဖြစ်တာလဲ"

"ဝက်ရူးပြန်တာဖြစ်မယ်၊ လုပ်ကြပါဦးဟဲ့"





အားလုံးက သူ့ဖြစ်အင်ကိုကြည့်ပြီး ဝိုင်းအော်ကြတာ တစ်အိမ်လုံး ကျွက်ကျွက်ရိုက်သွားတော့သည်။ သရဖူ သိလိုက်ပြီ။ ဒီကောင် သူ့ရဲ့တိုက်ကွက်စ,ပြီ။

အားလုံး ကြောင်ကြည့်နေကြချိန်တွင် သရဖူသည် ခြေမျက်စိဖုံးလုလုရှည်သော သူမထဘီကို မ,လိုက်ကာ ကျားသစ်မတစ်ကောင်အလား လွှားခနဲ သူ့ဘေးနား ပြေးသွားပြီး ဘယ်ညာ သူ့ခြေမနှစ်ချောင်းကို လက်တစ်ဖက်စီဖြင့် အားကုန်သုံးပြီး ချိုးပစ်လိုက်သည်။ ဒီလောက်ဖြစ်လှတဲ့ကောင် ... သေစမ်း။

"အောင်မယ်လေး ... သေပါပြီဗျာ"

ရောင်ဝါနေသည် နာကျင်လွန်း၍ ဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်အရွဲသားနှင့် ဝေါက်ခနဲ ထ,ထိုင်လိုက်ရသည်။

ပြီးတော့ စိုးရိမ်ဟန်ဆောင်ထားတဲ့ "အရိုင်းသရဖူ"ကို မျက်ရည်ပြည့်လျှံနေသော မျက်လုံးများဖြင့် နာနာကြည်းကြည်းကြည့်လိုက်သည်။ တော်တော် အကြင်နာတရား ခေါင်းပါးတဲ့မိန်းမ။ အရိုးထဲက ထွက်တဲ့အားနဲ့ မညှာမတာ သူ့ခြေမတွေကို ချိုးလိုက်တာ ကျိုးတောင် ကျိုးသွားပြီလား မသိ။ ခြေမတွေကို လှုပ်လို့မရတော့သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... သား ... ရောင်ဝါနေ၊ သား ဘာဖြစ်သွားတာလဲ"

ရောင်ဝါနေ့မိခင်က အခုမှ သတိဝင်လာကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

"အားနာလိုက်တာဗျာ၊ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး"

ရောင်ဝါနေ့ဖခင် ဦးမြင့်ဌေးက မျက်စိပျက် မျက်နှာပျက်နှင့် တော်တော်လေး ရှက်နေဟန်နှင့် အားလုံးကို မျက်လုံးချင်းဆိုင်ပြီးတောင် မကြည့်ရဲရှာ။

"မောင်မြင့်ဌေး ... မင်း ဒီကိစ္စကို ဘယ်လိုမှ သဘောမထားနဲ့၊ မင်းနဲ့ငါ အေးအေးဆေးဆေးတွေ့ပြီး စကားပြောဦးမယ်၊ မင်းသားကိုသာ ဂရုတစိုက် ပြန်ခေါ်သွားပါ"

ဟု ဦးဒီပါထွန်းက ဦးမြင့်ဌေး ပခုံးကို ပုတ်လိုက်ပြီး နှစ်သိမ့်လိုက်သည်။

ရောင်ဝါနေတို့ သားအမိသားအဖသုံးယောက် ပြန်သွားကြတော့ အိမ်မှာကျန်ခဲ့သည့် မိသားစုဝင်တွေက တီးတိုးတီးတိုးနှင့် ထိုကိစ္စကို အကြီးအကျယ် ဝေဖန်နေကြသည်၊





ကျယ်ကျယ်ကလည်း မပြောရဲဘူးလေ။ ဒီကိစ္စက ဒီအိမ်ကခေါင်းသူကြီးကိုယ်တိုင် စီစဉ်ထားတာ မဟုတ်လား။

"ကေသီ ... ဘယ်လိုလဲ၊ ညည်းတို့က ဒီလိုရောဂါရှိတဲ့လူလည်း ဖေဖေသဘောတူရင် လက်ခံမှာပဲလား"

ဒေါ်ဒေစီထွန်းနောက်က ဒေါ်မေမီထွန်းကလည်း ဆရာမကြီးလေသံဖြင့် ...

"ဟုတ်တယ် ကေသီ၊ ညည်းတို့ စဉ်းစားကြဦးနော်၊ မီးလေးဘဝအတွက် လက်လွှတ်စပယ် မလုပ်ကြရင် ကောင်းမယ်"

ထိုအခိုက် ဦးဒီပါထွန်းက သူ့သမီးသုံးယောက်နား ရောက်လာကာ ...

"ဘာမှမဟုတ်ဘူး၊ ဒီကောင် တကယ်ဝက်ရူးပြန်တာမဟုတ်ဘူး၊ တက်တာလည်းမဟုတ်ဘူး၊ ဟန်ဆောင်တာ၊ ငါ့ဒီလိုလာပတ်လို့ ဘာရလိမ့်မလဲ၊ သူ ဟန်ဆောင်တာကို မီးလေးလည်း သိတယ်၊ ဒီကောင့်ခြေမတွေကို မီးလေးရှိသမျှအားကုန်သုံးပြီး ချိုးလိုက်တာလည်း ငါတွေ့တယ်၊

www.burmeseclassic.com



တန်တော့ သူတို့နှစ်ယောက်ကြားမှာ သူတို့ချင်းပဲသိတဲ့ ပြဿနာတစ်ခုခု ရှိနေပုံပဲ"

"ဟုတ်လို့လား ဖေဖေကလည်း"

ဒေါ်ဒေစီထွန်းက အတွန့်တက်လိုက်သည်။ ဒီမှာက ကေသီ့ကို နှိပ်ကွပ်လို့ကောင်းတုန်းဟာကို။

"ငါက ဟုတ်တယ်ဆို ဟုတ်လိုက်၊ ဒီအကြောင်း နောက်ထပ် ဘာမှမပြောကြနဲ့၊ သူတို့နှစ်ယောက် အခြေအနေကို ငါကိုယ်တိုင် စောင့်ကြည့်ဆုံးဖြတ်မှာ၊ ဘယ်သူမှ ဝင်ပါစရာ မလိုဘူး"

ဦးဒီပါထွန်း ထွက်သွားတော့ ဒေါ်ဒေစီထွန်းနှင့် ဒေါ်မေမီထွန်းတို့နှစ်ယောက် မျက်လုံးလေးတွေ ပေကလပ်၊ ပေကလပ်လုပ်ရင်း ကေသီ့ကို ဘယ်လိုလှည့်ပြောရ ကောင်းမလဲ စဉ်းစားနေကြ၏။

"ကြည့်ရတာ ဒီကောင်လေးက လူပျိုလေးတန်မဲ့နဲ့ ကိုယ်နဲ့ စေ့စပ်တဲ့ မိန်းကလေးရှေ့မှာ တမင်လုပ်ပြတယ်ဆိုတော့ ဒါ ညည်းသမီးကို မလိုချင်လို့ပဲ ဖြစ်မှာ"





လာပြန်ပြီ နောက်တစ်မျိုး၊ ဒေါ်ကေသီထွန်း သူ့အစ်မနှစ်ယောက်ကို တော်တော်စိတ်ကုန်နေသည်။

"သူကများ မီးလေးကို မလိုချင်ဘူးတဲ့လား၊ မီးလေးကိုရရင် အမွေအကုန်လုံးလိုလို ရမယ်ဆိုတာ သူ မသိလို့နေမှာ"

ဟု ဒေါ်မေမီထွန်းက ခွင်ဝင်တုန်း ဝင်၍ထည့်ပြန်သည်။

"ကေသီ့ကို ဘာမှလာမပြောကြနဲ့၊ မီးလေးနဲ့ ပတ်သက်ပြီး အားလုံး ဖေဖေပဲ စီစဉ်တာ၊ ပြောချင်တာရှိရင် ဖေဖေ့ပဲ သွားပြောကြ"

"ဟဲ့ ... နင်က အမေလေ၊ နင့်မပြောလို့ တို့က ဘယ်သူ့ပြောရမလဲ၊ နင့်ယောက်ျားကလည်း ဖေဖေ့ရဲ့ကြိုးဆွဲရုပ်ပဲ၊ ဘာလဲ ... နင်တို့မှာ မီးလေးနဲ့ပတ်သက်ပြီး ဘာမှပြောဆိုစွက်ဖက်ပိုင်ခွင့် မရှိဘူးပေါ့ ... ဒီလိုလား"

ဒေါ်ကေသီထွန်း နားပူ၍ ထိုင်နေရာမှ ထ,ထွက်လာသည်။ လူကို ဘယ်လောက်တောင် မကျေမနပ် ဖြစ်နေကြသည်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ပြောသမျှစကား တစ်ခုမှစေတနာမပါ။ လှည့်ပတ်ပြီးအပြစ်တင်၊ ရိ၊ ငေါ့၊ ခွပ်၊ ဖွဲ့ဖို့သာ ချောင်းနေကြသည်။ တကယ်စိတ်ပျက်စရာပင်။

"တွေ့လား ဟိုကောင်မပြေးပြီ၊ ဖေဖေ့စကား နားထောင်ပြီး ခေါင်းညိတ်နေတာများလို့ ငါတို့လိုစကားကို လည်လည်ပတ်ပတ်တောင် မပြောနိုင်ရှာတော့ဘူး"

"အြော် ... မမဒေဇီကလည်း၊ သူ ငြိမ်နေတာ လေကုန်လည်း သက်သာတယ်၊ အရေးပေးလည်း ခံရတယ်လေ"

"ဟုတ်ပါ့ ... ငါကတော့ မရရင် နေပါလေ့စေ၊ သူ့လိုတော့ သူများခံစားချက်နဲ့ အသက်မရှင်နိုင်ဘူး"

ညီအစ်မနှစ်ယောက် အတိုင်အဖောက် ညီညီနှင့် အဖေအရေးပေးသော ညီမအငယ်ဆုံးကို အတင်းတုတ်လိုက်ကြသည်။

❁ ✣ ❁





## ၁၈

အိမ်ပြန်ရောက်တာနှင့် ဖေ့ရှုက ဝုန်းဒိုင်းကြဲတော့သည်။ သူ့ကို လူရှေ့သူရှေ့ အရှက်ခွဲရကောင်းလားဆိုပြီး ထိုးမယ် ကြိတ်မယ် တကဲကဲလုပ်၍ အိမ်ပေါ်ကတောင် နှင်ချချင်သည့်ပုံ။ ဦးဒီပါထွန်းနှင့် ဖုန်းဆက်ပြီးမှ နည်းနည်းပြန်ငြိမ်သွားသည်။

မေမေကတော့ သူ့ကိုကျိတ်ပြီး ဆူသည်။ သူကလည်း တကယ့်ပွဲသိမ်းကွက်ကို အလောတကြီး သုံးလိုက်မိတာကိုး။ တကယ်ပဲ ဒီနေ့ ဇာစပ်ပွဲ လုံးဝပျက်သွားပြီလို့ သူထင်မှတ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်လေ။ အရိုင်းသရဖူက သူ လက်လျှော့အောင်ကြိုးစား၊ သူကလည်း အရိုင်းသရဖူဘက်ငြင်းအောင် လုပ်ကြ၊ ဘယ်သူကမှလည်း အရင်နောက်ဆုတ်ဖို့ စိတ်ကူးမရှိ။ ဒီအတိုင်းကြီး ဆက်သွားကြရင် နောက်ဆုံးတော့ သူတို့ ယူရမယ့်ကိန်းလေ။ ဒါမျိုးတော့ ဘယ်အဖြစ်ခံနိုင်မှာလဲ။ ဒါကြောင့် "မယူချင်ဘူး၊ မယူနိုင်ဘူး" တစ်လုံးမှ မပြောဘဲ ဇာတ်လမ်းပြတ်သွားအောင် လုပ်ခဲ့တာပေါ့။

"ဒီမှာ ရောင်ဝါနေ၊ ငါ့စိတ်အကြောင်း မင်း ကောင်းကောင်းသိတယ်နော်၊ ငါက 'ဟင်'ဆိုရင် ပြန်လှည့်ကြည့်တတ်တဲ့ ကောင်စားမျိုး မဟုတ်ဘူး၊ ဒီနေ့လို ရုပ်ဆိုးလွန်းတဲ့ အဖြစ်အပျက်မျိုး ငါထပ်မမြင်ချင်ဘူး၊ ထပ်မကြားချင်ဘူး၊ ထပ်ဖြစ်ခဲ့မယ်ဆိုရင် ငါ့အိမ်ရိပ်တောင် မင်းမနင်းစေရဘူး"

ရောင်ဝါနေက ခေါင်းညိတ်ပြလိုက်သည်။ ရုတ်တရက် ဒဏ်ကြေဆေးလိမ်းပြီး ပတ်တီးစည်းထားတဲ့ သူ ခြေမနှစ်ချောင်းဆီ အကြည့်အရောက် "အရိုင်းသရဖူ"မျက်နှာကို မြင်ယောင်ကာ တောက်ခေါက်လိုက်သည်။





"တောက်"

"ဟေ့ကောင် ... မင်း ဘယ်သူ့ခေါက်တာလဲ"

"ဗျာ ... ဖေဖေ့ကို မဟုတ်ပါဘူး"

"ငါမဟုတ်ရင် ဘယ်သူ့တောက်ခေါက်တာလဲ"

"အရိုင်းသရဖူကို"

"ဘာ ... ဘယ်သူ"

"ယဉ်သရဖူကိုပါ၊ သူလုပ်လို့ ကျွန်တော် ဒဏ်ရာရသွားတာ"

"အေး ... နည်းတောင် နည်းသေးတယ်၊ သူ့အရင် မင်းနားရောက်လာတာ မင်းကံကောင်းတယ်မှတ်၊ သူ့အဘိုးဆိုရင် မင်း အခုလောက်ဆို ဆေးရုံရောက်ပြီ၊ မင်းဟာန်ဆောင်မှန်း အားလုံးသိတယ်ကွ၊ တော်တော်အရှက်မရှိတဲ့ကောင်၊ ဦးဒီပါထွန်းက လူကြီးလူကောင်းပီသတဲ့ လူမို့လို့ပေါ့ကွာ"

"ဟုတ်တယ် သား၊ သားလုပ်ရပ်က လူကြီးတွေကို စော်ကားသလို ဖြစ်သွားတာတော့ အမှန်ပဲ၊ မေမေလည်း ကောင်မလေးမိဘတွေနဲ့ ဆွေမျိုးတွေကို အရမ်းအားနာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းငုံ့ထားသည်။ မေမေ ပြောတာတွေက [illegible] အစွန်တွေချည်းပင်။

"ကျွန်တော် သွားတောင်းပန်လိုက်ပါမယ်"

"အေး ... တောင်းပန်တဲ့အနေနဲ့ မနက်ဖြန်ကစ,ပြီး မင်း ယဉ်သရဖူတို့အိမ်ကို တစ်နေ့တစ်ခေါက်သွားပြီး ကောင်မလေးနဲ့ ရင်းနှီးဖို့ ကြိုးစားရလိမ့်မယ်"

"ဗျာ ... ဒါ မဖြစ်နိုင်ဘူးထင်တယ်"

"ဟောကောင် ..."

"ဒီမှာကြည့်ဦးလေ၊ ကျွန်တော့်ခြေထောက်တွေ နာနေသေးတယ်"

ဖေဖေက သူ့ကို မျက်ထောင့်နီနှင့် တစ်ချက်ကြည့်ကာ ...

"အေး ... ပျောက်တဲ့နေ့ကစပြီး သွားဖို့လုပ်၊ လက်ထပ်ပြီးရင်လည်း အဲဒီအိမ်မှာပဲ မင်းနေရမှာ"

"ဗျာ ... ကျွန်တော် ဖေဖေတို့နဲ့ မခွဲနိုင်ဘူး"

သူ မျက်နှာသေလေးနှင့် ဖေဖေ ဟတ်ထိလိုထိငြား ပြောကြည့်လိုက်သည်။





"ဟောကောင် ... သားအဖချင်း မူလကျိ လာလုပ်မနေနဲ့၊ ငါခိုင်းတဲ့အတိုင်း လုပ်ရင်လုပ်၊ မလုပ်ချင်ရင် အိမ်ပေါ်က နေဆင်း ... ဒါပဲ"

ဖေဖေ့ရဲ့ယတိပြတ်အမိန့်ကြောင့် သူ တစ်စုံတစ်ခုကို တွေးမိသွားကာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ငါ့ရဲ့တိုက်ကွက်နံပါတ်နှစ်ကို နင် မကြာခင် တွေ့ရတော့မယ် အရိုင်းသရဖူ။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"ဟား ဟား ဟား"

"ဟီး ဟီး ဟီး"

တဟီးဟီး တဟားဟားနှင့် ရောင်ဝါနေ၏ သူငယ်ချင်းအုပ်စု မျက်ရည်ထွက်မတတ် ရယ်နေကြသည်။ ဒီကောင်ရောင်ဝါနေ ပြောပြတဲ့ အဖြစ်အပျက်က သူတို့မျက်ဝန်းထဲ ကွက်ကွက်ကွင်းကွင်း မြင်ရသလိုမျိုးမို့ ရယ်မောမှုကို အရှိန်မသတ်နိုင်ကြ။

"မင်း တော်တော်မလွယ်တဲ့ ကောင်ပဲ ရောင်နေဝါ၊ ဒါမျိုး လုပ်ဖို့ ဘယ်သူမှ တွေးမိမှာ မဟုတ်ဘူး"





"မင်းကလည်းကွာ၊ ငါတို့ ဈေးစပ်ပွဲမှာ ရှိနေတုန်း လုပ်တာတော့ မဟုတ်ဘူး"

"ဘာလဲ ... ခြေမချိုးပေးချင်ကြလို့လား"

သူ့စကားကြောင့် သူငယ်ချင်းတွေက "ဝါး"ခနဲ ထရယ်လိုက်ပြန်သည်။

"ဟေ့ကောင်တွေ ... နည်းနည်းပါးပါး ဘေးပတ်ဝန်းကျင်လည်း အားနာပါဦးကွာ"

သူ့အပြောကို စစ်နိုင်က မထောက်ခံဟန်နှင့် ...

"ဟ ... ဒါက လမ်းဘေးအကြော်ဆိုင်ကွ မှန်လုံခန်းမဟုတ်ဘူး၊ လွတ်လွတ်လပ်လပ် ပြောဆိုရယ်မောချင်လို့ ဒီလာတဲ့ဟာ"

အင်းလျားကန်ဘေးက အကြောင်ဆိုင်လေးထဲမှာ သူငယ်ချင်းလေးယောက်သား အကြော်စားလိုက်၊ ရေနွေးသောက်လိုက်၊ ၁ကားပြောလိုက်၊ ရယ်မောလိုက် ရှိနေကြသည်။ သူမှလွဲ၍ ကျန်သုံးကောင်က သင်တန်းမှာ နောက်ထပ် Level တစ်ခု ဆက်တက်ကြ၍ သူလာလည်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းကိုမှ ဘာလို့ သူ့အဘိုးက သူနဲ့သဘောတူရတာလဲ"

"အဓိက,ကတော့ကွာ၊ ငါက သူများတွေလို ဆေးလိပ်သောက်၊ ကွမ်းစား၊ အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ်၊ မိန်းမရှုပ်တဲ့ကောင်စားမျိုး မဟုတ်ဘဲ သန့်သန့်လေးမို့ပေါ့ကွာ"

ပါးစပ်ကလည်းပြောရင်း သူတို့ တစ်ယောက်စီ လက်ညှိုးထိုးနေတဲ့ ရောင်ဝါနေကို အားလုံးက ပေစောင်းစောင်း ကြည့်နေကြသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ရောင်ဝါနေက မဟုတ်တာ ဘာတစ်ခုမှမလုပ်။ တစ်ခုပဲ ပျော်တတ်ပြီး သူတစ်ပါး မခံချင်အောင်၊ မခံသာအောင် နည်းမျိုးစုံနဲ့ စ,တတ်၊ နောက်တတ်သည်။

တဝါးဝါး တဟားဟား ရယ်နေတဲ့ အုပ်စုကို မြတ်သောနောင် မကြည်ကြည့်ဖြင့် ကြည့်လိုက်သည်။ ဘယ်လိုကောင်တွေလဲ၊ တစ်ဆိုင်လုံး သူတို့ပဲရှိတယ်လို့ ထင်မှတ်နေသလားမသိ။ ဒီမှာ စိတ်ကောက်နေတဲ့ ဖွန့်ကို ချော့မရလို့ စိတ်ညစ်ရတဲ့အထဲ သူတို့ကတစ်မျိုး။





ကောင်းမိကောင်းရက်နဲ့ ဘူးသီးကြော် စားမယ်ဆိုပြီး လာပြီးမှ တစ်နေ့က ဘာမဟုတ်တဲ့ကိစ္စကို အစ,ပြန်ဖော်ပြီး စိတ်ကောက်နေတာလေ။

"ဖွန်ရယ် ... ဒီလိုပဲ နှုတ်ခမ်းကြီးစူပြီး ထိုင်နေတော့မှာလား၊ အချိန်ဆိုတာ သိပ်တန်ဖိုးရှိတာ၊ နှုတ်ခမ်းစူပြီးတော့ အချိန်မဖြုန်းပစ်ပါနဲ့ကွာ၊ ဘူးသီးကြော်တွေလည်း အေးကုန်ပြီ၊ ဒီထက်ကြာရင် စားကောင်းတော့မှာ မဟုတ်ဘူး၊ မစားဘဲနဲ့ ထားခဲ့ရရင် နမြောစရာကြီး"

"နမြောရင် ကိုယ့်ဘာသာကိုယ် စားပစ်လေ၊ အချိန်ဖြုန်းနေတယ်ထင်ရင် ထပြန်သွားလိုက်"

"ဟာ ... ဟာ ... ဖွန်ရယ်၊ မကျေနပ်ရင် ကိုယ့်ကိုထုပါ၊ ရိုက်ပါ၊ ပေါက်ကွဲပစ်လိုက်စမ်းပါ၊ ဒီလိုလုပ်လို့ ဖွန် စိတ်ပေါ့ပါးမယ်ဆို လုပ်ချင်သလိုလုပ်"

ထုရိုက်ပစ်ချင်တာ ကြာပြီဖြစ်သော်လည်း လူတော [illegible] မနည်းမျိုးသိပ်ထားရသော ဖွန်သည် အခွင့်ရသည်မို့ သူ့ [illegible]ကုန်းကို တဘုန်းဘုန်းနဲ့ ထုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက် ဖွန်ပြောတဲ့စကား မဆုံးသေးခင် ဖုန်းချပစ်ဦး မလား"

"မချတော့ပါဘူး ခင်ဗျာ၊ မချတော့ပါဘူး၊ ကျွန်တော်မျိုး မြတ်သောနောင်က ပြောလို့ပြီးပြီထင်လို့ ဖုန်းချလိုက်တာပါ"

သူက အသောလေးနှောပြီး ဖွန် စိတ်ပြေအောင် ချော့လိုက်သည်။

"ဟော့ကောင်တွေ ... ဟိုအတွဲတော့ ထုကုန် ရိုက်ကုန်ကြပြီ"

စစ်နိုင် ညွှန်ပြတဲ့ဝိုင်းကို သူ လှည့်အကြည့်။ ထို အတွဲက လူကလည်း သူတို့ဝိုင်းဆီ လှမ်းအကြည့်။ ရောင်ဝါနေ နှင့် မြတ်သောနောင်တို့ အကြည့်ချင်း ခလုတ်တိုက်သွားကြသည်။

"ဟင်"

"ဟာ"

မြတ်သောနောင်က မမှားနိုင်သော ထိုကောင့်ရုပ်ကို အတွေ့ ဖွန့်ရှေ့မှာ ချထားသော ဖွန့်စလင်းဘက်အိတ်ကြီးကို ကောက်ပြီး သူ့မျက်နှာရှေ့ ကွယ်ထားလိုက်သည်။

"ဘာလဲ ... ရှင်က ဒါရှက်တာလား"





"ဟုတ်တယ် ... ဟိုဘက်ဝိုင်းကကောင်တွေ ကြည့်နေကြတာ ဖွန် မတွေ့ဘူးလား၊ လာပါကွာ၊ ကိုယ်တို့တစ်နေရာ သွားကြရအောင်၊ အဲဒီနေရာရောက်မှ ဖွန့်စိတ်တိုင်းကျ ကိုယ့်ကို ကြိုက်သလိုလုပ်တော့၊ ဒါတောင် မအောင့်နိုင်ဘူး ဆိုရင်တော့ ကားပေါ်မှာပဲ ..."

"ဘာစကားတွေ ပြောနေတာလဲ၊ သူများကြားရင် တစ်မျိုး ထင်ကုန်လိမ့်မယ်၊ ကဲဟယ် ... ကဲဟယ်"

ဖွန့်လက်က လျှပ်စီးလက်သလို လျင်မြန်သော အဟုန်ဖြင့် သူ့ဗိုက်ခေါက်ပေါ် ကျလာပြန်သည်။

"ဟော့ကောင် နိုင်လေး၊ မင်း မီးခြစ်ခဏပေးစမ်းကွာ"

"ဘာလုပ်မလို့လဲ ဟော့ကောင်"

သူက ပြန်မဖြေဘဲ မီးခြစ်ကိုယူပြီး ထိုအတွဲရှိရာ လျှောက်သွားသည်။

အိတ်ကို မျက်နှာပေါ်က ခွာခွာချင်း တွေ့လိုက်ရ ဘာ "Dynamo"အတုကောင်။ ဒီကောင်က မီးလေးနဲ့ သူ့ကိုတွဲ တွေ့ဖူးထားပြီး သူ့ကိုလည်း မှတ်မိဟန်ရှိတာမို့ မြတ်သောနောင် ကြီးအကျယ် မျက်စိမျက်နှာ ပျက်သွားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခဏထိုင်ခွင့်ပြုပါ"

"ခွင့်မပြုနိုင်ဘူး၊ လွတ်နေတဲ့ဝိုင်းတွေ အများကြီးပဲ၊ အဲဒီမှာ သွားထိုင်၊ ဒီမှာ ချော့မရလို့ စိတ်ညစ်ရတဲ့အထဲ"

"ရှင် သူများကို သွားမဲမနေနဲ့နော်၊ ဒီမှာ ရှင်ကရော ဘာကိစ္စနဲ့ ဒီမှာထိုင်ချင်ရတာလဲ"

ဖွန်က မိန်းမပီပီ စပ်စပ်စုစုနှင့် သန့်ပြန့်ချောမောသော ထိုကောင်လေးကို မော့ကြည့်မေးလိုက်သည်။

"ကျွန်တော်က မျက်လှည့်ပညာရှင်တစ်ယောက်ပါ၊ Dynamo လိုပေါ့၊ ခရီးသွားဟန်လွဲတွေ့တဲ့ ဘယ်သူ့မဆို မျက်လှည့်ပညာနဲ့ ပျော်ရွှင်မှု ပေးချင်လို့ပါ"

"တကယ်လား ... အဲဒါဆိုလည်း ထိုင်လေ"

"ဟာ ... အခုမှ သတိရတယ် ဖွန်၊ ဒီနေ့ စာအုပ်တိုက်တစ်တိုက်က စာအုပ်တွေ ဆိုင်လာချလိမ့်မယ်"

"အို ... ထိုင်စမ်းပါ၊ စာရေးမတွေရှိတာပဲ၊ လက်ခံထားနိုင်းလိုက်ပေါ့၊ ဒါပဲနော် ... ထ,သွားရင်တော့ တကယ် အပြတ်ပဲ"





ရောင်ဝါနေ့ လက်ထဲက မီးခြစ်ကိုအတွေ့ မြတ်သောနောင် မျက်လုံးပြူးသွားသည်။ တကယ်တော့ ဒီကောင်ကအင်ကောင်၊ ကုပ်ကဆွဲပြီး ဒီစားပွဲက ထုတ်ပစ်ဖို့ သူ့မှာ အခွင့်အရေးရှိသည်။ သို့သော် သူ ဒီလိုလုပ်ရင် ဒီကောင်ကလည်း သူ့လျှို့ဝှက်ချက်ကို ဖွန် သိအောင် ပြောပြလိမ့်မည်။

တစ်မှုမပြီးသေး ဒီထက်ကြီးတဲ့ အမှုတက်ပြီး ဖွန်နဲ့ သူ ဇာတ်လမ်း တစ်ခန်းရပ်သွားလိမ့်မည်။ မြတ်သောနောင် တစ်ယောက်ထိုင်ရမလို၊ ထရမလိုနှင့် အားကျပ်နံကျပ် ဖြစ်နေရှာသည်။

"ကျွန်တော့်ရဲ့ပထမပြကွက်အတွက် မေးခွန်းတစ်ခုတော့ မေးရလိမ့်မယ်။ ခင်ဗျားတို့နှစ်ယောက် ချစ်သူဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်ရှိပြီ"

ဖွန်က လက်သုံးချောင်း ထောင်ပြသည်။ မြတ်သောနောင်ကတော့ ဒီကောင့်အကြံကို ရိပ်စားမိကာ စားပွဲပေါ်တွင်တင်ထားသော သူလက်နှစ်ဖက်ကို ဆတ်ခနဲ ပေါင်ပေါ်ပြောင်းတင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြမှာပေါ့"

ဇွန်က ရောင်ဝါနေ့ အမေးကို မဖြေဘဲ လွင်လွင်လေး ရယ်လိုက်ကာ ...

"ကျွန်မ ရှင်ဘာအကွက် ပြတော့မယ်ဆိုတာ ရိပ်မိပြီ ကျွန်မလည်း Dynamo ရဲ့ ပြကွက်တွေ ကြည့်ဖူးပါတယ်၊ ရှင့်ကြည့်ရတာ စိတ်မဆိုးနဲ့နော်၊ အဲဒီလောက် အစွမ်းရှိ မယ့်ရုပ်မျိုး မဟုတ်ဘူး"

တော်လိုက်တဲ့ ဇွန်။ မြတ်သောနောင် မျက်နှာပြုံး ပြုံးကြီးလုပ်၍ ဘာမှမတတ်ဘဲ လာနှောင့်ယှက်ချင်တဲ့ကောင်ကို စိုက်ကြည့်ပစ်လိုက်သည်။

"တော်ကြာ ... ကျွန်မချစ်သူလက်ကလေး အပူလောင် သွားပါဦးမယ်"

"ဒါပေါ့ ... ဒါပေါ့၊ အခုမှ စတွေ့တဲ့လူရဲ့စကား ဘယ် ယုံလို့ ဖြစ်မှာလဲ၊ ဒါပေမဲ့ ကျွန်တော်ဟာ လူတစ်ယောက် ရဲ့ လွန်ခဲ့တဲ့ သုံးလလောက်က အဖြစ်အပျက်တစ်ခု လောက်ကိုပဲ ပြောပြနိုင်သေးတယ်၊ ဆန္ဒရှိတယ်ဆိုရင် လက်တွေ့စမ်းသပ်ကြည့်လို့ ရတာပဲ"





ဇွန်က ခေါင်းညိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အရှုံး မှမရှိဘဲ။

"သူ့အကြောင်း အရင်ပြောပြမယ်"

သူ့ကို ထိုကောင်က လက်ညှိုးထိုးလိုက်တာမို့ မြတ် သောနောင်က အမောတကောနှင့် ...

"ဇွန့်အကြောင်း အရင်ပြောပြခိုင်းလေ၊ ဇွန်က သူ့မှာအစွမ်း ရှိမရှိ သိချင်တာ မဟုတ်လား"

"ရှင် သူ့အကြောင်း ကျွန်မကို ပြောပြချင်တာ မဟုတ် လား၊ ဟန်ဆောင်လိမ်ညာနေစရာ မလိုပါဘူး၊ ကျွန်မက အကင်းပါးတဲ့ မိန်းမတစ်ယောက်ပါ၊ ပြောပြပါ သူ ဘာ တွေလုပ်ထားလဲ"

မြတ်သောနောင် ခေါင်းတွေ တဖျင်းဖျင်းကုတ်နေ သည်။ ဒီနေ့ ဒီကိုလာမိတာ သူ အမှားကြီးကို မှားသွားတာပဲ။

ဒီကောင်က သူ့ကို အရောက်ပို့နေတာ။ သူ့အပို့ တော့ မခံဘဲ ကိုယ့်ဘာသာကိုယ် ဝန်ခံရင် အပြစ်ပေါ့နိုင်သေး သည်ဟူသော မဖြစ်စလောက် မျှော်လင့်ချက်လေးကို ရင်ဝယ်ပိုက် ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဖွန်၊ ကိုယ် ပြောပြမယ်၊ လွန်ခဲ့တဲ့ သုံးလလောက်က ဟိုကောင် သက်ပိုင်ထွန်း အကူအညီတောင်းလို့ ကိုယ် သူ့ညီမလေးတက်တဲ့ သင်တန်းဆီ ရောက်ဖြစ်ခဲ့တယ်၊ ကိုယ် သူ့ကို စိတ်ထဲကမပါဘဲ ဆယ့်ငါးခါလောက် စိုက်ကြည့်ခဲ့တယ်၊ စာအုပ်ဆယ်အုပ် ပေးခဲ့ဖူးတယ်၊ သူနဲ့ အအေးဆိုင် ရှစ်ကြိမ် ထိုင်ဖူးတယ်၊ ဒါပါပဲ၊ ဟော့ကောင်မင်း မောနေမှာစိုးလို့ ငါ ပြောလိုက်ပြီ၊ မင်း ကျေနပ်ပြီမဟုတ်လား အမွှေကောင်"

"ဘာ ... စိတ်ထဲကမပါဘဲ ဆယ့်ငါးခါတောင် စိုက်ကြည့်တယ်၊ စာအုပ်ဆယ်အုပ်တောင် ပေးတယ်၊ အအေးဆိုင် ရှစ်ကြိမ်ကြီးများတောင် ထိုင်ခဲ့တယ် ... ဟုတ်လား"

"ဖွန်ရယ် ... သူတစ်ပါးကို ကူညီချင်တဲ့စိတ်ကြောင့် ဖြစ်ခဲ့ရတာပါ၊ သက်ပိုင်ထွန်းက သူ့အဘိုးပေးစားတဲ့လူကို သူ့ညီမ ငြင်းရုံလောက်လေး စိတ်ကစားမိအောင် လုပ်ပေးပါဆိုလို့ပါ၊ ဒါပေမဲ့ ကိုယ် လိပ်ပြာမလုံလို့ ဆက်မကူညီပါဘူး၊ သူ့ညီမကလည်း ကိုယ့်ကို စိတ်မဝင်စားပါဘူး ပြီးခဲ့တဲ့ အပတ်ကပဲ သူ စေ့စပ်သွားပြီ"





"အပိုတွေ လာပြောမနေနဲ့ မြတ်သောနောင်၊ လက်စသတ်တော့ ရှင်က ကျွန်မနောက်ကွယ်မှာ ဖောက်ပြန်နေတာပေါ့လေ၊ စိတ်မပါပေလို့ပဲ တော်တော့တယ်၊ စိတ်သာပါရင် ဘယ်လိုများ ဖြစ်မယ်တောင် မသိဘူး၊ ရှင့်ကို ဟိုကောင်မလေးက ပြန်မကြိုက်လို့ ရှင် နောက်ဆုတ်ခဲ့တာမဟုတ်လား၊ ပြောစမ်း မြတ်သောနောင်"

အခုမှ ဘာလို့ မြတ်သောနောင် ဆိုသည့်လူရဲ့ အိုက်တင်တွေက သဘာဝမကျမှန်း ရောင်ဝါနေ သဘောပေါက်သွားတော့သည်။ အပျက်ပျက်နှင့် နှာခေါင်းသွေး ထွက်ကြတော့မည့် တင်းမာနေသော သမီးရည်းစားနှစ်ယောက်ကြား သူ ဝင်ပါမှ ဖြစ်တော့မည်။

"သူ ပြောတာ အမှန်တွေချည်းပဲ မဖွန်၊ သူ့ကို အထင်မလွဲပါနဲ့"

"ဟမ် ... ရှင်က ဘာသိလို့ လာဝင်ပြောတာလဲ"

"ဟော့ကောင် ... အသူရာချောက်ထဲ တွန်းချပြီးမှ ဝါးလှေကားနဲ့ ပြန်ကယ်ဖို့ မကြိုးစားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အဲဒီ သက်ပိုင်ထွန်းရဲ့ညီမ ယဥ်သရဖူနဲ့ ပြီးခဲ့တဲ့တစ်ပတ်ကမှ စေ့စပ်လိုက်တဲ့ 'ရောင်ဝါနေ'ပါ၊ အဲဒီအပြင် ယဥ်သရဖူနဲ့ သင်တန်းအတူတူတက်ခဲ့တာမို့ ကိုမြတ်သောနောင် ကိုသက်ပိုင်ထွန်းနဲ့ လိုက်လိုက်လာတာ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ပဲ"

"သူ ယဥ်သရဖူကို တကယ်ကြိုက်တာ မဟုတ်ဘဲ ဟန်ဆောင်နေတယ်ဆိုတာ ဘေးကကြည့်တဲ့လူတောင် သတိပြုနိုင်တယ်၊ ဒါပေမဲ့ အဲဒီဂျာနယ်က ကျွန်တော်လည်း ဒီကိစ္စကြောင့်လို့ မသိခဲ့ဘူးလေ"

ဒေါ်သတကြီး မတ်တတ်ထရပ်ပြီး ရန်တွေ့နေတဲ့ ဖွန်တစ်ယောက် ပြန်ငြိမ်သွားကာ မြတ်သောနောင်ကို မျက်စောင်းတစ်ချက်ထိုးလို့ နေရာမှာ ပြန်ထိုင်ချလိုက်သည်။

"သူ့အစ်ကိုက ဘာလို့ သူ့ညီမကို ဒီလိုလုပ်တာလဲ၊ ကျွန်တော် တွေးလို့မရဘူး"

"အမြင်ကတ်ပုဒ်မပေါ့ကွာ၊ အဘိုးကြီးက ကောင်မလေးကို အရေးပေးလွန်းပြီး အဲဒီကောင်မလေးကလည်း သိပ်လိမ္မာ





ပြတာကို အမြင်ကတ်ပုဒ်မနဲ့ ပညာပေးဖို့ ကြိုးစားတာ"

"ဒါနဲ့ပဲ ရှင်နဲ့ ဘာဆိုင်လို့ ရှင်က ဝင်ကူညီရတာလဲ၊ ကူညီစရာလား၊ ကူညီစရာလား ... ဟင်၊ ရှင့်ကို ဖွန်က လွဲပြီး ဘယ်မိန်းမက ချစ်မယ်ထင်လို့လဲ၊ ဖွန်သာ ဝင်္ကြီးလို့၊ ဝင်္ကြီးလွန်းလို့ ရှင့်ကို ချစ်ခဲ့မိတာ"

ဒီနေရာမှာ သူ ဆက်ထိုင်ဖို့ မသင့်တော်တော့မှန်း သိတာမို့ မြတ်သောနောင်နှင့် မဖွန်ကို လက်ပြနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ တကယ်လို့များ "အရိုင်းသရဖူ"နဲ့ သူ့ မြတ်သောနောင်တို့လိုမျိုး ချစ်သူတွေ ဖြစ်ကြရင် ... ရောင်ဝါနေသည် မကြံကောင်း မစည်ရာ တွေးမိသော သူ့အတွေးကို တစ်ခက်တစ်ပျက်မှာတင် "ဥုဖ္ဖ"လုပ်ပြီး မန်းမှုတ်ပစ်လိုက်သည်။

❁ ✣ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ခြံရှေ့ ကားဟွန်းတီးသံကြားတော့ သရဖူ့နှုတ်ခမ်းထောင့်စွန်းနှစ်ခု မေးစေ့နားအထိရောက်အောင် မဲ့ကျသွားသည်။ ဒီကောင် လာပြီ။ လူနဲ့အတူ မဟုတ်ကဟုတ်က လုပ်ရပ်တစ်ခုလည်း ပါလာမည်သာ။

"မီးလေး ... ရောင်ဝါနေ ရောက်လာပြီ"

မေမေ့ရဲ့သတင်းပေးမှုက နောက်တောင်ကျနေပြီ။ သရဖူက သူ့ကို ညှော်ခံဖို့ သံပရာရည်တစ်ခွက် အဆင်သင့်ဖျော်ပြီးသား။ ဖြစ်ကတတ်ဆန်း ဖျော်ထားတယ်လို့တော့ မထင်ပါနှင့်။ အရသာကောင်းကောင်းကို ဖျော်ထားတာ။ သူ့ကို မနက်စာကျွေးဖို့လည်း သရဖူကိုယ်တိုင် ပြင်ဆင်ထားပြီးသား။





"မင်္ဂလာပါ ဘိုးဘိုး"

လက်အုပ်ချီပြီး ဘိုးဘိုးရှေ့ ဦးညွှတ်လိုက်တဲ့ သူ့ကို သရဖူ ရွံလွန်းလို့ အော့အန်ချင်လာသည်။

"အေး ... မင်္ဂလာပါကွာ၊ မင်းလာတာနဲ့ အတော်ပဲ၊ ငါ့ရဲ့ 'လေးကျွန်းကြာခိုင်'ပန်းအိုးတွေ နေရာထားတာ မှားနေလို့ ပြန်နေရာချဖို့ လူလိုနေတာနဲ့"

အဘိုးကြီးက သူ့ကိုစ,ပြီး ပညာပေးဖို့ ကြိုတင်စီစဉ်ထားပုံရသည်။ တကယ်ဆို သူ့လောက် မြေးယောက်ျားလေးပေါ်တာ သူပင်။ ခိုင်းချင်ရင် ဖုန်းလေးတစ်ချက် ကောက်နှိပ်ရုံသာ။

"အို ... ဘိုးဘိုးကလည်း အားနာစရာကြီး၊ လူကဖြင့်ထိုင်တောင် မထိုင်ရသေးဘူး၊ နိုင်းမယ့်ကိစ္စပြောတော့ သူစိတ်ညစ်သွားမှာပေါ့"

သံပရာရည်ဖန်ခွက်လေး သူ့ကိုကမ်းပေးတဲ့ "အရိုင်းသရဖူ"မျက်နှာက ပြုံးပြုံးလေး။ သူ့ကိုတိုက်တဲ့ သံပရာရည်ထဲမှာ အဆိပ်များ ခတ်ထားလား မသိ။ သူ့အသာ ဆက်တီခုံရှေ့ကစားပွဲပေါ်မှာ သံပရာရည်ခွက်လေး တင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောင်ဝါ … ခြေထောက် ဘယ့်နှယ်နေသေးလဲဟင်၊ သက်သာလား"

သူ့ဘေးနား ဆက်တီခုံမှာ လာဝင်ထိုင်တဲ့ "အရိုင်းသရုပ်"ရဲ့ စကားနဲ့ လုပ်ရပ်ကြောင့် သူ အကြီးအကျယ် မခံမရပ်နိုင် ဖြစ်သွားသည်။ ဒါက သူမ သူ့ရဲ့တိုက်ကွက်နံပါတ်နှစ်ကို ပုံတူကူးထားတာ။ သူ့ရဲ့တိုက်ကွက်နံပါတ်နှစ်က "အရိုင်းသရုပ်"ကို အရမ်းကြင်နာဟန်၊ နွေးထွေးဟန်ဆောင်ပြီး အတင်းကပ်ဖို့။ လူဆိုတာ သူတို့လုံးဝမနှစ်မြို့တဲ့ လူတစ်ယောက် သူတို့နားအတင်းကာရော လိုက်ကပ်ရင် ထွက်ပြေးတတ်ပါသည်။ သူကလည်း အရင်နည်းတွေနဲ့မတူ တစ်မူထူးခြားတဲ့ ဒီတိုက်ကွက်သုံးပြီး သူမ ထွက်ပြေးသွားအောင် ခြောက်လှန့်မည်ပေါ့။

အခုတော့ ဒီအကြံအစည်ကို သူမက ဦးစွာအကောင်အထည်ဖော်လာသည်။ "ရောင်ဝါ"တွေ ဘာတွေတောင် ဖမ်းခေါ်ပစ်လိုက်တာပဲကြည့်။

"သံပရာရည် သောက်လေ၊ မီးလေးကိုယ်တိုင် ဖျော်ထားတာ၊ မီးလေးဆိုတာက အိမ်နာမည်လေ"





အသံက လုပ်သံကြီးမို့ ဘယ်လိုချိုအောင်ပြောပြော သူ့နားထဲမှာတော့ မချိုပါ။

ဒီပုံအတိုင်းဆို ထွက်ပြေးရမယ့်သူက သူများဖြစ်လေမလား။

သံပရာရည်ဖန်ခွက်ကိုယူပြီး သူ စိတ်ချလက်ချ သောက်လိုက်သည်။ အားပါးပါး … ကောင်းမှကောင်း၊ သူ့တစ်သက်မှာ ဒီလောက်ကောင်းတဲ့ သံပရာရည်မျိုး တစ်ခါမှမသောက်ဘူးခဲ့၊ သူ့ဘေးနား ကပ်ထိုင်နေတဲ့ သူမဆီက ရှင်မတောင်သနပ်ခါးနံ့ သင်းသင်းလေးရှူပြီး သောက်လိုက်ရလို့လားတော့မသိ။

"မီးလေး ဖျော်တိုက်တဲ့ သံပရာရည်က သောက်ဖူးတဲ့ သံပရာရည်ထဲမှာ အကောင်းဆုံးပဲ၊ တကယ်ကောင်းတာ"

သူမကို ရွှန်းရွှန်းစားစားကြည့်ပြီးပြောတဲ့ သူ့အပြုံးကလည်း တော်တော်လေးကို နူးညံ့သိမ်မွေ့လွန်းပါသည်။ "မီးလေး" ဆိုသည့် နာမည်ကို ချက်ချင်းခေါ်ထွက်နိုင်တဲ့ သူ့ရဲ့ပညာကလည်း ဆရာအဆင့်မှာ ရှိပါသည်။

"အဟမ်း … အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးအေတစ်ယောက်လုံး ရှေ့မှာ ငုတ်တုတ်ထား၍ နှစ်ယောက်သား အပေးအယူမျှချင်ယောင် ဆောင်နေသော ထိုနှစ်ကောင်ကို သူရှိကြောင်း အသံပေးလိုက်သည်။ ကေသီဆီက သူတို့နှစ်ယောက်၏ သင်တန်းက ရန်စ,ကို သူသိပြီးပြီ။ မိဘဘိုးဘွားတွေရဲ့စကားကို မလွန်ဆန်နိုင်၍ စေ့စပ်ပွဲကို လက်ခံလိုက်ရသော်လည်း လက်ထပ်ပွဲအဆင့်အထိ မရောက်အောင် တစ်ယောက်နဲ့တစ်ယောက် ပညာတွေ ပြနေကြပုံရ၏။

နှစ်ယောက်စလုံးက ခေသူတွေ မဟုတ်ကြတာ စေ့စပ်ပွဲနေ့ကတည်းက သူ သိလိုက်သည်။ အခုလည်း ဘာအတွက်ကြောင့် အပြိုင်အဆိုင် သရုပ်ဆောင်နေပြန်ပြီလဲမသိ။ သူ့ရှေ့မှာ ဟန်ဆောင်တော့ ဘာဖြစ်မလဲ။ ခြောက်လမတိုင်ခင် ချက်ချင်းပေး စားဖို့ပဲ ရှိတော့တာပေါ့။

"ရောင်ဝါ ... ဒါက ငါးခူစင်းကောကို ရဲယိုရွက်နဲ့ချက်ထားတာ၊ ဒါက ခရမ်းချဉ်သီး ငါးပိထောင်း၊ ဒါကခဝဲသီးဟင်းချိုလေးလေ၊ တို့စရာကတော့ အစုံပဲ၊ ဒါတွေအားလုံး မီးလေး ချက်ထားတာ"





အံ့ဩစရာပင်။ "အရိုင်းသရဖူ"မှာ ဒီလိုအရည်အချင်းကောင်းတွေ ရှိနေလိမ့်မည်ဟု သူ ထင်ကို မထင်ထားမိ။ စားကောင်းကောင်းနဲ့ သူစားလိုက်တာ ထမင်းသုံးပန်းကန်တောင် ပြောင်သွားသည်။ စားခဲ့ဖူးသည့် ဟင်းအရသာတွေထဲတွင် ဒီဟင်းအရသာတွေကို သူ လျှာအတွေ့ဆုံး။

"ရောင်ဝါနေတော့ မီးလေးနဲ့ ယူပြီးရင် အခုလို ပိန်သွယ်သွယ်နဲ့ စမတ်ကျနိုင်တော့မှာ မဟုတ်ဘူး၊ တစ်နှစ်မပြည့်ခင် ဗိုက်ရွှဲကြီး ဖြစ်သွားမယ်နဲ့ တူတယ်"

"အရိုင်းသရဖူ"ရဲ့အမေ အန်တီကေသီ့ စကားကြောင့် သူ့နားတွေ ရဲရဲတွတ်သွားသည်။ "အရိုင်းသရဖူ"ကို [illegible]ကြည့်တော့ မျက်လွှာလေးချပြီး ပြုံးလို့၊ သူ့ရင်ထဲမှာ ဘာရယ်မသိသော ဝေဒနာလေးတစ်ခု ဖြစ်ထွန်းလာသည်။ နင် ဘာ လုပ်နေတာလဲ အရိုင်းသရဖူ။ နင့်ရည်ရွယ်ချက်က ဘာလဲ၊ ငါ့ကို ထွက်ပြေးစေချင်တာလား။ ဒါမှမဟုတ် ထွက်မပြေးနိုင်အောင် ချည်နှောင်ချင်တာလား။

"ညကျရင် ဖုန်းဆက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားအနားထိ လိုက်ပို့ပြီး ခပ်ညှိုညှိုပြောတဲ့ "အရိုင်းသရဖူ"အသံကို သူ နားကြားပြင်းကတ်လာကာ သူမရဲ့ လှည့်ကွက်ကို မသိချင်ယောင်ဆောင်ထားမည်ဟု တွေးထားရာမှ စိတ်အချဉ်ပေါက်လာပြီး ...

"ဒီမှာ အရိုင်းသရဖူ ... ငါ ထွက်ပြေးသွားအောင် ဒီနည်းနဲ့ ကြိုးစားလို့ကတော့ အလကားပဲ၊ နင့်အကွက်လောက်ကတော့ ရိုးလွန်းပါတယ်၊ နင်ကျွေးတဲ့ ထမင်းဟင်းတွေက စားကောင်းလို့၊ ငါ နင့်နားမှာ ကပ်နေပြီး မြန်မြန်တောင်ယူဖြစ်ဦးမလားပဲ"

"ဘာဖြစ်တယ်"

အရိုင်းသရဖူက လက်နှစ်ဖက် ခါးထောက်ရပ်ပြီး အငွေ့တထောင်းထောင်း ထ,နေသော မျက်ဝန်းများနှင့် သူ့ကို စိုက်ကြည့်နေချိန်တွင် သူကတော့ လေလေးချွန်ပြီး ကားစက်နှိုးလိုက်ကာ ...

"နောက်နေ့တွေကျရင်လည်း ဒီလိုပဲ ကောင်းကောင်းလေးချက်ထားနော်၊ နောက်တစ်ခါ နင်ချက်ကျွေးတဲ့ ထမင်း





ဟင်းတွေ ဒို့ထက်မက စားနိုင်အောင် ညကတည်းက ဝမ်းနှုတ်ထားခဲ့မယ်"

"သေနာကောင် ... နင်"

သူ မောင်းသွားတဲ့ကား ခြံပြင်ရောက်တဲ့အထိ သရဖူ နေရာကမရွေ့မိသေး။ ဒီနည်းလည်း အလုပ်ဖြစ်ဘူးပေါ့။ ကြံစမ်း ... ကြံစမ်း။ သရဖူတစ်ယောက် ဦးနှောက်တွေ အရည်ပျော်ကျသွားမတတ် စဉ်းစားနေသည်။ ဒီပါးနပ်လွန်းတဲ့ကောင်ကို ဘယ်လိုကိုင်တွယ်ရပါ့။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

မနက်စောစော အိမ်ကချက်တဲ့ မုန့်ဟင်းခါးကို "အရိုင်းသရဖူ"တို့၏ breakfast မီအောင် သွားပို့ရမည်ဆိုသော အမိန့်ကြောင့် သူ ထိုအိမ်ဘက် ထွက်ခဲ့သည်။ အိမ်ထဲကအိမ်အပြင် ခြေတစ်လှမ်းတောင် မထွက်တော့သည့် သူမကို လုပ်ကြံနှိပ်ကွပ်ဖို့ နည်းလမ်းရှာမတွေ့၍ ရင်ထဲမှာ တနုံ့နုံ့နှင့်။ သူမဘက်ကလည်း အခုတလော ငြိမ်နေသည်။ ဘာတွေ ကျိတ်ကြံနေလဲ တော့မသိ။

သူ့ရဲ့အနက်ရောင် insight ကားလေး သူမတို့ခြံ ရှေ့ရောက်တော့ ထုံးစံအတိုင်း ဟွန်းတီးလိုက်သည်။ လာဖွင့်ပေးတဲ့သူက "အရိုင်းသရဖူရဲ့"အစ်ကို "သက်ပိုင်ထွန်း"ဆိုသည့်လူ။ ရှုတည်တည်မျက်နှာနှင့် သူ့ကို ကြည့်ပုံမရ။





ပေါ်တီကိုအောက် သူ ကားရပ်ပြီး စတီးချိုင့်ဆွဲပြီး ဆင်းလာသည်။

"ဟေ့ကောင် ... ခဏနေဦး"

"ဗျာ"

"ငါ့အဘိုးက မင်းကို ဘာကြောင့် သဘောကျသွားလဲတော့ ငါ မသိဘူး၊ ငါကတော့ မင်းကို သဘောမကျဘူး။ မင်းက မရိုးသားဘူး၊ စေ့စပ်ပွဲနေ့ကတည်းက မင်းမရိုးသားဘူး ဆိုတာ ငါသိလိုက်တယ်"

"အစ်ကို ကျွန်တော့်ကို သဘောမကျဘူး ဆိုတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော်နဲ့ယှဉ်မှာ အစ်ကိုမဟုတ်တဲ့အတွက် ကျွန်တော် စိတ်မဝင်စားပါဘူး။ အဓိက,က မီးလေး သဘောကျဖို့ပဲလေ"

"ဟင်း ဟင်း ... ဟုတ်တာပေါ့၊ ဒါပေမဲ့ မင်းနေရာမှာ မျက်စိစွေ၊ နှခေါင်းပြား၊ သွားခေါပြီး ခြေထောက်ခွင်တဲ့လူ ဖြစ်နေမယ် ဆိုရင်တောင် မီးလေးက သဘောကျမှာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး သဘောတူတဲ့လူကိုယူမှ သူ အမွေရမှာမို့ အဘိုးက သူ့ကို ဘီလူးနဲ့ပေးစားမယ် ဆိုရင်တောင် သူ ယူမှာပဲ၊ မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့"

ဪ … လက်စသတ်တော့ အဘိုးစကားကို မြေဝယ်မကျ နားထောင်တာ သင်း အမွေလိုချင်လို့ပဲ။ ဒါကြောင့် အရင်စ,ပြီး မငြင်းဘူးလို့ ပြောတာပေါ့။ ပြီးတော့ "သက်ပိုင်ထွန်း" ရဲ့အကြံကိုလည်း ရိပ်စားမိလိုက်သည်။

"ဒီတော့ သူ အမွေရမှာကို အစ်ကိုက မလိုလားဘူး ဆိုပါတော့"

"ဟော့ကောင် … မင်း ဒါဘာစကား ပြောတာလဲ"

သက်ပိုင်ထွန်းက သူ့အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်လိုက်သည်။

"အစ်ကို မီးလေးအပေါ် မဟုတ်တာ ကြံစည်ခဲ့တာ ကျွန်တော် အစ,အဆုံး သိထားတယ်၊ အဘိုးရှေ့မှာ ကျွန်တော် မဖွင့်ချစေချင်ဘူးဆိုရင် အစ်ကို့လက်တွေ ဖယ်လိုက်ပါ"

သက်ပိုင်ထွန်း လက်တွေ တဖြည်းဖြည်း လျော့လာတာမို့ သူ ဆတ်ခနဲ ရုန်းလိုက်ရင်း အိမ်ထဲဝင်လာခဲ့သည်။





"အန်တီ … မေမေက မုန့်ဟင်းခါး ပို့ခိုင်းလိုက်လို့၊ အဘိုးရော"

"အိမ်ပေါ်ထပ် ဘုရားခန်းထဲမှာ ဘုရားရှိခိုးနေတယ်၊ မီးလေးနဲ့ မတွေ့ခဲ့ဘူးလား၊ ခြံထဲမှာ ပန်းတွေခူးနေတယ်လေ"

"ဪ … ကျွန်တော် ခြံထဲလိုက်သွားလိုက်ဦးမယ်"

"အေး … အေး"

သူ အိမ်ထဲကအထွက် သက်ပိုင်ထွန်းနှင့် မျက်နှာချင်းဆိုင်မိသွားသည်။ သက်ပိုင်ထွန်းမျက်နှာက တော်တော်လေးကို ဖြူရော်ပြီး ကြောက်လန့်နေတဲ့ဟန်။

"စိတ်ချပါ၊ ကျွန်တော် အဘိုးကို ပြောမပြပါဘူး၊ မီးလေးကိုရောပဲ၊ ဒါပေမဲ့ မီးလေးကို နောက်ထပ် အကောက်ကြံဖို့ ဘယ်တော့မှ မကြိုးစားပါနဲ့"

သူ ကားဝင်လာတဲ့ ကွန်ကရစ်လမ်းလေးအတိုင်း ပြန်လျှောက်လာကာ ဘယ်ဘက်ချိုးကွေ့ပြီး ဖွန်ပန်းရုံဘေး ငုတ်တုတ်ထိုင်ပြီး ပန်းခူးနေတဲ့ "အရိုင်းသရဖူ"ဘေးမှာ ရပ်လိုက်သည်။

ပြီးတော့ လက်လှမ်းမီတဲ့ ဖွန်ပန်းပွင့်လေးတွေကို ခူတ်ယူပြီး သူမကိုင်ထားတဲ့ ဆန်ခါခြင်းထဲ ထည့်ပေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ဘာလာလုပ်တာလဲ"

"မုန့်ဟင်းခါး လာပို့တာ"

သူမရဲ့ ဖြူနုတဲ့ပါးပြင်ပေါ်က ပါးကွက်ကျားလေးတွေကို အပေါ်စီးက သူ မြင်နေရသည်။ ပြီးတော့ ပန်းသွေးရောင် သူမရဲ့ပကတိနှုတ်ခမ်းသားလေးတွေကိုလည်း သတိပြုမိလိုက်သည်။ ချက်ချင်းဆိုသလို သူ ထိုမျက်နှာလေးပေါ်က အကြည့်ကို လွှဲဖယ်လိုက်သည်။

ထိုင်နေရာမှ သူမ မတ်တတ် ထရပ်လိုက်တော့ သူမရဲ့ဆံပင်လေးတွေဆီက ရနံ့သင်းသင်းလေးတစ်ခု သူ ရလိုက်သည်။ မနက်ခင်းရဲ့ လတ်ဆတ်တဲ့ လေပြည်ထဲမှာ သူမရဲ့ကိုယ်သင်းနံ့လေးနဲ့ ပန်းရနံ့လေးတွေ ပေါင်းစပ်ပျော်ဝင်နေတာမို့ ရှူရှိုက်မိတဲ့ သူ့စိတ်တွေ ကြည်ပြီး လန်းသွားသလိုပင်။

သူ အသံတိတ်နေတာမို့ သရဖူ စူးစမ်းဟန်ဖြင့်မော့အကြည့်၊ သူမကို ငုံ့မိုးကြည့်နေတဲ့ သူ့ရဲ့ရွှန်းလက်တောက်ပတဲ့ မျက်ဝန်းတစ်စုံနဲ့ ပက်ပင်းတိုးတော့သည်။ ထူထဲပြည့်တင်းသော သူ့နှုတ်ခမ်းပေါ်မှာလည်း အပြစ်ကင်းတဲ့ အပြုံးလေးတစ်ခု၊





ဘာလဲဟ၊ ဘာကြောင့် သရဖူ မျက်လွှာချမိမှန်း ကိုယ်တိုင်တောင် မသိခဲ့။ ဒါပေမဲ့ ဒိတ်ခနဲခုန်သွားတဲ့ နှလုံးခုန်သံနဲ့ တစ်ထပ်တည်းကျသွားတာတော့ အသေအချာ သိလိုက်သည်။ သူ ဘာအကြံအစည်ကြောင့် ဒီလိုကြည့်ရတာလဲ။ ဒီလိုပြုံးပြရတာလဲ။

"ဘာရပ်လုပ်နေတာလဲ၊ အိမ်ထဲ သွားကြမယ်လေ"

သူက နေရာကမရွေ့ ခြေစုံရပ်လျက်သားနှင့် "မီးလေး"ဟု လှမ်းခေါ်၏။

သူ ဒီနေ့ ဆေးစားမှားခဲ့တာလား။ ဆေးပဲမစားခဲ့တာလားတော့ မသိ။ ပုံမှန်တော့ လုံးဝမဟုတ်ပါ။

"ဘာလဲ … ပုံမှန်အတိုင်း ဆက်ဆံစမ်းပါ၊ အခု ဘာခွင်ထွင်တာလဲ၊ ပြောစမ်းပါဦး"

"ငါ စဉ်းစားနေတာ၊ နင့်ခေါင်းထဲမှာ သန်းတွေ ဘယ်လောက်များနေမလဲလို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူက သရဖူ့ပခုံးကိုတို့က်ပြီး သရဖူ့ရှေ့က ထွက်သွားသည်။ သူ့ကြောင့် ယိုင်လဲတော့မလို ဖြစ်သွားသော သရဖူ့နှလုံးသားကို သရဖူ နှစ်ပြားမတန် အပြစ်တင်လိုက်သည်။

✿ ✣ ✿





## ၂၂

သရဖူ့မေမေ အန်တီကေသီ ပြနေကျ အထူးကုဆေးခန်းတစ်ခုမှာ အန်တီကေသီ့အတွက် တစ်လစာဆေးတွေသူနဲ့ မီးလေး ဝင်ဝယ်ပြီး အပြန်လမ်းမှာ moon bakery ဆိုင်ထဲဝင်ထိုင်ခဲ့ကြသည်၊ ပြန်ထွက်ခါနီးမှ မိုးသည်းလာ၍ မီးလေးကစလင်းဘက်ထဲက ထီးကိုထုတ်၊ ဆေးထုပ်တွေ အိတ်ထဲပြန်ထည့်နှင့် အလုပ်ရှုပ်သွားသည်။ သူကလည်း ဝယ်ထားသည့် မုန့်ပါကင်ဘူးတွေ ရေမစိုအောင် ပလတ်စတစ်အိတ်ကို သေချာချည်နှောင်ပြီး စားပွဲပေါ်မှာ တင်ထားတဲ့ ကားသော့ကိုယူပြီး ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ မီးလေး"

ကားပေါ် နှစ်ယောက်သား တက်လိုက်ပြီးမှ ရောင်ဝါနေက တစ်ခုခုကို အသည်းအသန် လိုက်ရှာနေတဲ့ပုံ။

"ဘာဖြစ်တာလဲ"

"ငါ့ပိုက်ဆံအိတ်လေ၊ ဩော် ... အခုမှ သတိရတယ်၊ နင့်အိတ်ထဲ ထည့်ခဲ့တာပဲ၊ ငါ မေ့တော့မလို့"

ဖုန်းအိတ်သုံးလေ့မရှိတဲ့ သူ့ဖုန်း ရေစိုမှာစိုး၍ဆိုကာ မီးလေးက လှမ်းယူပြီး သူမ စလင်းဘက်ထဲ ထည့်ခဲ့သည်။ ခါးကြားမှာ ထိုးလေ့ရှိသော ပိုက်ဆံအိတ်ကိုလည်း Casher မှာ ငွေရှင်းပြီး သူ့ခါးကြား ပြန်မထိုးဘဲ စကားပွဲပေါ် တင်ထားခဲ့တာ။

"ငါ နင့်ဖုန်းပဲ ထည့်ခဲ့တာ"

"ဟာ ... ဒါဆို သွားပြီပေါ့၊ ပြန်ကြည့်ပါဦးဟာ"

သရဖူက အိတ်ထဲမှ မွှေနှောက်ရှာနေသည်။ သူကလည်း သရဖူ့ဆီက အဖြေကို မျှော်တလင့်လင့်နှင့် စောင့်စားနေ၏။





"ငါ့အိတ်ထဲမှာ မရှိဘူး သေချာတယ်၊ နင် ဆိုင်မှာကျန်ခဲ့တာနေမယ်၊ မြန်မြန်သွားကြည့်လေ"

သူ စိတ်ပျက်လက်ပျက်နှင့် ကားဒက်ရှ်ဘုတ်(ဒ်)ပေါ်မှာ တင်ထားတဲ့ထီးယူပြီး ဆင်းလာခဲ့သည်။ ပြန်တွေ့ရင်ကောင်းမှာပဲ တွေးမိပေမင့် ပြန်တွေ့ဖို့ မဖြစ်နိုင်ဘူးဆိုတာ သူသိနေသည်။

ထင်ထားတဲ့အတိုင်းပဲ သူတို့ထိုင်ခဲ့တဲ့ ထိုင်ခုံနေရာမှာ ဘာမှမတွေ့ရ။ ဝန်ထမ်းတွေ မေးကြည့်တော့လည်း သတိမထားမိပါ။ မတွေ့မိပါ ဆိုကြသည်။ ဆိုင်ထဲမှာလည်း လူတွေကအပြည့်မဟုတ်လား။

"ဘယ်လိုလဲ"

"မတွေ့ခဲ့ပါဘူး၊ သွားပါပြီဟာ၊ အဲဒီထဲမှာ ယဉ်မောင်းလိုင်စင်လည်းပါတယ်၊ မှတ်ပုံတင်လိုက်ဘာရီကတ်၊ ပိုက်ဆံ၊ အစုံပဲ။ ပြန်တွေ့တဲ့သူ ငါ့ကိုဆက်သွယ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

"ငါကတော့ မထင်ပါဘူး"

"ဘာ ... နင့်ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လူက စိတ်တိုရတဲ့အထဲ သင်းက လာပြီး ဒေါသကို လာဆွနေသည်။

"ဖြည်းဖြည်းမောင်းစမ်းပါ၊ နင့်မှာ ပြစရာလိုင်စင် မရှိဘူး နော်၊ သဘောပေါက်"

သရဖူပြောမှ သူ သတိဝင်သွားဟန်နှင့် မျက်နှာရှုံ့ တည်တည်ကြီးနဲ့ ဖြည်းဖြည်းမှန်မှန် ပြန်မောင်းတော့သည်။

"ပိုက်ဆံက ကိစ္စမရှိပါဘူး၊ ငါးသောင်းပဲပါတာ။ ကျန်တာတွေ ရှော့ရှိတယ်၊ ပြန်လုပ်ရမှာ အာရုံနှောက်တယ်"

သူက တစ်ကိုယ်တည်း ညည်းသလိုလို၊ သရဖူကိုပဲ ပြောသလိုလိုနှင့် တစ်လမ်းလုံး တဖျစ်တောက်တောက် လုပ်လာတာမို့ သရဖူကတော့ နားမခံနိုင်တော့။

"နင် နမော်နမဲ့နိုင်လို့ ဖြစ်ရတာပဲ။ ကိုယ်မှားရင် ကိုယ်ခံ၊ အားလူကို အနှောင့်အယှက် မပေးနဲ့၊ မေမေ့ကို ဆေးလိုက်ဝယ်ပေးရလို့လို့ ပြောဦးမလို့လား၊ နင့်ကို ဘယ်သူမှနိုင်းတာ မဟုတ်ဘူးနော်၊ နင့်ဘာနင် လိုလိုချင်ချင်နဲ့ ဝယ်ပေးပါရစေပြောလို့"





"တောက်"

သူက မျက်နှာနီမြန်းမြန်းနှင့် တက်တစ်ချက်ခေါက်သည်။

"သေချာတယ်၊ နင့်လို ကျီးလိုအာတတ်တဲ့ မိန်းမမျိုးကို မိန်းမ မတော်ဘူး"

"ငါကလည်း ခိုလိုညည်းတတ်တဲ့ နင့်လိုယောကျ်ားမျိုးကို ယောကျ်ားမတော်ဘူး"

ကားမောင်းနေရင်းက သူ သရဖူ့ကို လှည့်ကြည့်သည်။ သရဖူကလည်း သူ့ကို ခပ်တင်းတင် စိုက်ကြည့်လိုက်ရင်း ...

"ရှေ့ကြည့်မောင်း၊ အလကားနေရင်းတော့ မသာမပေါ်ချင်သေးဘူး"

တင်းမာသွားတဲ့ သူ့မျက်နှာက တစ်စုံတစ်ရာကို သေသေချာချာ ဆုံးဖြတ်ချက်ချလိုက်သည့်ပုံ။ သူ ဘာတွေတွေးနေမလဲ။ သရဖူ့ကို Lesson ပေးဖို့ပဲဖြစ်မှာ။ ယောကျ်ားမာယာနဲ့ မိန်းမမာယာ ဘယ်ဟာက ပိုသာသလဲ။ အငိုက်မိသွားတဲ့တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



[illegible]။ စကားတွေနဲ့ စစ်ထိုးစရာမလို။ သရဖူက သူ့

[illegible] ပိုကျောနေတာ၊ သူသိခဲ့ရင် ဘယ်လောက်ခံစားနေ

[illegible]။

✿ ✣ ✿

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၂၃

"ကိုရောင်ဝါနေနဲ့ ပြောချင်လို့ပါ"

သူ မသိသော ဖုန်းနံပါတ်တစ်ခုမှ သူမ လေ့ကျက်မိသော အမျိုးသမီးတစ်ယောက်ရဲ့အသံမို့ မျက်ခုံးအသာငြှန့်ချိုးမိလိုက်သည်။

"ဟုတ်ကဲ့ ... ပြောနေပါတယ်၊ ဘယ်သူပါလဲ"

"ရှင့်ရဲ့ပိုက်ဆံအိတ် ကောက်ရထားတဲ့ တစ်ယောက်ပါ။ Bisiting card က Phone နံပါတ်ကို ဆက်ကြည့်လိုက်တာ"

"ဪ ... ဟုတ်လား၊ ဘယ်နေရာကများ ကောက်ရတာပါလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကျကျန်ခဲ့တဲ့ နေရာကပေါ့ရှင်"

"ထူးဆန်းလိုက်တာ၊ ကျွန်တော် ချက်ချင်းပြန်လာရှာတာ မတွေ့ဘဲ ခင်ဗျားက ဘယ်လိုတွေ့သွားတာလဲ"

"ဒီမှာ ... တို့ စိတ်ပြောင်းသွားပြီ၊ ရှင့်ပိုက်ဆံအိတ် ပြန်ပေးဖို့အစီအစဉ် မရှိတော့ဘူး"

ဟိုတစ်ဖက်ကမိန်းမရဲ့ လေသံက သိပ်ကိုမာပြတ်တောက်ဆတ်သွားတာမို့ သူ ကမန်းကတန်း လှမ်းဟန့်လိုက်ရသည်။

"ဟ ... ဟ ... ခဏနေပါဦး၊ ခင်ဗျားက ဒေါ်ကြီးပါပဲလား၊ ကျွန်တော် ခင်ဗျားကို ရစ်တာမဟုတ်ပါဘူး"

"ထိုင်ခုံတစ်ခုံအောက်မှာ ကျနေတာတွေ့လို့ ကောက်ခဲ့တာ။ ပထမတော့ ဆိုင်ကဝန်ထမ်းကို ပေးထားမလို့ဘဲ၊ ဒါပေမဲ့ တို့ကိုယ်တို့ပဲ စိတ်ချလို့ ရှင့်ကို ဆက်သွယ်ခဲ့တာ၊ ရှင်က ကျေးဇူးမတင်တဲ့အပြင် စစ်လားဆေးလားနဲ့"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော့် ပိုက်ဆံအိတ်ကို ဘယ်လာယူရမလဲ"





ဟိုတစ်ဖက်က ခဏငြိမ်သွားပြီးမှ ပြန်အဖြေပေးသည်။

"အဲဒီ Moon bakery ပဲ လာခဲ့လိုက်ပါ။ မနက်ဖြန်နေ့လယ် နှစ်နာရီလောက်ဆို ရှင် အဆင်ပြေမလား"

"ပြေပါတယ် ... ပြေပါတယ်၊ ကျေးဇူးပဲဗျာ၊ ဒါနဲ့ခင်ဗျားကို ကျွန်တော် ဘယ်လိုသိနိုင်မလဲ"

"အဲဒီဆိုင်ထဲက အလှဆုံးတစ်ယောက်ဆီ လာခဲ့ရင်ရပြီ"

"ဟ ... ဘာလဲ"

တစ်ဖက်က အတည်ပေါက်ကြီးပြောပြီး ဖုန်းချသွားသည်။ သူလည်း ပြန်မခေါ်ချင်တော့။ သူမချိန်းထားတဲ့ နှစ်နာရီလောက်တော့ သူသွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူက လုံးဝအဆုံးလို့ကို သတ်မှတ်ထားတာလေ။

ဆိုင်မှန်တံခါး ဆွဲဖွင့်ဝင်လာတဲ့ သူသည် အရပ်မြင့်ပြီး ကျန်လျစ်ခန့်ညားသော ကိုယ်ထည်နှင့် စမတ်လည်းကျလွန်းနေ၏။ ဝတ်ထားတဲ့ အင်္ကျီ၊ ဘောင်းဘီ၊ စီးထားတဲ့ဖိနပ်၊ ပတ်ထားတဲ့နာရီတွေက တကယ့် brand မြင့်တွေထဲကဆိုတာ ကြည့်လိုက်တာနှင့် သိသာလွန်းနေသည်။ ရတနာစွယ်စုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသားဆီက အကြည့်ကိုလွှဲပြီး ဖတ်လက်စဂျာနယ်ဆီ အာရုံပြန်ပို့ထားလိုက်သည်။

ပန်းသားဖော်ထားသော ဖားပါးစပ်လည်ပင်းပုံ ရွှေအိုရောင်အင်္ကျီလည်ပင်း ပြဲပြဲလေးဝတ်ထားသော မဟော်ဂနီရောင် ထ,နေသော ဆံပင်ကောက်သား လိမ်လိမ်လေးတွေ ပခုံးပေါ်ခွေကျနေသော၊ ဂျာနယ်တစ်စောင်ထဲ စိတ်နှစ်နေပုံရသော၊ အပြစ်ဆိုစရာ တစ်ကွက်မှ ရှာမတွေ့သည့် မျက်နှာလေးတစ်ခုကို သူ ဆိုင်ထဲဝင်ဝင်ချင်းမှာပင် အထင်းသား တွေ့လိုက်ရသည်။ စားပွဲပေါ်မှာချထားသော အအေးခွက်ကို လှမ်းယူသောက်နေပုံလေးက အစ မင်းသမီးတစ်ယောက်လို စတိုင်လ်ကျလှသည်။

ပိုက်ဆံအိတ်ကောက်ရတယ်ဆိုတာ သူမများလား။ သူ ဆိုင်ထဲ တစ်ချက်ဝေ့ဝဲကြည့်ရင်းက မနေ့က သူ့ဆီဆက်ထားတဲ့ဖုန်းကို ခေါ်ကြည့်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုကောင်မလေးရဲ့လက်ပွေ့အိတ်ထဲက ဖုန်းမြည်သံကြားရပြီး ဖုန်းထုတ်ကိုင်တာ တွေ့တာမို့ သူ နှုတ်ခမ်းဖျားမှာ အပြုံးတစ်ခု လှစ်ခနဲပေါ်သွားသည်။





တကယ်ပဲ သူမ ညာခဲ့တာမှ မဟုတ်တာ။ ဒီဆိုင်ထဲမှာ သူမ အလှဆုံးပဲဟာ။ သူ ခပ်သွက်သွက် ခြေလှမ်းတွေနဲ့ သူမစားပွဲဆီ လျှောက်လှမ်းခဲ့သည်။

"ယိုင်မယ်နော်၊ ကျွန်တော် ရောက်ဝါနေပါ"

"ဩော် ... ရှင်ကိုး၊ အချိန်တိကျသားပဲ"

နာရီလေးဆီ တစ်ချက်ကြည့်ပြီး သူ့ကို မျက်လုံးပြန်ဝင့်ကြည့်ဟန်လေးထဲမှာ ညှို့ငင်မှု တစ်စုံတစ်ရာ ပါဝင်နေသလိုလို။

"ရော့ ... ဒီမှာ ရှင့်ပိုက်ဆံအိတ်၊ အထဲမှာပါတာတွေ သေချာစစ်ကြည့်ပါဦး"

သူမကမ်းပေးတဲ့ ပိုက်ဆံအိတ်ထဲ သူ စစ်ဆေးကြည့်လိုက်တော့ အားလုံး အပျောက်အရှမရှိ ကွက်တိပင်။

"ကျေးဇူးတင်ပါတယ်၊ ဘယ်လို ကျေးဇူးဆပ်ရ ကောင်းမလဲ"

"မလိုပါဘူး၊ နောက်တစ်ခါတော့ ဆင်ခြင်ပေါ့ရှင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကြားမှာ ဘာပြောစရာစကားမှ မရှိတော့သလို တိတ်ဆိတ်သွားရာက ရောင်ဝါနေက မမေးမဖြစ် မေးရမည့် သူမနာမည်ကို မေးဖို့အားယူလိုက်သည်။

"တို့ ပြန်တော့မယ် ရောင်ဝါနေ"

ရွှေအိုရောင်လက်ပွေ့အိတ်လေးယူပြီး သူမက မတ်တတ်ထ,ရပ်သည်။

"နေဦးဗျ၊ စကားလေး ဘာလေး ပြောဦးမှပေါ့"

"Sorry ပဲ၊ တို့နဲ့မသိတဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အာလာပသလ္လာပ မပြောတတ်လို့"

ထိုအမျိုးသမီးဆီက ကြီးကြီးကျယ်ကျယ် ထွက်လာသော စကားကိုကြားတော့ သူ့ပခုံးက တွန့်မိလျက်သား ဖြစ်သွား၏။ တယ်လည်း မာနကြီးတဲ့ အမျိုးသမီးပဲ။

"နာမည်လေးတော့ ပြောသွားခဲ့ပါဦး"

"ရတနာစွယ်စုံ"

နောက်ပြန်၍ ခေါင်းကိုငဲ့စောင်းပြီး သူမရဲ့ပြောဟန်လေးမှာလည်း ဆွဲဆောင်မှုက အပြည့်ပင်။





"ဖုန်းဆက်လို့ ရမလား"

"သဘောပဲ ... ပြန်ဖြေချင်မှ ဖြေမယ်"

ရယ်သံစွက်နေတဲ့ ခွင့်ပြုချက်နဲ့အတူ သူ့မြင်ကွင်းထဲက သူမ ပျောက်ကွယ်သွားသည်။ သူမဆီက ရလိုက်သည့် ရနံ့လေးက အခုထက်ထိတောင် သူ့နှာခေါင်းထဲမှာ စွဲကျန်နေ၏။ သူ ဘာမဆိုင် ညာမဆိုင် "ယဉ်သရဖူ"ရဲ့ ရှင်မတောင် ပန်းခါးရနံ့လေးနှင့် နှိုင်းယှဉ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

လူ့သဘာဝအရ ခက်ခဲတာကိုမှ ပို၍တန်ဖိုး[illegible]
ချင်တတ်ကြည့် ညာဥ်အတိုင်း သူလည်း ရက်ရက်စက်စက်[illegible]
သလောက် မာနကြီးသော ရတနာစွယ်စုံကို ခင်မင်လိုစိတ်[illegible]
ဖြစ်ပေါ်နေ၏။ ရတနာစွယ်စုံက သူကြိုက်နှစ်သက်သည့် [illegible]
မျိုးစုံလေးလေ။

အခု သူ ရတနာစွယ်စုံဆီ ဖုန်းခေါ်နေမိ[illegible]
တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ဖုန်းကိုင်မည့်သူ မရှိ။ နောက်[illegible]
တစ်ကြိမ် ထပ်ခေါ်တော့မှ သူမ လာကိုင်သည်။

"အင်း ... ပြောပါ ရောင်ဝါနေ"





"ကျေးဇူးပါ၊ ဖုန်းကိုင်တဲ့အတွက်"

"ခွဲလေးကတော့ ကောင်းသားပဲနော်"

"တကယ်ခင်ချင်တော့လည်း ကြိုးစားရတာပေါ့"

"အင်း ... တို့လည်း ရှင့်ကို ခင်ပါတယ်"

"အရမ်းဝမ်းသာပါတယ်"

"တို့လည်း ထပ်တူပါ၊ ငယ်သူငယ်ချင်းတွေကလွဲပြီး တို့ ဘယ်ယောကျ်ားလေးနဲ့မှ ဘလိုင်းကြီး မခင်တတ်ပါဘူး"

"ယုံပါတယ်"

ရတနာစွယ်စုံက ရုပ်ကလေးလှရုံသာမဟုတ်၊ အသံ[illegible]ားကလည်း သာယာနာပျော်ဖွယ် ကောင်းလှသည်။ ယဉ်သရဖူ[illegible]ငှက်ဆိုးထိုးသံလို သံမာလေဆိုးနဲ့တော့ အတော်ကြီးကိုကွာခြား[illegible]၏။

"သားရေ ... သရဖူ့အဘိုးက သားကို ခိုင်းစရာလေးတစ်ခု ရှိလို့ ဒီနေ့လယ်လောက် အိမ်ကိုလာခဲ့ပါဦးတဲ့"

အဲဒါမှ ကွိုင်၊ သူနဲ့ ရတနာနဲ့ အပြင်မှာတွေ့ဖို့ [illegible]သားသည်။ ဆယ်ကြိမ်မက ဖုန်းခေါ်ပြီးမှ ရတဲ့ ဒီအချိ[illegible]



www.burmeseclassic.com

အရေးကို သူ ဘယ်လိုနည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံချင်။ အသ
ပြီးဆီ မသွားလို့ကလည်းမဖြစ်။

ကြားထဲမှာ တစ်နာရီခွဲလောက် အရှိန်ရသေးတာ
သူ နာရီကို ငုံ့ကြည့်ရင်းက အခုပဲ သရဖူတို့အိမ်သွားဖို့ ဆုံးဖြ
လိုက်သည်။ သူ့ကား သရဖူတို့အိမ်၏ အိမ်ဆင်ဝင်အောက်
ထိုးရပ်ရပ်ချင်း ခြံထဲမှာ ကုလားထိုင်နှစ်လုံးနှင့် မျက်နှာချင်းဆိုင်
ထိုင်ပြီး စကားပြော ရယ်မောနေကြသည့် မြေးအဘိုးနှစ်ယော
ကို လှမ်းတွေ့လိုက်ရသည်။

လူပုံက ရိုးပုံရိုးလက်နှင့် တော်တော်လည်တဲ့ ထ
သရဖူ။ အဘိုးကြီးကို နှစ်ဆယ့်လေးနာရီမှာ အိပ်ချိန်ကလွဲပြ
အချိန်တိုင်း ချုပ်နေပုံရသည်။

"သြော် ... မြေးလေး ရောက်လာပြီကိုး"

အဘိုးကြီးရဲ့နှုတ်ခွန်းဆက်သံကြောင့် သူ နည်းနည်
တော့ ကျောတွန့်သွားသည်။ မျက်မှန်ကိုင်းလေး အသာပင့်ပြ
သူ့ကို စူးစူးစမ်းစမ်း ကြည့်လာသည့် မီးလေး မျက်ဝန်းတွေ
မေးခွန်းများစွာရှိ၏။ သူ့မှာ ဘာအကြံအစည်တွေ ရှိနေမလဲ





မသိချင်နေတဲ့ပုံ။ သူကရော သင်းဘက်က ဒီလောက်ငြိမ်ဆိပ်
တိတ်ဆိတ်နေတာကို သံသယဖြစ်မိတာတော့ အမှန်။

"အဘိုးခေါ်တယ်ဆိုလို့"

"အေး ... ထိုင်ပါဦးကွာ"

"အဘိုးတို့ ဒီညနေ ခရီးထွက်စရာရှိလို့ သထုံက ဈော်ဘာခြံ
ကို မီးလေးအဖေနဲ့လေ၊ ဒီတော့ မင်း အဘိုးတို့ ခရီးသွား
နေတဲ့ရက်တွေမှာ အိမ်မှာ ခဏလာနေပေးနိုင်မလား"

"ခင်ဗျာ"

"ဟုတ်တယ်၊ သူ့အစ်ကိုတွေက အလုပ်ကိုယ်စီ၊ ကျောင်း
ကိုယ်စီဆိုတော့ အိမ်မှာ အချိန်ပြည့် နေပေးနိုင်မှာမဟုတ်
လို့လေ"

သြော် ... သူကတော့ အလုပ်မရှိ ကျောင်းမရှိတဲ့
ဆောင်ခြောက်ဆယ်လိုလိုပေါ့။ ဒီလိုမှန်းသိရင် ဖေဖေ့ကုမ္ပဏီမှာ
အလုပ်ဝင်လုပ်နေပါသည်။ ဖေဖေကလည်း ဖေဖေ။ သူ့ကိုကျောင်း
ပြီးရင် အလုပ်ထဲဝင်နိုင်းမည်ဟု စီစဉ်ပြီးကာမှ သူဌေးသမက်ဖြစ်
သောမည့်အရေးကို မျှော်တွေးပြီး သူ့ကို ဆောမဲ့ပေးထားသည်လေ။

www.burmeseclassic.com



အိမ်မှန်နေတဲ့ရုပ်နဲ့ ရုပ်ပုပ်ပုပ် ဖြစ်သွားတဲ့ သူ့ရုပ်ကို ကြည့်ပြီး သရဖူ ရယ်ချင်မိသည်။ သူ လုံးဝမနေချင်တာ သရဖူ ကောင်းကောင်းသိသည်ပေါ့။ ဒါကြောင့် ဘိုးဘိုးကို ဘာမှ ဝင် မပြောခဲ့တာ။

"နေပေးနိုင်မလားကွ"

"ဩော် ... ဘိုးဘိုးကလည်း မေးခွန်းမဟုတ်တာတွေ မေး နေပြန်ပါပြီ၊ ဒီလူဒီလူ ပြောစရာလား၊ ရောင်ဝါ ...ဘိုးဘိုး တို့က ညနေလေးနာရီဆို သွားပြီ၊ နင် ငါးနာရီ လောက်ရော ရောက်အောင်လာခဲ့"

ယဉ်သရဖူ ဆိုသည့် စိတ်ပုပ်မကို သူ့ရင်ထဲ ... ထောင်းချင်စိတ်တွေတောင် ပေါက်နေမိသည်။ အဘိုးကြီးရှေ့ မနည်းကို ဣန္ဒြေဆည်နေရပါသည်။

"ဟိုကောင်တွေလည်း အလှည့်ကျ လာကြမှာပါ၊ မင်းတစ် ယောက်တည်းတော့ မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်ဆိုတာ လည်း ရှိသေးတယ်မှလား"

အဓိက,ကတော့ သူနဲ့မီးလေးကို ဒီ့ထက်မက ရင်းနှီး စေလိုသည့် စိတ်စေတနာမှန်း သူ ရိပ်စားမိပါသည်။ အခုအခါ





သူ့စိတ်ထဲပေါ်ရာ အမှန်အတိုင်း ပြောရမည်ဆိုလျှင် ယဉ်သရဖူ နှင့် လက်မတွဲချင်၍ အိမ်ပေါ်ကတောင် နှင်အချခံချင်စိတ် ပေါက်နေမိပါသည်။ သူ ဒီလိုခံစားရအောင် သူမ တမင်များလုပ် နေသလား။

"ဟုတ်ကဲ့ ... စိတ်ချလက်ချသာသွားပါ၊ ကျွန်တော် လာ နေပေးပါ့မယ် ဘိုးဘိုး"

"အေး ... အေး၊ ကောင်းတယ်"

"ဘိုးဘိုး ကျွန်တော့်ကို ခိုင်းစရာ မရှိတော့ဘူးဆိုရင် ကျွန် တော့်ကို ပြန်ခွင့်ပြုပါဦး၊ ကျွန်တော် သွားစရာလေးတစ်ခု ရှိလို့ပါ၊ ငါးနာရီလောက်ရောက်အောင် လာခဲ့ပါ့မယ်၊ ဘိုးဘိုး စိတ်ချပါ၊ စိတ်အေးလက်အေး သွားပါ"

မင်းသားတစ်ယောက်လို ရုပ်ကို ချက်ချင်းပြောင်းပြီး ရွှန်းရွှန်းဝေအောင် ပြောနေတဲ့ သူ့ကို သရဖူ နှုတ်ခမ်းလေးတွန့် ကွေးပြီး စိုက်ကြည့်မိပါသည်။ တွေ့ကြသေးတာပေါ့ ရောင်ဝါနေ။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၂၅ ❋

"ဒီတော့ ရတနာက မင်းသမီး ဖြစ်ချင်တယ် ဆိုပါတော့"

"အဟုတ်ပါပဲ ရှောင်ဝါ"

"ဖြစ်နိုင်ပါတယ်၊ ရတနာက အရမ်းလှတယ်လေ"

"လှရုံလောက်နဲ့တော့ မင်းသမီး ဘယ်ဖြစ်မှာလဲ ရှောင်ဝါရယ်၊ ဆရာသမားလည်းရှိမှ၊ ရေလေးလည်းလျှံမှ၊ Sponsor ရှာဖို့တော့ အာရုံမရလို့ ငြိမ်နေတာလေ၊ မင်းသမီးသူငယ်ချင်းခန်းကတော့ လာခေါ်ကြပါတယ်၊ စိတ်မဝင်စားလို့ ငြင်းလိုက်တယ်"

"ဩော်"





အအေးခွက်လေး ပိုက်နဲ့စုပ်သောက်နေတဲ့ သူမရဲ့ စိုလက်တောက်ပနေသော ပုစွန်ဆီသွေးရောင် နှုတ်ခမ်းလေးတွေ သူ ခပ်ငေးငေး ကြည့်နေမိလိုက်သည်။

"တို့ အခုလောလောဆယ်တော့ Cat walk လျှောက်နေကယ်၊ Otamin F မှာ ပြိုင်ပွဲဝင်ဖို့လည်း ကြိုးစားနေတယ်။ အဲဒီမှာ ဆုရခဲ့ရင်တော့ မျှော်လင့်ချက်လေး ရေးရေးမြင်နိုင်တာပေါ့၊ တကယ်တော့ အနုပညာအလုပ်ဆိုတာ စန်းနဲ့လည်းဆိုင်တယ်လေ၊ လှရုံသက်သက်နဲ့တော့ ဝင်တိုးဖို့ မလွယ်ဘူး"

"အင်း ... ဘာပဲဖြစ်ဖြစ် ရတနာနဲ့ ခင်ရတဲ့အတွက် ကျွန်တော် ဂုဏ်ယူမိပါတယ်၊ လိုအပ်တဲ့အကူအညီရှိရင် ပြောနော်၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပေးပါ့မယ်"

တောက်ပသော မျက်ဝန်းများနှင့် ရတနာစွယ်စုံက သူ့ကိုကြည့်ပြီး ဝံ့ဝံ့စားစား ပြုံးပြရှာသည်။ သိပ်လှတဲ့အပြုံးလေးတွေပေါ့။ ကံထောက်ပတဲ့ တစ်နေ့တော့ သူမလေး ဆန္ဒတွေ ပြည့်ဝလာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကြည်နူးဖွယ်ရာ စိတ်အခြေအနေလေးကို မီးလေးရဲ့ဖုန်းသံက ဖျက်လိုဖျက်ဆီး လုပ်လာသည်။

"ခဏနော် ရတနာ"

"ရပါတယ်၊ ပြောပါ"

"အင်း ... ပြော မီးလေး"

"ဟဲ့ ရောင်ဝါ၊ နင် ဘယ်ကမ္ဘာ ရောက်နေတာလဲ၊ အခု ငါးနာရီထိုးတော့မယ်၊ လာမှာလား မလာဘူးလား၊ နင့်အတွက် ထမင်းဟင်း ထည့်ချက်ရမှာလား၊ မချက်ရဘူးလား"

ယဉ်သရဖူရဲ့အသံက သူ့နားထဲ ကန့်လန့်ဝင်လာသည်။ ရတနာ့ရှေ့မှာ သူ ရုပ်မပျက်ချင်တာမို့ ဒေါသကိုမျိုချလိုက်ရသည်။

"ငါးနာရီရောက်ရင် ပြီးရောမဟုတ်လား၊ လေရှည်မနေနဲ့၊ လာခဲ့မယ်၊ ဒါပဲ"

"ညီမဝမ်းကွဲလေ ရတနာ"

"သြော်"





"သူ့မိဘတွေ ခရီးသွားလို့ အိမ်မှာသွားနေပေးရမှာမို့ခေါ်တာ"

"အင်း ... အင်း ... ရတနာတို့လည်း ပြန်ကြမှနဲ့တူတယ်"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရတယ်၊ ဒရိုင်ဘာကို ဖုန်းဆက်ခေါ်လိုက်မယ်၊ ရောင်ဝါ သွားစရာရှိတာသွားပါ"

သူ ဟန်မပျက် နှုတ်ဆက်ပြီး ပြန်ထွက်လာရသည်။ စိတ်အစဉ်ကတော့ ရတနာ့စွယ်စုံဆီမှာ ကျန်နေခဲ့သည်။ ဆက်ထိုင်နေလို့လည်း အချိန်မရှိတော့သလို၊ ယဉ်သရဖူကလည်း သူမလာမချင်း ဖုန်းတဂွမ်ဂွမ်ဆက်ပြီး နှောင့်ယှက်မှာ သေချာနေတာမို့ သူ ထ,ထွက်လာခဲ့ရပါသည်။

အိမ်ကိုအရင်ဝင်ပြီး ထည့်စရာရှိတာတွေ ထည့်ဖို့ ကြံစည်တုန်း မေမေက သူ့အတွက် အိတ်တစ်လုံးကို အဆင်သင့်တောင် ပြင်ပြီးသွားနှင့်ပြီ။ သိပ်မသွားစေချင်ရှာတဲ့ပုံ။

"အားလုံး အစုံအစေ့ပဲ ရောင်ဝါ၊ ကြိုပြောထားမယ်နော်၊ သရဖူ့ကို စိတ်ညစ်အောင် မေမေတို့ မျက်နှာပျက်ရအောင် သားမလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဗျာ၊ အင်း ... ဝင်ငွေကြွေးရှိတော့လည်း ဆပ်ရမှာပေါ့"

သူ ညစ်ကျယ်ကျယ်ပြောရင်း အိတ်ကိုဆွဲပြီး ကားဆီထွက်ခဲ့သည်။ ကားပေါ်ရောက်တော့ မီးလေးဆီက ဖုန်းထပ်ဝင်လာသည်။ သောက်မြင်ကတ်လို့ သူ ဖုန်းမကိုင်တော့။ သင်းကလည်း အကျောမာ၏။ မကိုင်ချင်မှန်းသိသိနှင့် ထပ်ခါ ထပ်ခါ ခေါ်၏။

"တောက် ... ငါတော့ ကိုင်ပေါက်လိုက်ရတော့ မကောင်းရှိရော့မယ်"

မဆီမဆိုင် သူ့ဘာသာသူနေနေတဲ့ဖုန်းကို သူ ကျိန်ဆဲမိလိုက်သည်။ လောကကြီးမှာ သူ့ကို စိတ်ဒုက္ခရောက်အောင် အလုပ်ဆုံး မိန်းမကို ပြပါဆိုလျှင် သူ "ယဉ်သရဖူ"ကိုပဲ လက်ညှိုးထိုးပြရပါမည်။ သင်းကို ဒီအတိုင်း လွှတ်ထားလို့မရ ပညာပြမှကို ဖြစ်တော့မည်။

သူ ကားခြံရှေ့ရောက်တာနဲ့ အဆောင်သင့်ဖွင့်ထားတဲ့ ခြံတံခါးထဲ မောင်းဝင်လာသည်။ ဒီအိမ်မှာ ယောကျာ်းသားဆိုလို့





အဘိုးကြီး၊ မီးလေးအဖေနှင့် အသက်ကြီးကြီး ခြံစောင့်တစ်ယောက်သာရှိ၏။ တကယ်ဆို ဦးဒီပါထွန်းဆီမှာ သားသမီးတွေ အများကြီးရှိတာပဲ။ လာနေနိုင်းလို့ ဖြစ်ရက်သားနှင့်။ အင်းလေ ... သူတို့မိသားစုတွေကလည်း ခပ်ရှုပ်ရှုပ်မဟုတ်လား။

"သြော် ... သားလာပြီကိုး"

"ဟုတ် ... အန်တီ"

"လာ ... လာ ... သားနေရမယ့်အခန်း အန်တီပြင်ပေးပြီးသွားပြီ"

သူ အိမ်ထဲ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်သော်လည်း မီးလေး၏အရိပ်အယောင်သော်မှ မမြင်ရ။

"ဒီအခန်းပဲ သား၊ လိုအပ်တာရှိရင် အန်တီ့ကိုပြောနော်"

"ဟုတ် ... အန်တီ၊ ဒါနဲ့ မီးလေးလည်း မတွေ့ပါလား"

"သူ မီးဖိုခန်းမှာ သားရဲ့၊ ဒီည သူ့အစ်ကိုတွေလည်းလာအိပ်မယ်ပြောလို့ ချက်ပြုတ်နေလေရဲ့"

မီးလေးအမေ ထွက်သွားတော့ သူ အခန်းတံခါးပိတ်လိုက်သည်။ သူ့အစ်ကိုတွေ ဒီည အိမ်မှာရှိမှာပေါ့။ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ယောက်နဲ့မှမခင်။ မခင်တဲ့အပြင် မီးလေးအစ်ကိုယ်ကိုပိုင်နဲ့ကလည်း ကတောက်ကဆ ဖြစ်ထားသေးသည်။

"ဟူး ... စိတ်ပျက်လိုက်တာ"

သူ အိပ်ရာပေါ် လှဲချရင်း သက်ပြင်းမောကြီးချလိုက်မိသည်။ သူ မီးလေးရဲ့အစ်ကိုအုပ်စုနဲ့ ဘယ်လိုရင်ဆိုင်ရမလဲ တွေးကြည့်လို့မရ။ မျက်နှာထားကိုရော ဘယ်လိုထားရမလဲ။ စိတ်အကြီးအကျယ်ကို ပျက်မိပါသည်။

❀ ✤ ❀





## ၂၆

ကြောက်ရတယ်လို့တော့ မဟုတ်ပေမင့် သူ့စိတ်ထဲမှာ ကျဉ်းကျပ်နေသလို ခံစားရတာမို့ ညစာစားပြီးပြီးချင်း အိမ်အပြင် ဒန်းပေါ်တစ်ယောက်တည်း သွားထိုင်နေမိသည်။

"မီးလေး ... နင့်သတိုးသားလောင်းက ဘာအထာလဲဟ၊ မာန်တက်နေတာလား၊ ငါ့မျက်လုံးထဲမှာ အပိုးသိပ်မကျိုးဘူးနော်"

"ဟုတ်တယ်၊ ဘိုးဘိုးက ပ,စားပေးထားလို့ သင်းက မြှောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ညီဇော်ထွန်းနှင့် ပိုင်ဖေထွန်းတို့ ညီအစ်ကိုနှစ်ယောက်က အတိုင်အဖောက်ညီညီနှင့် ရောင်ဝါနေကို ကြည့်မရသည့်အကြောင်း ပြောင်ဖွင့်ပြောလာကြသည်။ သက်ဇော်ထွန်းကတော့ လေပြည်အေးနှင့် ဝင်ဖြေရှာပါသည်။

"မင်းတို့ကလည်းကွာ၊ သူ့အနေနဲ့ ကြည့်ပါဦးကွာ။ ငါတို့ကို ရှိန်နေမှာပေါ့၊ မီးလေး ... နင် သူနဲ့သွားစကားပြော လိုက်လေ၊ သူတစ်ယောက်တည်း ကြောင်နေမှာပေါ့"

"မသွားနဲ့ မီးလေး၊ ထားလိုက်၊ တစ်ခါတလေ မောင်နှမတွေဆုံတုန်း ပျော်ပျော်ပါးပါး နေကြရအောင်၊ မနက်ဖြန်တော့ လူစုံမှာ မဟုတ်ဘူး"

ပိုင်ဖေထွန်းကတော့ ညီမလုပ်သူကို ရောင်ဝါ‌ေ အနားသွားမည်စိုး၍ လှမ်းဟန့်လိုက်သည်။

"ခဏလေး၊ မီးလေး သူနဲ့စကားနည်းနည်းပြောပြီး ပြန်လာ ခဲ့ပါ့မယ်"

သရဖူ အိမ်ထဲက လှစ်ခနဲ ပြေးထွက်ခဲ့သည်။ ဒန်း ပေါ်မှာထိုင်နေတဲ့ သူ့အနား ရောက်သွားချိန်မှာတော့ သူက ဖု နဲ့ရယ်ကာမောကာနှင့် စကားတွေ ပြောနေ၏။





"ဒီရက်ပိုင်းအတွင်းတော့ ကျွန်တော် အားဦးမှာ မဟုတ်ဘူး ရတနာရယ်၊ အိမ်စောင့်လုပ်ရမှာမို့ Show ရှိတဲ့နေ့တော့ အကြောင်းကြားလိုက်လေ၊ လာအားပေးပါ့မယ်"

သူက ဖုန်းပြောနေရင်းက သရဖူ့ကို တစ်ချက်မော့ ကြည့်ပြီး အဖက်မလုပ်ဘဲ စကားဆက်ပြောနေတာမို့ ဒန်းကို ခြေင်ကတ်ကတ်နှင့် သရဖူ ဆွဲလွှဲပစ်လိုက်သည်။

"ဟာ ... ဟဲ့"

သူ ဟန်ချက်ပျက်ပြီး သရဖူ့ကို ဒေါကြီးမောကြီး မော့ကြည့်လာ၏။ ပြီးတော့ ဖုန်းချပြီး ဒန်းပေါ်ကထ,လို့ နှင့် မျက်နှာချင်းဆိုင်လာသည်။

"သိပ်စိတ်ပျက်အောင် လုပ်ပြမနေနဲ့ အရိုင်းသရဖူ"

"ဟာဟ ... နင် စိတ်ပျက်နေတယ်ဆိုတာ သိလိုက်ရလို့ ဝမ်းသာတယ်၊ ဘယ်တော့လောက် နင် ငါ့ကိုငြင်းမလဲ၊ ငါ မျှော်နေတာ"

"ဒီပုံအတိုင်း ဆိုရင်တော့ မကြာတော့ပါဘူး၊ ဒီမှာ ငါက အိမ်က အနှင်ချခံရမှာ ကြောက်တတ်တဲ့ကောင် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ မင်းရမယ့်အမွေတွေ မျှော်လင့်ပြီး မင်းကိုလက်ထပ်ယူမယ့်ကောင်စားမျိုးလည်း မဟုတ်ဘူး၊ စွာလွန်းတဲ့ မင်းကို တမင်ကြည့်မရလို့ ပညာချင်းပြိုင်နေခဲ့တာ၊ စိတ်ချစမ်းပါ၊ မင်းကို ငါကစ,ပြီး ငြင်းမှာပါ”

“ကြားရတာ ဝမ်းသာပါတယ်”

သရဖူက သူမကို တွန်းတိုက်ထွက်သွားတဲ့ သူ့ကို ခပ်ရွှံ့ရွှံ့လေး ပြောကျန်ခဲ့သည်။ တကယ်တမ်း သူ့ဆီက ဒီစကား ထွက်လာတဲ့အခါ ဝမ်းသာရမယ့်အစား လှပ်ခနဲ နာကျင်သလိုမျိုး ခံစားလိုက်ရတာ သရဖူ သတိပြုမိလိုက်သည်။

သူထိုင်ခဲ့တဲ့ ခုံလေးပေါ် သရဖူ ဆွေ့ခနဲ ဝင်ထိုင်လိုက်သည်။

သူ ထွက်သွားဖို့ အမြဲတစေ အားထုတ်နေခဲ့ရ သရဖူ့ဆီမှာ ဒီနာကျင်သွားတဲ့စိတ်လေး ဖျတ်ခနဲ လာပေါ်ရတာ ဘာလို့လဲ။

“အရှုးမထစမ်းနဲ့ ယဉ်သရဖူ၊ သူ နင့်ကိုငြင်းတော့မှာ ဝမ်းသာလိုက်စမ်းပါ”





သရဖူ မျက်ဝန်းလေး မှေးစင်းပြီး ခုံလေးကို သာသာလေး လွှဲပြီးစီးနေမိသည်။ မှိတ်ထားတဲ့ မျက်ဝန်းထဲမှာ ဆါလာတာက ရောင်ဝါနေရဲ့ ပုံရိပ်တွေ။ အိုး … သွားစမ်းပါ။ သင်းနဲ့ ဝေးလေကောင်းလေပါ။

သရဖူ အိမ်ထဲပြန်ဝင်လာတော့ အိမ်ပေါက်ဝမှာ မတ်တတ်ရပ်နေတဲ့ သူ့ကိုတွေ့တော့ မျက်မှောင်ကြုတ်မိသည်။ သူ ဘာရပ်လုပ်နေတာပါလိမ့်။

သရဖူ သူ့ဘေးက ဖြတ်လျှောက်အလာ သူက သရဖူ့လက်ကို ဆတ်ခနဲ လှမ်းတွဲလိုက်သည်။

“ဟဲ့ … ဒါ ဘာလုပ်တာလဲ”

“စိတ်မဆိုးပါနဲ့ မီးလေးရယ်၊ ကိုယ် တကယ်မနေတတ်လို့ပါ”

သူက သရဖူ့လက်ကို မလွှတ်ပေးဘဲ အိမ်ထဲတောက်လျှောက်လာဝင်လာတဲ့ သရဖူ့ဘေးက တတွတ်တွတ်ပြောလာသည်။ ဘောလုံးပွဲကြည့်နေကြတဲ့ အစ်ကိုသုံးယောက်ရဲ့မျက်ဝန်းတွေက သရဖူတို့ဆီမှာ။



www.burmeseclassic.com

www.burmeseclassic.com



"နှင် ..."

ကက်ကက်လန်အောင် ရန်တွေ့မည်လုပ်ပြီးမှ အစ်ကို တွေကို သတိထားမိလိုက်ပြီး သရဖူ့ပါးစပ်ကို အချိန်မီ ဘရိ အုပ်လိုက်ရသည်။ သင်း တမင်ပညာပြတာ။ အခုအချိန် သ သူ့ကိုရန်တွေ့ရင် အစ်ကိုတွေပါလာပြီး ပြဿနာတက်နိုင်သည် လေ။ သင်းကလည်း အညာကို သိထားတာမို့သာ လုပ်ရဲခဲ့တာ ပါ။

အစ်ကိုတွေ မြင်ကွင်းထဲက ပျောက်သွားတဲ့ ထမင်း စားခန်းထဲရောက်မှ သူက သရဖူ့လက်ကို လွှတ်ချလိုက်သည်။

"ငါ့ကို စိတ်ဒုက္ခရောက်အောင် နင်လုပ်သလို၊ ငါလည်း လုပ်နိုင်တယ်ဆိုတာ နင် မေ့မထားပါနဲ့ မီးလေး"

"ဟား ဟား ... ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေ စမ်းပါနဲ့ ရောင်ဝါနေ၊ အခု နင်က ငါတို့အိမ်က ဧည့်သည် ဖြစ်နေတာမို့ သည်းခံလိုက်တယ်မှတ်ပါ"

သရဖူ သူ့ကိုထားခဲ့ပြီး မီးဖိုခန်း ဖြတ်ထွက်သွား သည်။ ပါးစပ်က ဘာကြီးပဲ ပြောနေပါစေ၊ သူပြုမူတဲ့ ဒီအ





အမူကြောင့် သရဖူ ရင်ခုန်သွားမိတာတော့ ဝန်ခံပါသည်။ ဆုပ်ကိုင်လိုက်တဲ့ သူ့လက်ကနေတစ်ဆင့် နွေးထွေးမှုတစ်ခု သရဖူ ရင်ထဲ ဖွတ်တိုးဝင်ခဲ့တာ အသိအမှတ်မပြုလို့မှ မရခဲ့တာ။

✿ ✣ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

မနက်မိုးလင်းတာနဲ့ သရဖူရဲ့အစ်ကိုတွေ အလျိုလျို နှင့် ပြန်သွားကြသည်။ ဒီတော့မှ သူလည်း အသက်ရှုချောင်သည်။ ပုံမှန်အားဖြင့် သူက Sociable ဖြစ်သူတစ်ယောက်ပါ။ ဘယ်သူနဲ့ မဆို ပေါင်းတတ်သင်းတတ်ပါသည်။ သို့ပေမင့် သရဖူ့အစ်ကို သုံးယောက်ရဲ့မျက်နှာတွေက သူ့ကို သိပ်လိုလားဟန်မရှိတာမို့ သူ ကလည်း အောက်ကျခံပြီး မရောချင်ပါ။ ပေါတယ်လို့ ထင်မှာ စိုး၍လေ။

"စား ... သား၊ breakfast ကို သားဘာကြိုက်တတ်မှန်း မသိလို့ မီးလေးကတော့ စုံနေအောင် လုပ်ပေးထားတာပဲ"





ရှေ့ထမင်းစားပွဲမှာ မုန့်ဟင်းခါးရှိသည်။ ထမင်းကြော်ရှိသည်။ ကော်ဖီနဲ့ မုန့်မျိုးစုံ ရှိနေကြသည်။ ဆိုးတော့မဆိုးလှ။ ဒီကလေးမက မိန်းမတော့ ပီသလွန်းလှပေ၏။

"ဒုက္ခရှာလို့ အန်တီကေသီရယ်၊ ကျွန်တော်က အစားအသောက် ကြေးမများပါဘူး၊ ပြီးတော့ ကျွန်တော့်ကို ဧည့်သည်တစ်ယောက်လို မဆက်ဆံပါနဲ့၊ ကျွန်တော်မနေတတ်လို့ပါ"

"ဩော် ... သားကလည်းကွယ်၊ အိမ်မှာလာနေပေးတာပဲ၊ အန်တီက ကျေးဇူးတင်နေတာ၊ စား ... စားသား၊ ကြိုက်တာသာစား"

သူကတော့ ထမင်းကြော်နဲ့ ကော်ဖီပဲ စားဖို့ဆုံးဖြတ်လိုက်သည်။ မီးလေး ကြော်ထားသည့် ထမင်းကြော်က စားချင်စဖွယ်လေးလေ။

"အား"

ထမင်းကြော်ကို ပန်းကန်ထဲ ထည့်နေတုန်း မီးဖိုချောင်က အော်သံကြောင့် သူနဲ့ အန်တီကေသီ တိုင်ပင်မထားဘဲ အမန်းကတန်း ပြေးသွားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အာလူးနွှာနေတဲ့ သရဖူရဲ့လက်မှာ ဓားထိရာကြောင့် သွေးတွေချင်းချင်းနီနေ၏။

"အမယ်လေး ... သွေး ... သွေးတွေ"

အန်တီကေသီက မျက်နှာအပျက်ပျက်နှင့် တုန်နေတာကြောင့် သူပဲ သရဖူ့နားသို့ ဆိုးဆိုးဆတ်ဆတ်သွားပြီး သရဖူ့လက်ကိုဆွဲပြီး ရေပိုက်ခေါင်းအောက်မှာ သွေးတွေညှစ်ထုတ်ပြီး ရေနဲ့ဆေးလိုက်သည်။

"အန်တီကေသီ ... ကျွန်တော့်ကို အရက်ပျံမြန်မြန်ယူပေးပါ"

"အေး ... အေး"

နာကျင်နေတဲ့ကြားက သရဖူ သူ့ကိုမော့ကြည့်လိုက်မိသည်။

သူ့ရဲ့စိမ်းညို့မည်းနက်နေသော မျက်ခုံးအောက်က မျက်ဝန်းတွေမှာ စိုးရိမ်စိတ်နဲ့ ကြင်နာစိတ်တွေကို သရဖူ မြင်တွေ့နေရသည်။

သူ ညက ရောင်ဝါနေမှ ဟုတ်ရဲ့လား။





"ရော့ ... ရော့ ... သားရေ၊ ဒီမှာကပ်ဖို့ Hnadiplast ပါ ယူခဲ့တယ်"

သူက မေမေ့ဆီကနေ အရက်ပျံကိုယူပြီး ဂွမ်းနဲ့ဆွတ်လို့ သရဖူ့လက်ညှိုးကို တို့သုတ်သည်။ စပ်ဖျဉ်းဖျဉ်းဝေဒနာကြောင့် သရဖူ့မျက်နှာလေး မဲ့ကျသွားသည်။

"အလုပ်လုပ်တာ တော်တော်နမော်နမဲ့နိုင်သကိုး၊ ဘာတွေတွေးနေလို့လဲ"

သူက ခပ်မဲ့မဲ့ဖြစ်နေတဲ့ သရဖူ့ကို စိတ်ပြောင်းသွားဖို့ ရည်ရွယ်ချက်နှင့် စကားဆိုသည်။ သရဖူ့မျက်စောင်းတစ်ချက် သူ့ဆီ ဒိုင်းခနဲ ရောက်သွားသည်။ မေမေ့ကို ကြည့်လိုက်တော့ မတွေ့ရတော့ အိမ်ရှေ့ပြန်ထွက်သွားသည်ထင်သည်။ အခု သူနဲ့ သရဖူ နှစ်ယောက်တည်း မီးဖိုခန်းထဲမှာ ကော့ပျံနေသော မျက်တောင်ရှည်ရှည် မည်းမည်းခက်ခက်လေးတွေ တဖျပ်ဖျပ်ခါလျက် နှင်းဆီပွင့်ပမာ နှုတ်ခမ်းရဲရဲလေးတွေ တဆတ်ဆတ် တုန်နေတဲ့ သရဖူ့ကို သူ အနီးကပ်မြင်တွေ့မိစဉ်တွင် တစ်မျိုးလေး ခံစားမိလိုက်ရသည်။ တကယ်ကို တစ်မျိုးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်သီးလေးတွေ ဝေ့သီသွားတဲ့ သူမရဲ့မျက်ဝန်းလေးတွေကို သေချာကြည့်မိမှ သိပ်လှနေမှန်း သူ အသိအမှတ်ပြုလိုက်မိပြန်သည်။ စိတ်ကောင်းလေးသာရှိလို့ကတော့ "ယဉ်သရဖူ"ဆိုတာ အရာရာပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဖြစ်သွားမှာပါ။

"ရပြီ"

ခပ်တိုးတိုးပြောရင်း သူ သရဖူ့လက်ကို လွှတ်ပေးသည်။ မညာပါဘူး။ ရင်တွေ ခုန်ပါတယ်။ ညက ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတဲ့ မေးခွန်းကို ထပ်မေးမိစဉ်ခဏမှာ သရဖူ တုန်လှုပ်သွားခဲ့မိသည်။ "အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ"ဆိုတဲ့ သဘောတရားကြောင့်များလား။ သူနဲ့ သရဖူ မျက်လုံးချင်း ထပ်ဆုံမိလိုက်တဲ့ အချိန်မှာ သူကစ,ပြီး ရုပ်တည်ကြီးနဲ့ မျက်နှာလွှဲသွားသည်။ သူကပဲ ကြီးကြီးကျယ်ကျယ်။

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ နင် ချက်ကျွေးတာတွေ စားရလို့ ဒီလောက်တော့ ပြန်လုပ်ပေးသင့်တယ် ထင်လို့"





သရဖူလည်း ကျေးဇူးအတင်မခံချင်တဲ့ သူ့ကိုပြောမနေတော့ဘဲ နွားလက်စ အာလူးကို ဆက်ခွာဖို့ ဆန်ခါခြင်းလေး လှမ်းယူလိုက်သည်။

"ဘာလုပ်ဦးမလို့လဲ၊ လက်မှာ အနာကြီးနဲ့၊ ငါနွှာပေးမယ်"

"နွှာတတ်လို့လား"

"ဟင်း ... ဘာခက်တာမှတ်လို့"

"မလုပ်စမ်းပါနဲ့ ရောင်ဝါရယ်၊ နင် မားထိရင် ငါလုပ်မပေးနိုင်ဘူး၊ ရတယ်၊ ငါ ဘာမှမဖြစ်ဘူး၊ ထိန်းပြီးနွှာလို့ရတယ်"

သူ့လက်ထဲက ဆန်ခါခြင်းကို သရဖူကဆွဲငု ၊ သူက ပြန်လုနှင့် နောက်ဆုံးတော့ သရဖူပဲ သူ့ကို အလျှော့ပေးလိုက်ရသည်၊ ဒီအခိုက်အတန့်လေးမှာပဲ သူနဲ့ သရဖူကြား ရင်းနှီးမှုလေးတစ်ခု တိုးဝင်လာသလို ခံစားလိုက်ရသည်။

"သားရေ ... ဖုန်းလာတယ်"

ထမင်းစားခန်းထဲမှာ ကျန်ခဲ့တဲ့ဖုန်းကို အန်တီကေသီက ယူလာပြီး သူ့ကိုပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ ... ဟဲ့၊ ဘာလို့ အာလူးနွှာနေတာလဲ၊ ပေးစမ်း ... ပေးစမ်း၊ အန်တီလုပ်မယ်၊ ရှေ့မှာ ထမင်းကြော်တွေလည်း မစားရသေးဘူး၊ သွား သွား သား”

သူက ဖုန်းကိုလှမ်းယူလိုက်ပြီး Miss call ဖြစ်သွားတဲ့ ရတနာ့ဖုန်းကို ပြန်ခေါ်လိုက်သည်။

“ရတနာ ... Sorry ပဲနော်၊ ကျွန်တော် နောက်ဖေးရောက်နေလို့”

သူ ထမင်းစားခန်းဘက် ထွက်သွားပြီး ဖုန်းပြောသံကို သရဖူ အတိုင်းသား ကြားနေရသည်။ မေမေကတော့ သရဖူ့ကို အဓိပ္ပာယ်ပါပါ မျက်ဝန်းတွေနဲ့ ကြည့်လာသည်။ သရဖူကတော့ မေမေ့ပါးစပ်က မေးခွန်းတွေ ထွက်ကျလာမှာကို ရှောင်လွှဲလိုဟန်နှင့် ရေခဲသေတ္တာထဲက အသားဘူးယူဖို့ လျှောက်သွားမိသည်။





## ၂၈

ခြံထဲဆင်းပြီး အပင်တွေကြည့်သလိုလိုနှင့် သရဖူ သူ့ကို မျှော်နေမိသည်။ ဘိုးဘိုးတို့ ခရီးက ပြန်ရောက်ပြီးကတည်းက သူ အိမ်ကိုရောက်မလာခဲ့တာ ဒီနေ့နဲ့ဆို ငါးရက်ရှိပြီ။ မေမေတို့က ဖုန်းဆက်မေးဖို့ ပြောသော်ငြားလည်း သရဖူ တွန့်ဆုတ်နေမိသည်။

“မီးလေး ... ရောင်ဝါနေကို မျှော်နေတာလား”

“ရှင် ... ဟုတ်ကဲ့၊ ဟင့်အင်း ... မဟုတ်ပါဘူး”

သူမအားနား လာရပ်တဲ့ ဘိုးဘိုးအမေးကို သရဖူ ခေါင်းတခါခါ လည်တခါခါနှင့် ငြင်းဆန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘိုးဘိုး လူရွေးမမှားဘူးဆိုတာ အခုမှ သေချာသွားတော့တယ်။ ရောင်ဝါနေက စိတ်သဘောထားပြည့်ဝပြီး ဉာဏ်လည်းကောင်းတယ်။ အကျင့်စာရိတ္တကလည်း ပြောစရာမရှိပါဘူး။ လူကြီးမိဘတွေကိုလည်း ရိုသေတယ်။ သူ ဒီအိမ်မှာနေတဲ့ တစ်လျှောက်လုံး ကေသီက စောင့်ကြည့်အမှတ်ပေးနေတာလေ။ မီးလေးတို့ လက်ထပ်ပြီးရင် အဘိုးရော်ဘာခြံလုပ်ငန်းနဲ့ ပတ်သက်ပြီး သူ့ကို သင်ကြားပေးဖို့ စီစဉ်ထားတယ်"

ဘိုးဘိုး ပြောသမျှကို သရဖူ မချိပြုံးလေးပြုံးရင်းနားထောင်နေမိသည်။ ဘိုးဘိုးရဲ့အိပ်မက်ဆန္ဒတွေ ဘယ်တော့မှ အကောင်အထည် မပေါ်တော့မှာ သရဖူ သိနေလို့လေ။ ပြင်းရှ ဝေဒနာက ရင်တစ်ခုကို စူးအောင့်နေသည်။

ထိုဝေဒနာကို သရဖူက တွေးလိုက်မိလျက်သား လေ။

သံယောဇဉ် ...





သုံးလုံးတည်းသာ ရှိသော ထိုဝေါဟာရက သရဖူ့နှလုံးသားကို တိုက်စားပစ်၍ အချစ်ကျွန်းလေးတစ်ခုသာ ထွန်းကျန်နေတော့သည်။ ထိုကျွန်းလေးပေါ်မှာ ရာသီမရွေး ဖူးပွင့်တတ်သည့် ကြွေကွဲပန်းပွင့်တွေက ဝေလို့ပေါ့။

သရဖူ့ကို ငြင်းပစ်ဖို့ သူ ကြံရွယ်ပြီးခဲ့ပြီပဲ။ ဒီဆုံးဖြတ်ချက် မချမဖြစ် ချဖြစ်အောင် တွန်းအားပေးခဲ့သူကလည်း သရဖူ ကိုယ်တိုင်ပဲလေ။ ကိုယ်တိုင်ရေးဇာတ်လမ်းတစ်ပုဒ်ရဲ့နိဂုံးမှာ ကိုယ်ကိုယ်တိုင် ထိခိုက်နာကျင်ပွန်းပဲ့ခဲ့တာ ဘယ်သူသနားမှာလဲနော်။

ရုတ်တရက် ခြံရှေ့က သူ့ကားဟွန်းသံကြားတော့ သရဖူ့ရင်ထဲ အတိုင်းမသိ ဝမ်းသာသွားမိသည်။ သရဖူ့မျက်နှာ ရိပ် မျက်နှာကဲကို အနီးကပ် စောင့်ကြည့်နေတဲ့ ဘိုးဘိုးအကြည့်တွေကိုတောင် ဂရုမပြုနိုင်ခဲ့။

သရဖူရဲ့ နှလုံးသားဆန္ဒကို ဒီတစ်ခါတော့ အလိုလိုက်မှ ဖြစ်တော့မည်။ သူ့ကိုသနားလွန်းလို့ပါ။

www.burmeseclassic.com



"ဩော် ... သားရယ်၊ ပျောက်ချက်သား ကောင်းလိုက်တာ အန်တီတို့တောင် သားအကြောင်း အခုပဲ ပြောနေကြတာ"

"ဟုတ်တယ်၊ ကျွန်တော် နေမကောင်းလို့ပါ၊ စိတ်ပူနေ မှာစိုးလို့ ဖုန်းမဆက်တာ"

တကယ်ပဲ သူ့မျက်နှာလေးက ချောင်ကျနေ နှုတ်ခမ်းတွေတောင် ဖြူရော်နေသေးသည်။

"နေမကောင်းသေးရင်လည်း မလာပါနဲ့လား ရောင်ဝါရ တော်ကြာ လမ်းမှာ မူးမေ့နေမှဖြင့်"

လျှာဖျားက မဟုတ်ဘဲ ရင်ထဲလာတာ သိပ်သိ လွန်းတဲ့ စကားတွေကြောင့် သူ မီးလေးကို တွေတွေလေး နေမိသည်။ မတွေ့ရ မမြင်ရတော့မှ မီးလေးပေါ် တွယ်ငြိနေ ကြိုးက ဘယ်လောက်ခိုင်မာနေပြီမှန်း သူ စစ်ကြောကြည့် သည်။ နေ့တိုင်း ဖုန်းဆက်ဖြစ်တဲ့ ရတနာရဲ့လေသံချိုချို တွေက မီးလေးကို လွမ်းမိတဲ့ အလွမ်းတွေကို မကုစားနိုင်ခဲ့ လေ။ ဘယ်လိုမှ မနေနိုင်တဲ့အဆုံး သူ ထ,နိုင်ပြီဆိုတာနဲ့ မီး





ဆီ အရောက်လာခဲ့မိတာ ရင်ထဲက အလွမ်းဝေဒနာကို ဖြေဖျောက်ဖို့ပဲဖြစ်သည်။

"ဘာတွေချက်လဲဟင်"

မီးဖိုချောင်ထဲ တိတ်တဆိတ် ဝင်လာရင်း ဟင်းအိုးအူနေတဲ့ သရဖူ့အနား သူ လာရပ်သည်။ သူ့အသံတွေကလည်း သိပ်အားရှိတဲ့ပုံမပေါ်။ သူ့မျက်ဝန်းထဲမှာ သရဖူ မမြင်ဘူးခဲ့တဲ့ အရိပ်တစ်ခု ကွန့်မြူးလို့နေသည်။

"နင် ဘာစားချင်လို့လဲ၊ နေမကောင်းပြီးစ,ဆိုတော့ အားရှိတဲ့ အစားအစာ စားမှဖြစ်မှာ၊ ပုစွန်ကြော်ထားတာရှိတယ်၊ ငါ အခု နင့်အတွက် ကြက်စွပ်ပြုတ်လေး လုပ်ပေးမလို့"

"ဘာဖြစ်လို့ လုပ်ပေးမှာလဲ၊ ဘာဖြစ်လို့ လုပ်ပေးချင်ရတာလဲ"

"လောလောဆယ်အထိတော့ နင်က ငါနဲ့ စေ့စပ်ထားတဲ့သူမို့လို့ပါ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာစကားမှ ဆက်မပြောတော့ဘဲ သရဖူလုပ်နေတိုင်နေတာတွေကို တိတ်တဆိတ် ကြည့်နေရှာသည်၊

"မီးလေး ... နင့်ကို ငါ စ,ငြင်းရင် နင် စိတ်ချမ်းသာမှာ ပေါ့နော်"

သူ့မေးခွန်းကြောင့် သရဖူ ရင်ထဲဆို့နင့်လာသည်။ ငိုချင်လျက် လက်တို့ဆိုတာ ဒါမျိုးကို ခေါ်တာများလား။

"နင် အိပ်ရှေ့မှာ ငြိမ်ငြိမ်လေး သွားထိုင်နေတာ ကောင်းမယ် ထင်တယ်"

သူ့မေးခွန်းကို သရဖူ မဖြေချင်တာနှင့် သူ့ရဲ့ အတင်းနှင်ထုတ်နေမိသည်။

"နင် ဖြေပါ မီးလေး"

သရဖူ သွားသမျှနေရာရှေ့က သူ လိုက်လိုက်ပိတ်ရပ်ပြီး အတင်းအကျပ်ကြီး မေးလာသည်။ ကြာရင် ဝေဒနာတွေ ပွင့်ထွက်ပြီး အရှက်ကွဲမှာစိုး၍ သရဖူ ခပ်တိုးတိုးပဲ အဖြေပေး လိုက်သည်။





"ဟုတ်တယ်လို့ပဲ သဘောထားလိုက်ပါ"

သူ့မျက်ဝန်းတွေက သိသိသာသာ အရောင်မှိန်သွားသည်။ ဒါ ဘာကြောင့်လဲ ရောင်ဝါ။ နင် ငါ့ကို အရှုံးပေးရတော့မှာမို့ စိတ်ညစ်သွားတာလား။ အဲဒီ တစ်ညလုံး သူ့ရဲ့မှုန်မှိုင်းသွားတဲ့ မျက်ဝန်းတွေကိုသာ ထပ်တလဲလဲ မြင်ယောင်မိသည်။ အဲဒီ အဓိပ္ပာယ်က ဘာများဖြစ်နေမလဲ ရောင်ဝါ။ ငါ သိချင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၉

သက်ပြင်းထပ်ခါထပ်ခါ ချနေသော ရောင်ဝါနေ့ကို ရတနာစွယ်စုံ စူးစမ်းကြည့်လေးနှင့် ကြည့်မိသည်။ ခင်မင်လာတဲ့ တစ်လအတွင်းမှာ သူမ သိလိုက်ရတာက ရောင်ဝါနေမှာ တခြားယောကျ်ားတွေနဲ့မတူတဲ့ သဘောသဘာဝလေးတွေ ရှိသည်ဆိုတာပင်။ ပျော်ပျော်နေတတ်ပေမင့် သူက ရိုးသားသည်။ ကိုယ်ကျင့်သိက္ခာလည်း ကောင်းသည်။

"ရှင် ဒီနေ့ တစ်ခုခု ဖြစ်နေသလိုပဲ၊ တို့ကို မိတ်ရင်းဆွေရင်းလို သဘောထားရင် ရှင် ခံစားနေရတာတွေ ပြောပြလို့ ရပါတယ်"





ဒါ လမ်းခင်းပေးတာပေါ့။ တကယ်လို့များ သူ့ရင်မှာ ရတနာနဲ့ ပတ်သက်ပြီး ခံစားချက်တစ်စုံတစ်ရာ ရှိခဲ့ရင် မြဲမြဲပေါ်စေချင်၍ပါ။

"ရတနာ့ကို ညာထားတာလေး တစ်ခုရှိတယ် ရတနာ၊ အဲဒီက စ,ပြောရမှာပဲ"

"ဩော် ... ညာထားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

ချောမွေ့သော သူ့မျက်နှာမှာ အပြုံးရိပ်တစ်ခုထင်ဟပ်လာသည်။ အားတုံ့အားနာ အပြုံးမျိုးလေး။

"တကယ်တော့ မီးလေး ဆိုတာ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ ကောင်မလေးပါ"

"ဩော်"

"မကြာခင် လက်ထပ်ရတော့မယ့်သူပေါ့။ ဒါပေမဲ့ သူက ကျွန်တော့်ကို လက်မထပ်ချင်ဘူး၊ သူကိုယ်တိုင်ကလည်း မငြင်းချင်ဘူး"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဘိုးက ကျွန်တော့်ကိုလက်ခံမှ အမွေတွေပေးမှာလေ၊ ဒီတော့ သူက အမွေတွေတော့ လိုချင်တယ်၊ ကျွန်တော့်ကိုတော့ မယူချင်ဘူး၊ ဖြစ်နိုင်ရင် ကျွန်တော့်ဘက်က ငြင်းစေချင်တယ်"

"ဪ"

"သူနဲ့ကျွန်တော် အစောကတည်းက မျက်နှာကျောတည့်ကြတာ မဟုတ်ဘူး၊ ကျွန်တော့်မိဘတွေကလည်း သူနဲ့မှ လက်မထပ်ရင် အမွေပြတ်လို့ ရာဇသံပေးပြီးသား"

"ဒီတော့ ..."

"တကယ်တမ်းကျတော့ သူ့ကို ကျွန်တော် မုန်းမနေဘူး၊ သံယောဇဉ်ရှိနေတယ်၊ သူ့ဘက်တော့ ကျွန်တော် မသိဘူး၊ နှစ်ယောက်သား အပြိုင်အဆိုင် တစ်ယောက်ထွက်သွားရအောင် ကြံစည်ကြရင်းနဲ့ ကျွန်တော် သူ့အပေါ် ငြိတွယ်သွားမိသလား မပြောတတ်ပါဘူးဗျာ"

ခပ်တိုးတိုး ခေါင်းငုံ့ရယ်နေတဲ့ သူ့ကို ရတနာ မမိတ်မသုန် စိုက်ကြည့်နေမိသည်။ အခု သူက ရတနာ့ကို ရင်ဖွင့်





နေတာပေါ့။ ရတနာမဟုတ်တဲ့ တခြားကောင်မလေးတစ်ယောက်ရဲ့အကြောင်းကို။

အတူတူ သွားလာစားသောက် လည်ပတ်ကြတာ။ ဒုန်းတွေ တမေ့တမော ပြောကြတာတွေက ဘာအဓိပ္ပာယ်မှ မရှိဘူးပေါ့။

ရတနာ့ရင်ထဲ မျက်ရှုရှလေး နာကျင်သွားသည်။ ရတနာလို လုပတဲ့မိန်းကလေးနဲ့ မိတ်ဆွေဖြစ်တဲ့ယောကျ်ားတိုင်း ရတနာ့ကို ချစ်ရေးဆိုကြသည်ချည်း။ သူ့ကျမှ ...။

"ကျွန်တော့်ကိုယ်တောင် ကျွန်တော် မယုံချင်ဘူး၊ ဒီတော့ ကျွန်တော် ဒီကစားပွဲကို အဆုံးသတ်ပစ်လိုက်ချင်ပြီ၊ သူ့ကို ပျော်ရွှင်စေချင်တယ်၊ ကျွန်တော်က အရင်စ ငြင်းဖို့ဆုံးဖြတ်လိုက်ပြီ"

"ဒါဆို ရှင့်အိမ်က အမွေပြတ်မှာပေါ့"

"ကျွန်တော် ယောကျ်ားပါ ရတနာရဲ့၊ တစ်ခုပဲ ရတနာ့ကို အကူအညီ တောင်းပါရစေ"

"တို့ကို ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အိမ်က အကြောင်းပြချက် မေးလာခဲ့ရင် ကျွန်တော့်ရဲ့ချစ်သူအဖြစ် ခဏလောက် ဟန်ဆောင်ပေးနိုင်မလား"

သူ့စကားလုံးတွေက ရတနာ့ရင်ဝကို ဆောင့်အကန်ခံလိုက်ရသလို ပြင်းထန်လွန်းပါသည်။ ချစ်သူတောင် ဟန်ဆောင်ချစ်သူတဲ့လား။ ရတနာရဲ့အလှအပက တကယ်ကိုပဲ သူ့ကိုမတိမ်းမူးစေဖူးဘဲ့လား။

"ရတနာ မာနကြီးတာ ကျွန်တော် သိပါတယ်။ ဒီကိစ္စ ရတနာ့အတွက် မလွယ်ကူမှန်းလည်း ကျွန်တော် သိတယ်"

သူ စကားထပ်မဆက်နိုင်အောင် ရတနာ လက်ကာပြလိုက်ရင်း ...

"ပြဿနာမရှိပါဘူး ရောင်ဝါ၊ မိတ်ဆွေအချင်းချင်းပဲ ကူညီရမှာပေါ့၊ ဒါပေမဲ့ ဒီကိစ္စ ရှင်သိပ်စွန့်စားလွန်းရာရောက်နေမလား"

"မတတ်နိုင်ဘူး ရတနာ၊ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိဘူး"





"စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်၊ ရှင် သူ့ကိုများချစ်သွားလို့လား"

သူက မေးခွန်းကိုမဖြေဘဲ လက်ဝါးနှစ်ခုကိုပွတ်ရင်းရှက်ရယ် ရယ်နေသည်။ ပါးစပ်က မဖြေပေမယ့်လည်း သူ့မျက်ဝန်းမှာ တွေ့နေရပါသည်။ သူ ထိုကောင်မလေးကို တကယ်ချစ်သွားမိပြီ။

"ရတနာ့လို ရင်ဖွင့်စရာ မိတ်ဆွေတစ်ယောက်ရတဲ့အတွက် ကျွန်တော် ဝမ်းသာမိတယ်"

"တို့လည်း ဝမ်းသာပါတယ်"

"သူ့ရဲ့အပြင်းပြဆုံးဆန္ဒက ကျွန်တော့်ကို ထွက်သွားစေချင်တာလေ ရတနာ၊ ရတနာ့လို သိပ်လှတဲ့ ကောင်မလေးနဲ့ ချစ်သူဖြစ်သွားလို့ သူ့ကို ငြင်းတယ်ဆိုရင် ဘယ်သူမှ ကျွန်တော့်ကို သံသယဝင်မှာ မဟုတ်ဘူး"

"သိပ်ကောင်းပါတယ်ရှင်"

ရတနာ့နှုတ်ခမ်းဖျားက အပြုံးတွေထဲမှာ ကောက်ကျစ်စဉ်းလဲရိပ်တွေ ခိုဝင်နေ၏။ မေ့စင်းသွားသော မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အရိပ်တချို့က သိသိသာသာ ထင်ဟပ်နေ၏။ ဒါတွေက သူမရဲ့ပထမဦးဆုံးသော အရွှံ့တစ်ခုက ပေါက်ပွားလာတဲ့ အကျိုးဆက်တွေပေါ့။

✿ ✣ ✿





၃၀

ရှေ့က ဖုန်းက message တစ်စောင် ဝင်သံကြားတော့ သရဖူ ယူဖတ်ကြည့်မိသည်။ ပို့တဲ့သူက ရတနာစွယ်စုံ။ ရောင်ဝါနေရဲ့နှလုံးသားကိုယူပြီး သရဖူ့အနားက ထွက်သွားအောင် အကူအညီ တောင်ထားခဲ့သည့် မေဝါတို့ရဲ့သူငယ်ချင်း။

"မနက်ဖြန် ၉ နာရီ၊ ဆာကူရာတာဝါ အပေါ်ဆုံးထပ်က ကော်ဖီဆိုင်"

message က တိုတိုတုတ်တုတ်။ ဒါပေမဲ့ အကြောင်းထူးမှာတော့ သေချာပါသည်။ ရတနာစွယ်စုံဆိုတာ ပုရိသယောကျ်ားတွေရဲ့ အသည်းကို နည်းမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ ဖယ်တောက်ကစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် အသည်းစားဘုရင်မ။ ရောင်ဝါနေကို ဆွဲဆောင်ဖို့ အချိန်တစ်လပဲယူမယ် ပြောခဲ့သူ။

တကယ်ပါပဲ။ ရောင်ဝါက သူ့ဆီ ညတိုင်းဖုန်းဆက်တာ သရဖူ မြင်တွေ့ကြားနေရပါသည်။ သရဖူ message လေးကို ဖျက်ပစ်လိုက်ပါသည်။ ရတနာနဲ့ သရဖူတို့ရဲ့ ပတ်သက်မှုကို ဘာသက်သေ အထောက်အထားမှ မရှိစေချင်သောကြောင့်ပါ။

ကော်ဖီဆိုင်ထဲ ဝင်လာသမျှ လူတွေအားလုံး တစ်ယောက်နဲ့တစ်ယောက်အပြင်အဆင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြသည့် အမျိုးသမီးနှစ်ယောက်ဆီသာ အကြည့်ရောက်နေကြသည်။

တစ်ယောက်က မြန်မာဆန်ဆန် မျက်စိအေးစရာယဉ်တဲ့ ပျိုမဒီ ဖြစ်ပြီး၊ တစ်ယောက်ကတော့ မြင်သူကို ဘဝင်ဆူစေလောက်သော ခေတ်၏သမီးပျို။

ကော်ဖီခွက်ကို နှုတ်ခမ်းမှာတေ့ပြီး တစ်ငုံလောက်လေးငုံနေတဲ့ ရတနာစွယ်စုံဆီက စကားကို ယဉ်သရဖူ တထိတ်ထိတ်နှင့် ငံ့လင့်နေမိသည်။





"တို့ကို သူ မနေ့က ပရိုပို့စ်လုပ်တယ်"

"ဩော်"

အပူရှပ်ကို ဖုံးဖိဖို့ အသည်းအသန် ကြိုးစားနေတဲ့ ယဉ်သရဖူကို ရတနာစွယ်စုံ တစိမ့်စိမ့် အရသာခံပြီးကြည့်နေသည်။ အစကတည်းက ကိုယ့်နှလုံးသားကိုယ် မနိုင်ရင် ဒီလိုလုပ်ဖို့မကောင်းဘူးလေ ယဉ်သရဖူ။ ရောင်ဝါနေ ဆိုတဲ့ လူအတွက် ပေးခဲ့ရတဲ့ အချိန်တစ်လတာ။ ထိခိုက်သွားတဲ့ ငါ့ဂုဏ်သိက္ခာအတွက် လျော်ကြေးတစ်ခုတော့ ပြန်ရယူမှ တရားမှာပေါ့။

ရတနာစွယ်စုံက သူမရဲ့နှုတ်ခမ်းစုစုလေးကို ညည်းပြည်းချင်းဖြန့်၍ ပြုံးလိုက်ကာ ...

"သရဖူ ဝမ်းသာအောင် ကိုယ်တိုင်ပြောချင်လို့လေ"

"ဂုဏ်ယူပါတယ်၊ စွယ်စုံ လုပ်နိုင်မယ်ဆိုတာ သရဖူ ကြိုသိထားပါတယ်"

"တို့ သရဖူ့ကို ဝန်ခံပါတယ်၊ သူ့ကို ဟန်ဆောင်ပြီး မဟုတ်ဘဲ ဒို့ တကယ်ချစ်မိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မော့ကြည့်လာတဲ့ ယဉ်သရဖူ့မျက်ဝန်းထဲ ကနေတစ်ဆင့် သူမနှလုံးသား သွေးထွက်သံယို ဖြစ်နေတာ ရတနာ မြင်လိုက်ရသည်။

“ဒီတော့ တို့ အခု ဘာဆက်လုပ်ရကောင်းမလဲ၊ သရဖူနဲ့ လာတိုင်ပင်တာ”

“ဟမ် ... ဘာကိုလဲ”

သရဖူက သူ့စကားကို နားရှင်းဟန်မရှိ။ အိမ်မက်ထဲ လမ်းလျှောက်နေသူ တစ်ယောက်လို အသိမကပ်တော့တဲ့ ကယောင်ချောက်ချားပုံစံမျိုး။

“သူ သရဖူ့နားက ထွက်သွားလိုက်တာနဲ့ အမွေဖြတ်ခံရမယ်။ သူ့ကို တို့ ဒီလိုလုံးဝ အဖြစ်မခံနိုင်ဘူး၊ စွန့်လွှတ်ဖို့ကျပြန်တော့လည်း တို့မှာ သတ္တိမရှိဘူး”

“သူကရော ဘာပြောလဲ”

“သူကတော့ သရဖူ့ဆီးက ထွက်သွားပြီး တို့လက်ကိုတွဲပြီး အတူရင်ဆိုင် ကျော်ဖြတ်မယ်တဲ့”

“ဟင်း”





တိုးတိတ်စွာ ခေါင်းငုံ့နေတဲ့ ယဉ်သရဖူ ဘာတွေ စဉ်းစားနေမလဲ။ ရောင်ဝါနေလိုပဲ ခပ်ကြောင်ကြောင်အတွေး ယဉ်သရဖူမှာလည်း မရှိဘူးလို့ မပြောနိုင်ဘူးလေ။

“သရဖူ စဉ်းစားဦးမယ် စွယ်စုံ။ သရဖူ့ကို အချိန်နည်းနည်းလောက် ထပ်ပေးပါ။ တို့သုံးယောက်အတွက် သင့်တော်မယ့် အဖြေတစ်ခုတော့ ထွက်လာမှာပါ”

ယိုင်တိုင်တိုင် ခြေလှမ်းတွေနဲ့ ထွက်သွားတဲ့ ယဉ်သရဖူ သူ့မြင်ကွင်းထဲက ပျောက်သွားတဲ့အထိ မှန်းတီးနေတဲ့ မျက်ဝန်းတွေနဲ့ ရတနာစွယ်စုံ စိုက်ကြည့်နေမိသည်။ နင်တို့နှစ်ယောက်စလုံး ငါ့ကို လာအသုံးချကြတာပဲ။ ဒီအတွက် တစ်ယောက်ရဲ့ခံစားချက်တွေကို တစ်ယောက် မသိဘဲ ဝေးကွာသွားစေရမယ်။

❁ ✣ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၃၁

ဒီနေ့ ထူးတင့် မွေးနေ့မို့ သူငယ်ချင်းတွေစုပြီး ထူးတင့်အိမ်မှာဆုံဖို့ ချိန်းထားကြသည်။ သရဖူ့ကိုတော့ သူ ဝင်ခေါ်ခဲ့သည်။ သရဖူ့သူငယ်ချင်း ကေခိုင်နဲ့ မေဝါကိုပါ ဖိတ်ထားတာမို့ ဒီနှစ် ထူးတင့် မွေးနေ့ကတော့ အရင်နှစ်တွေလို သူတို့ ယောကျ်ားလေးတွေချည်း မဟုတ်ဘဲ စိုပြည်နေမှာတော့အမှန်။

ကားပေါ်က ဆင်းဆင်းချင်း ထူးတင့်က အနားရောက်လာပြီး သူ့ပခုံးကို ဖက်လာသည်။ အိမ်ထဲက ကေခိုင်နှင့် မေဝါကလည်း ပြေးထွက်လာကြသည်။

"လာ ... သရဖူ"





မေဝါက အိမ်ရှင်လိုလို ဘာလိုလိုနှင့် သရဖူ့လက်ကိုဆွဲ၍ ကိုယ့်အိမ်ကိုယ်ရာထဲ ဝင်သလို ရဲရဲတင်းတင်းမို့ သူ ထူးတင့်ကို မျက်စပစ်ပြလိုက်သည်။

"ငါတို့ ငြိနေကြပြီကွ ... ဟဲ ဟဲ"

"ဟေ့ကောင် ... မင်း သွက်လှချည်လား"

သူ ထူးတင့် လက်မောင်းကို ခပ်ဖွဖွထိုးလိုက်တော့ ထူးတင့်က တဟားဟားနှင့်ရယ်ကာ ...

"ဒီလောက်တော့ သွက်ရမှာပေါ့ကွ၊ သူများတွေဆို လက်တောင် လက်ထပ်ကြတော့မှာကို"

ရောင်ဝါ မျက်နှာ ညိုသွားသည်။ ပြီးမှ ချက်ချင်း ဟန်ဆောင်ရယ်မောလိုက်ကာ ...

"ဟိုကောင်တွေရော"

"နောက်ဖေးမှာ အလုပ်ပေးထားတယ်၊ သူတို့ လက်စွမ်းပြမယ် ဆိုလို့လေ"

"ဒါနဲ့ မင်းအမေလည်း မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"တရားစခန်း သွားတယ်လေ၊ အိမ်မှာ ငါတို့ညီအစ်ကိုသုံးယောက်ပဲရှိတယ်၊ ဒါကြောင့် လွတ်လွတ်လပ်လပ် စားကြရအောင် အိမ်ကိုပဲ ချိန်းလိုက်တာ"

သရဖူတို့ မိန်းကလေးသုံးယောက် နောက်ဖေးမီးဖိုချောင်ထဲဝင်ပြီး ချက်မယ်၊ ပြုတ်မယ် တကဲကဲ လုပ်နေကြသောယောကျ်ားလေး သုံးယောက်ဆီက ဟင်းချက်စရာ အစုံအလင်ကို လက်ပြောင်းယူလိုက်ကြသည်။ နို့မို့ သူတို့လက်ထဲမှာ ပျက်စီးပြီး ဘာမှ မစားရမှာစိုးလို့လေ။

ရောင်ဝါတို့အုပ်စု လိုအပ်တဲ့ စားစရာ သောက်စရာ ပစ္စည်းတွေဝယ်ဖို့ ထွက်သွားကြတော့မှ မေဝါနဲ့ ကောခိုင်တို့ သရဖူ့နားကပ်ပြီး သူတို့မေးလိုတဲ့ မေးခွန်းကို ဖြောင့်ဖြောင့်တန်းတန်း မေးရရှာသည်။ နို့မို့ နောက်ဖေးမီးဖိုချောင်ထဲလာပြီး ချက်ပြီးသမျှ လာလာမြည်းကြည့်နေတဲ့ သူတို့အုပ်စုရဲ့ အဝင်အထွက်တွေ ရှုပ်နေတာ မဟုတ်လား။

"စွယ်စုံနဲ့ ရောင်ဝါနေတို့ကိစ္စက ဘယ်လိုလဲဟဲ့"





"သူ တကယ်လုပ်နိုင်ခဲ့တယ် မေဝါ၊ အခု သူတို့ ချစ်သူတွေ ဖြစ်သွားပြီ၊ သူက ရောင်ဝါ့ကို တကယ်ချစ်တာတဲ့"

"ဟယ် ... ဒီတော့"

"ငါ သူ့ အခြေမှဲ့ အနေမှဲ့ ဖြစ်သွားမှာကို စိုးရိမ်တယ်၊ သူ ငါ့ကိုငြင်းရင် တကယ် အမွေဖြတ်ခံရမှာ သေချာတယ်"

"နင် ဘာတွေပြောနေတာလဲ"

မေဝါနဲ့ ကောခိုင် ယဉ်သရဖူ့စကားတွေကို လုံးလုံးနားမလည်။ သူပဲ ရောင်ဝါနေကို ကြည့်လို့မရလွန်းလို့ ရတနာစွယ်စုံကို အကူအညီ တောင်းခဲ့တာလေ။

"ငါက ဘာအရေးလဲဟာ၊ မသကာ အမွေမရရုံပေါ့၊ ဘိုးဘိုး စိတ်ခုသွားပေမယ့်လည်း ကြာရင်တော့ ငါ့ကိုခွင့်လွှတ်မှာပါ"

"ဘယ်လို ... ဘယ်လို ယဉ်သရဖူ၊ နင် စိတ်မှမှန်သေးရဲ့လား"

"ဟုတ်ပါ့ ... နင် ယဉ်သရဖူ အစစ်မှ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာတော့ ဟုတ်ပါတယ်၊ နှလုံးသား ပြောင်းသွားတာ၊ ငါ မရှက်ပါဘူး၊ ငါ ဝန်ခံပါတယ်၊ မဟုတ်ဘူး ... ငါ့ ရင်ထဲမှာ ခံစားနေရတာတွေကို တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေတာ၊ ငါ သူ့ကို ချစ်တယ်၊ အရမ်းချစ်တယ်"

"ဟင်"

"ဟယ် ... တကယ်ကြီးလား"

မေဝါနှင့် ကေခိုင် ရင်ဘတ်ကိုဖိပြီး တအံ့တသြဆိုကြသည်။ မျက်လုံးပွတ်တဲ့သူကပွတ်၊ ကိုယ့်လက်ကိုယ် ဆွဲဆိတ်တဲ့သူက ဆွဲဆိတ်နှင့် သူတို့ မယုံနိုင်တာကို အမူအရာဖြင့်ပြနေကြသည်။

"ငါ ... ငါ ... ဒီညပဲ စေ့စပ်ပွဲကို ဖျက်သိမ်းပေးဖို့ ဘိုးဘိုးနဲ့ တိုက်ပွဲဝင်တော့မယ်"

ပြောရင်းနဲ့ သရဖူ မျက်ရည်ကျသည်။ ဒီတော့မှ မေဝါရော ကေခိုင်ပါ ခြေမကိုင်မိ လက်မကိုင်မိ ဘယ်လိုနှစ်သိမ့်ပေးရမှန်းမသိ ဖြစ်ကုန်ကြသည်။





"ရေနစ်သူကို ဝါးကူထိုးတာတော့ မဟုတ်ဘူး သရဖူ၊ ဒါတွေ အားလုံး နင်ရှည်လို့ ဖြစ်ရတာ၊ ရတနာစွယ်စုံရဲ့ မာယာစက်ကွင်းထဲက လွတ်မြောက်သွားတဲ့ ယောကျ်ားဆိုတာ လုံးဝမရှိဘူး၊ အစကတည်းက နင် ရောင်နေဝါကို စိတ်ဝင်စားနေတယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်မတူးခဲ့သင့်ဘူး"

ကေခိုင်က ငိုနေတဲ့ သရဖူကို ကရုဏာဒေါသောနှင့် ပြောလိုက်သည်။ သူတို့လည်း သရဖူတို့ရဲ့ အရှုပ်ကို ဝင်ရှင်းမပေးတတ်။

"ငါလည်း ဘယ်သိမလဲဟဲ့၊ သူ့ကို ဘယ်တုန်းကတည်းက ချစ်နေမိမှန်းကို မသိတာ၊ ဒါပေမဲ့ အခုတော့ အားလုံးပြီးဆုံးသွားပါပြီ"

သရဖူ တိုးတိမ်စွာပြောပြီး မျက်ရည်တွေနဲ့ ပျက်သွားတဲ့ သနပ်ခါးကို အစားပြန်မထိုးနိုင်တာနှင့် ရေချိုးခန်းက ဘေစင်မှာ မျက်နှာသွားသစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စု ပြန်ရောက်လာတော့ ထမင်းစားပွဲရှည်ကြီးပေါ်မှာ ညစာအတွက် အားလုံးအဆင်သင့် ပြင်ပြီးပြီ။

"ဟင် ... မီးလေး၊ နင့်သနပ်ခါးတွေ ဘယ်ရောက်သွားလဲ"

ပါးပြင်ပေါ် သရဖူ လက်ဖြင့် အသာစမ်းပြီး ယောင်နန ဖြစ်နေတုန်း မေဝါက ...

"ရေတံသီးထောင်းလိုက်တာ မျက်လုံးထဲဝင်သွားလို့လေ၊ မျက်နှာသွားသစ်လိုက်တာ"

ဟု ဝင်ကယ်လိုက်တော့မှ သရဖူ အသက်ရှူချောင်သွားသည်။

"နင်တို့ကလည်း မီးလေးက ချက်နေတာပဲ၊ ရေတံသီးထောင်းတာတော့ နင်တို့ ထောင်းပေးကြပါလား"

ရောင်ဝါနေ့ စကားကြောင့် အားလုံး ကြောင်သွားသည်။ ထူးတင့်မျက်နှာ ကွက်ခနဲပျက်သွားတာတွေ့တော့ သရဖူ အားနာသွားသည်။ သူလည်း သူ့ကောင်မလေးကိုပြောတော့ ဘယ်ကြိုက်မလဲ။





"ရောင်ဝါကလည်း ... အားနာစရာကြီး၊ ဘာလို့ လျှောက်ပြောတာလဲ၊ သူတို့လည်း အလုပ်ကိုယ်စီ လုပ်နေကြတာပဲ"

"ဒီကောင် ရောင်ဝါက ဒီအတိုင်းပဲလေ"

"sorry ကွာ"

သူက ခပ်တိုးတိုး တောင်းပန်ပြီး ဝယ်လာတဲ့ ငါးကင်ဘူးတွေ ၊ ရေတံသီးဆော့ပုလင်းနဲ့ အအေးဘူးတွေကို စားပွဲပေါ်တင်လိုက်သည်။ တစ်အုပ်စုလုံးရဲ့ စိတ်ထဲမှာလည်း ယဉ်သရဖူကို ဆတ်ဆတ်ထိမခံ ဖြစ်နေတဲ့ ရောင်ဝါနေကို အံ့သြခြင်းကြီးစွာ ဖြစ်နေကြသည်။ ဒီကောင် အပြောင်းလဲကြီး ပြောင်းလဲသွားပြီပဲ။

သိပ်မကြာတဲ့ အချိန်လေးအတွင်း အခြေအနေအားလုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ ထမင်းစားပွဲမှာ ဝိုင်းထိုင်ဘားသောက်ကြပြီး တဝါးဝါး တဟားဟားနှင့် ညစာစားပွဲလေးက စိုပြည်သာယာလို့နေသည်။

"ဟဲ့ ... ဖုန်းမြည်သံ ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေခိုင်က အော်ပြောလိုက်တာမို့ အားလုံး နားစွင့်လိုက်ကြသည်။ ထွက်လာတဲ့ ringtone သံက ဘန်နီဖြိုးရဲ့ "အလွမ်းပြေအနမ်း"သီချင်း၊ ဒါပေမဲ့ အသံကတော့ ဘန်နီဖြိုး အသံ မဟုတ်ဘဲ ထူးတင့်ရဲ့ အသံသြသြကြီး။

"ဝါး ဟား ဟား ဟား"

အားလုံး တိုင်ပင်မထားထဲ ထ,ရယ်လိုက်ကြတာမို့ မေဝါက ရှက်ရှက်နှင့် ထပြေးပြီး သူမ စလင်းဘတ်အိတ်ထဲက ဖုန်းကို ထုတ်ယူလိုက်သည်။

"မေဝါ ... စပီကာဖွင့်လိုက်"

ထူးတင့်က လှမ်းအော်တော့ မေဝါ ခေါင်းခါပြလိုက်သည်။ ဖုန်းမှာ ပေါ်နေတာက စွယ်စုံ့ဖုန်းနံပါတ်။ ဘယ်လိုလုပ် ဖွင့်လို့ဖြစ်မှာလဲ။

မေဝါက "ခဏ"ဟု အားလုံးကို လက်ပြကာ အိမ်ရှေ့ဧည့်ခန်းဆီ တခုန်းခုန်းနဲ့ ပြေးသွားပြီး ထူးတင့်ကလည်း နေရာကထ,လို့ မေဝါ့နောက် အပြေးလိုက်သွားသည်။ ဘယ်သူမို့လို့ မေဝါ မျက်စိပျက် မျက်နှာပျက် ဖြစ်နေတာလဲ သူ သိချင်နေသည်။





"ထူးတင့်ကိုကြည့်ပြီး ငါ မျက်စိနောက်လာပြီ"

နိုင်လေး အပြောကြောင့် စစ်နိုင်က တခွိခွိရယ်ကာ ...

"မင်းလည်း ကြိုးစားလေကွာ၊ တစ်ယောက် ကျန်သေးတာပဲ"

ဟု ပြောလိုက်လျှင် ကေခိုင်က မျက်နှာနီနီဖြင့် မျက်စောင်းလှမ်းထိုးသည်။

ခဏကြာတော့ ထူးတင့်က ပြုံးဖြဲဖြဲနှင့် ပြန်ရောက်လာပြီး သူ့ထိုင်ခုံတွင် ဝင်ထိုင်ကာ ...

"ငါ ဘယ်ကောင်နဲ့များ ဆက်တာလဲလို့ စိတ်ပူသွားတာ"

"ဘယ်သူလဲ"

"သူ့သူငယ်ချင်းတစ်ယောက် ဖြစ်မှာပေါ့၊ 'စွယ်စုံ'လို့ပြောသံကြားတယ်"

ကေခိုင်က အလန့်တကြားနှင့် သရဖူ့ကို လှမ်းကြည့်သည်။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းစကားပြောနေကြ၏။ အဲဒါကို မသင်္ကာစိတ်ဖြင့် စိုက်ကြည့်နေသူက



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝါနေ။ သူ့ရင်ထဲကို သံသယမီးပွားလေးတွေ လွင့်စဉ်လာသလိုပင်။

သူ့ဦးနှောက်က အကြောင်းအရာ တစ်ခုကို ဆက်စပ်စဉ်းစားကြည့်နေသည်။ စွယ်စုံဆိုတာ နာမည်တူတဲ့ တခြားတစ်ယောက်တော့ မဖြစ်နိုင်ပါ။ ရတနာစွယ်စုံပဲ ဖြစ်ရမည်။

မေဝါ့ကို ဖုန်းဆက်တယ်ဆိုတော့ သူက မေဝါရဲ့သူငယ်ချင်းပေါ့။ ပြီးတော့ "စွယ်စုံ"ဆိုတဲ့ နာမည်ကြားတာနဲ့တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ကြတဲ့ ကေနိုင်နဲ့မီးလေးတို့ရဲ့ မျက်ဝန်းတွေ။ ဒါဟာ သူတို့နှစ်ယောက်လည်း ရတနာစွယ်စုံကို သိနေသည်လို့ ဖော်ညွှန်းတာပဲ။

"မီးလေး ... နင် ရတနာစွယ်စုံကို သိတယ်မဟုတ်လား"

ရုတ်တရက် ထ,မေးတဲ့ ရောင်ဝါ့ မေးခွန်းကြောင့်သရဖူ တစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် တုန်ခိုက်အေးစက်သွားသည်။ သူ့မျက်ဝန်းက အမှုလိုက်တဲ့ ရဲအရာရှိရဲ့ မျက်ဝန်းတွေလိုမျိုး စူးရှတောက်ပြောင်ပြီး သရဖူ့မျက်နှာ အပြောင်းအလဲကို အကဲဖမ်းနေဟန်။





"ငါ မေးနေတယ်လေ ... မီးလေး"

ပျက်ယွင်းပြီး ညိုမှောင်သွားတဲ့ မီးလေးမျက်နှာကသူ့သံသယကို ပိုခိုင်မာစေသည်။ ကျစ်ခနဲ သူက စိတ်မရှည်သံပြရင်း နေရာက ထ,လာပြီး သရဖူလက်ကို ဆွဲကာ ...

"နင်နဲ့ ငါ စကားပြောဖို့လိုပြီ မီးငလေး၊ နင် လိုက်ခဲ့"

သရဖူ ရုန်းမိလား၊ မရုန်းမိလား မသေချာပါ။သေချာတာက သူဆွဲခေါ်သွားတဲ့ဆီ သရဖူ ယက်ကန် ယက်ကန်နှင့် ပါသွားခဲ့သည်။

ဖုန်းပြောပြီးလို့ ဧည့်ခန်းဘက်မှ ထွက်လာတဲ့ မေဝါက သူတို့နှစ်ယောက်ကို မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြည့်နေသည်။ ပြီးတော့ နောက်နားဆီမှာလည်း ကုပ်ကုပ်လေး လိုက်ချောင်းကြတဲ့ သူငယ်ချင်းအုပ်စု။ ဘာတွေဖြစ်ကုန်ပြီလဲ မသိ။

"ထိုင်စမ်း ... ယဉ်သရဖူ"

သူက ဆက်တီခုံတစ်ခုမှာ သရဖူ့လက်ကို တွန်းပြီးထိုင်စေသည်။

သူ့လုပ်ရပ်ကို မနှစ်မြို့စွာ သရဖူ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်တာလဲ ရောင်ဝါနေ၊ နင် ဘာဖြစ်နေတာလဲ"

သူက ဘာကို ဒီလောက် ဒေါသထွက်နေတာလဲ။ သရဖူ လုံးဝနားမလည်ပါ။

"ငါမေးတဲ့ မေးခွန်းကို နင် ဖြေပါ။ နင် "ရတနာစွယ်စုံ" နဲ့ သိနေတာကြာပြီ မဟုတ်လား"

"ဟုတ်တယ် ... မေဝါတို့ သူငယ်ချင်းမို့လို့ သူနဲ့ငါ ခင်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ဟင်း ဟင်း ဟင်း ... ဟား ဟား ဟား"

ရောင်ဝါနေက တစ်ခုခု တွေးမိသွားဟန်ဖြင့် ခေါင်းမော့ပြီး ဟားတိုက်ရယ်နေသည်။ ထိုရယ်သံထဲမှာ နာကျင်မှုရောင်သံပါရောယှက်နေသလိုပင်။

"ဒီတော့ ငါ့ရဲ့ပိုက်ဆံအိတ်ကိုယူပြီး နင် သူ့ကိုပေးခဲ့တယ်ပေါ့ ... ဟုတ်လား ယဉ်သရဖူ"

"ဟင်"

"ငါ့ကို စည်းရုံးသိမ်းသွင်းဖို့ နင် ရတနာစွယ်စုံကို ညွှန်ကြားခဲ့တယ်ပေါ့၊ ပြောပါ သရဖူ"





သူ... သူ အားလုံးကို ဆက်စပ်တွေးမိသွားပြီပဲ။ သရဖူ သူ့မေးခွန်းတွေကို ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်သည်။

"နင် ငါ့ကို အဲဒီလောက်အထိ အကွက်ကျကျ ကြံစည်ရက်တယ်နော်"

သူ့အသံက အဖျားမှာ တုန်ခါနေသည်။ မျက်ရည်ကြည် ရစ်သိုင်းနေသော သူ့မျက်ဝန်းတွေကို သရဖူ သတိလက်လွတ် ငေးကြည့်နေမိသည်။

"နင် ငါ့ကို ထွက်သွားစေချင်တယ်ဆိုတာ ငါ[illegible]တယ် သရဖူ၊ ထွက်သွားပေးဖို့လည်း ငါ ဆုံးဖြတ်ပြီးသား"

သူက ပြောလည်းပြော သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်သည်။ သူ မျက်ရည်ကျသွားလို့လား။

"ငါ နင့်ကို နှုတ်ဆက်ခဲ့ပါတယ် ယဉ်သရဖူ။ ငါတို့ ဒီနေ့ဆုံတွေ့တာ နောက်ဆုံးတွေ့ဆုံခြင်းပဲ၊ နင်နဲ့ ငါရဲ့ပြိုင်ပွဲမှာ ငါ ရှုံးသွားတယ်၊ ငါ အရှုံးပေးခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်သွားတဲ့ သူ့နောက် သရဖူ အပြေးလိုက်သွားပြီး သူ့လက်တစ်ဖက်ကို သရဖူ နောက်ကနေ လှမ်းဆွဲထားလိုက်သည်။

"မသွားပါနဲ့ ရောင်ဝါ၊ နင်နဲ့ စွယ်စုံအတွက် ငါ ဒီညပဲ ဘိုးဘိုးဆီမှာ နင်နဲ့စေ့စပ်ပွဲဖျက်သိမ်းပေးဖို့ တောင်းဆိုဖို့ စီစဉ်ထားပြီးပြီ၊ နင် ထွက်မသွားပါနဲ့"

သူက သရဖူ့ရှေ့ကို ချာခနဲ လှည့်လာသည်။ သူ့မျက်ဝန်းမှာ နာကြည်းရိပ်တွေ ထင်နေပြီး သူ့နှုတ်ခမ်းမှာ သရော်ပြုံးတစ်ခု တွဲလွဲခိုနေသည်။

"ငါနဲ့ စွယ်စုံအတွက် ... ဟုတ်လား၊ ငါ့ဘဝမှာ မိန်းမတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတယ်၊ အဲဒီမိန်းမအတွက် အရာရာစွန့်လွှတ်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒီမိန်းမက နင်ပဲ ယဉ်သရဖူ၊ အဲဒီလိုပဲ ငါ့ဘဝမှာ လုံးဝမေ့ပစ်လိုက်ရမယ့် မိန်းမတစ်ယောက်လည်း ရှိသေးတယ်၊ အဲဒီမိန်းမကလည်း နင်ပါပဲ။ ဒီနေ့ ဒီအချိန်ကစပြီး ငါ့ဘဝမှာ ယဉ်သရဖူ ဆိုတာ လုံးဝမရှိတော့ဘူး"





"ရောင်ဝါ ... ရောင်ဝါ ... ရောင်ဝါ"

တစ်ဟုန်ထိုး ပြေးထွက်သွားတဲ့ သူ့နောက်ကို သရဖူ ခလုတ်တိုက် ချော်လဲမတတ် အပြေးလိုက်သည်။ သူ ကားစက်နှိုးပြီး မောင်းထွက်သွားတဲ့အထိ သရဖူ အော်ဟစ်ပြေးလိုက်ဆဲ။

နောက်က အပြေးလိုက်လာတဲ့ သူငယ်ချင်းအုပ်စုက သရဖူ့ကို ဝိုင်းဆွဲထားကြသည်။

"သွားပြီ ... သူ ငါ့ကို မုန်းသွားပြီ"

သရဖူ မတ်မတ်ရပ်နိုင်စွမ်း မရှိတော့ဘဲ လမ်းပေါ်မှာ ပုံလျက်ထိုင်ချလိုက်သည်။ သူငယ်ချင်းတွေ အားလုံးက ရှိုက်ကြီးတငင်ငင် ငိုကြွေးနေတဲ့ သရဖူ့နားမှာ မျက်နှာမသာမယာနှင့် ဝိုင်းထိုင်နေကြသည်။

"နင် အချိန်တစ်ချိန်တော့ ယူရမှာပဲ သရဖူ၊ အခု သူသွေးပူနေတုန်း၊ နင် ဘာပြောပြော နားဝင်မှာ မဟုတ်ဘူး၊ ပြီးမှ တို့တွေအားလုံး သူ့ကို ရှင်းပြပေးပါ့မယ်"

ကေခိုင် စကားကို သရဖူ ငြင်းဆန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ငါ့မှာ အချိန်မရှိတော့ဘူး၊ သူ ဒီညပဲ အိမ်က ထွက်သွားလိမ့်မယ်၊ ငါ သူ့ကို ဘယ်တော့မှ … ဘယ်တော့မှ မတွေ့ရ …"

ပြောရင်း ရင်ထဲက အလုံးကြီး လည်ချောင်းဝ,မှာ စို့လာပြီး စကားဆက်မပြောနိုင်တော့ဘဲ သရဖူ မေ့လဲကျသွားသည်။

"သရဖူ … သရဖူ … ယဉ်သရဖူ"

အော်သံတွေက သရဖူ့အဝေးမှာ။ သရဖူကတော့ မှောင်နဲ့မည်းမည်းထဲ ချစ်တဲ့ရောင်ဝါ့ကို အမောတကော ပြေးရှာနေမိသည်။

❁ ✤ ❁





## ၃၂

ဖျော့တော့ပိန်လှီသော လက်ကလေးတစ်ဖက်သည် ဘီးအကျဲတစ်ခုကိုယူပြီး ဆံပင်ရှည်တွေကို ဖြီးသင်နေသည်။ ရှေ့က ဘဲဥပုံမှန်ကြီးပေါ်မှာ အရိပ်ထင်နေတာက မျက်ကွင်းညိုကာ၊ ခံစားချက်ကင်းမဲ့နေသော မျက်ဝန်းတွေနှင့် လူမမာရုပ်ပေါက်နေသော မိန်းမတစ်ယောက်၏ပုံ။

"မီးလေး … ပေး၊ မမေ ဖြီးပေးမယ်"

ဒေါ်ကေသီထွန်းသည် သရဖူ့လက်ထဲကဘီးကိုယူပြီး ဆံပင်တွေကို စိတ်ရှည်လက်ရှည် ရှင်းပေးနေသည်။ ရောင်ဝါ ဆိုသည့်ကလေး သူ့အိမ်က ထွက်သွားပြီးကတည်းက မီးလေး



www.burmeseclassic.com

www.burmeseclassic.com



အရှုံးတစ်ပိုင်းလို ဖြစ်သွားခဲ့သည်။ ကောင်လေး၏ဆန္ဒအရ စေ့စပ်ပွဲ ဖျက်သိမ်းပေးဖို့ ကောင်လေးအဖေ ဦးမြင့်ငွေကပြောတော့ ဖေဖေ တော်တော်ဒေါသထွက်ခဲ့သည်။ မိသားစုဝင် အားလုံးလည်း ဒေါသ ထွက်ကြသည်။

စစချင်းတော့ ဘာကြောင့် ဒီလိုဖြစ်ရလဲ ဘယ်သူမှ နားမလည်နိုင်ကြ။ သူမက ပိုပြီးနားမလည်နိုင် ဖြစ်ရသည်။ မီးလေး ရောင်ဝါနေအပေါ်မှာ မေတ္တာရှိတာ၊ ရောင်ပါနေကလည်း မီးလေးကို မေတ္တာရှိတာ သူမ ကောင်းကောင်း သိနေခဲ့သည်ပဲ။ မီးလေးဆီက အဖြစ်မှန်ကို မရမကမေးတော့မှ အားလုံးကို သူမ နားလည်သွားရသည်။

"မေမေ ... ရောင်ဝါ ပြန်လာမှာလားဟင်"

မရိုးနိုင်သော မေးခွန်းကို မီးလေး ထပ်တလဲလဲမေး သည်။ သမီးကိုကြည့်ရင်း ဒေါ်ကေသီထွန်း ရင်ထဲမချိအောင် နာကျင်ရသည်။

"ပြန်လာမှာပေါ့ မီးလေးရယ်။ သူက မီးလေးကိုချစ်တာ ပဲ"





"ဟုတ်တယ် ... သူ့ဘဝမှာ တစ်ယောက်တည်းကိုပဲ ချစ် ခဲ့တယ်၊ အဲဒီလူက မီးလေးလို့ သူ ပြောခဲ့တယ်၊ ဒါပေမဲ့ သူ မေ့ပစ်လိုက်ရမယ့် မိန်းမလည်း ရှိသေးတယ်၊ အဲဒီလူ ကလည်း မီးလေးပဲတဲ့"

မျက်နှာကို လက်နှစ်ဖက်ထဲ ငုံ့ချပြီး မီးလေး ငိုသည်။ သမီးလေးရဲ့ မျက်ရည်တစ်စက်က သူမမျက်ရည်တစ် စက်လိုပင်။ နာကျင်ပြီး အခံရခက်လှသည်။ ဒေါ်ကေသီထွန်း သမီးလေးကို ဖက်ထားလိုက်သည်။ မီးလေးက သူမရင်ခွင်ထဲမှာ ရှိုက်၍ ရှိုက်၍ ငိုနေသည်။

"အန်တီ ကေသီ"

အခန်းဝမှ မီးလေးသူငယ်ချင်းမလေး နှစ်ယောက် မျက်နှာကို မြင်တော့မှ ဒေါ်ကေသီထွန်း သူမမျက်ရည်တွေ သုတ်ပစ်လိုက်ကာ ...

"သြော် ... သမီးတို့ပါလား၊ လာကြလေ၊ မီးလေး ... သူငယ်ချင်းတွေနဲ့ စကားပြောဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၍ မီးလေးသူငယ်ချင်းနှစ်ယောက်ကို မျက်ရိပ်ပြ ခေါ်ထုတ်လိုက်ပြီး ...

"သူ့ကို အရမ်းမငိုပါစေနဲ့ သမီးတို့ရယ်၊ သူ စိတ်ပြေအောင် ချော့ချော့မော့မော့ ပြောပေးခဲ့ကြပါ"

ဟု တီးတိုး ဆိုလိုက်သည်။

ဒေါ်ကေသီထွန်း ထွက်သွားတော့ ကေခိုင် အခန်းတံခါးပိတ်ပြီး မော့ချလိုက်သည်။ သရဖူ့ရုပ်ကိုကြည့်ပြီး နှစ်ယောက်သား စိတ်မသက်မသာ ဖြစ်သွားကြသည်။ နဂိုက ပိန်ရတဲ့အထဲ အခုတော့ အရိုးစုသာသာ။

"သရဖူ ... ဒီအတိုင်းဆက်နေရင် နင် သေဖို့ပဲ ရှိတော့တယ်"

"ကောင်းတာပေါ့ မေဝါ၊ သူနဲ့ဝေးရမယ့်အတူတူ ငါ သေသွားချယ်မိတယ်"

"သေတော့ သူ့ကို နင် မတွေ့ရဘဲ နေမှာပေါ့"

"ရှင်တော့ရော တွေ့ရလို့လား"





မေဝါနဲ့ ကေခိုင် သရဖူ့အိပ်ရာပေါ် ဝင်ထိုင်လိုက်ကြသည်။ ရောင်ဝါနေက လုံးဝကို ခြေရာပျောက်သွားသည်။ ဘာသတင်းအစ,အနမှ မရကြ။ သရဖူ ခံစားနေရတာတွေ့လေ သူမတို့ မခံစားနိုင်ကြ၍ ရောင်ဝါ့သူငယ်ချင်းအုပ်စုကို ရောင်ဝါကို မရမကရှာပေးဖို့ နားပူနားဆာ တိုက်မိလေပင်။

"တစ်နေ့တော့ နင်တို့ ဆုံကြမှာပါ၊ ငါပြောရဲတယ်"

သရဖူက နာနာကျင်ကျင် ပြုံးကာ ခေါင်းခါလိုက်ရင်း ...

"သူ ပြန်မလာတော့ပါဘူး၊ ငါတို့ ဆုံစရာလည်း အကြောင်းမရှိတော့ဘူး၊ ငါ့ကို နှစ်သိမ့်ဖို့ မကြိုးစားပါနဲ့၊ သူ ငါ့ကို အရမ်းချစ်သွားတဲ့အချိန်မှာ ဒီတိစ္စကြီးကို သိလိုက်ရတဲ့အတွက် သူ ပိုခံစားသွားခဲ့ရတာ ငါသိတယ်၊ သူ ပိုပြီး စိတ်နာသွားတာလည်း ငါသိတယ်"

"ဒါဆို ရတနာစွယ်စုံက နင့်ကို ညာခဲ့တာပေါ့ သရဖူ"

"ဟုတ်တယ်၊ သူ ငါ့ကို ညာခဲ့တယ်၊ ရောင်ဝါ ချစ်နေတာ ငါမှန်း သူ အရင်ကြိုသိကောင်း သိနေလိမ့်မယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တမင် ငါ့ကို ရောင်ဝါနဲ့ ချစ်သူဖြစ်နေကြပြီ ပြောခဲ့တာပေါ့၊ အဲဒီလိုပဲ ငါ ရောင်ဝါ့ကို ချစ်တာလည်း သူရိပ်မိလိုက်တယ်"

"အေးပေါ့၊ သူ့ကို ရောင်ဝါ စိတ်မဝင်စားလို့ သူ အရမ်းအခံရခက်ပြီး တမင်လုပ်တာနေမှာ"

"တကယ်တော့ ရတနာစွယ်စုံကို အပြစ်တင်စရာ မရှိပါဘူးဟာ၊ ဒီဇာတ်လမ်းက ငါစ,ခဲ့တာပဲ၊ ငါကိုယ်တိုင် ရောင်ဝါ့ပိုက်ဆံအိတ်ကိုယူပြီး သူ့ကိုပေးခဲ့တာပဲ၊ အားလုံး ငါ့အပြစ်တွေချည်းပဲ"

သုံးယောက်သား အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။

သရဖူ့ရင်ထဲက သောကတွေ၊ နောင်တတွေကိုသူတို့နှစ်ယောက် ကိုယ်ချင်းစာမိနေကြသည်။

"ငါလေ သူနဲ့ တစ်ကြိမ်လေးပဲဖြစ်ဖြစ် တွေ့ရရင် သေပျော်ပါပြီ၊ သူ့ကို သိပ်ချစ်တယ်လို့ ငါ ပြောခဲ့ချင်လို့ပါ"

"သရဖူ ... နင်ကလည်းဟာ မပြောကောင်း မဆိုကောင်း"





တအိအိ ပြိုဆင်းလာတဲ့ မျက်ရည်တွေက သရဖူ့မျက်နှာတစ်ပြင်လုံး စို့နင့်သွားသည်။ မေဝါနဲ့ ကေခိုင်က တိုင်ပင်မထားဘဲ သရဖူ့အနား အပြေးသွားပြီး ဖက်ထားကြသည်။

"စိတ်မလျှော့လိုက်ပါနဲ့ သရဖူ၊ ငါတို့ သူ့ကို မတွေ့တွေ့အောင် ရှာပေးမှာပါ"

❁ ✣ ❁



www.burmeseclassic.com

www.burmeseclassic.com



## ၃၃

ထူးတင့်၊ စစ်နိုင်နှင့် နိုင်လေးတို့ ခေါင်းထဲက မှတ်ဉာဏ်တွေကို အတင်းဖျစ်ညှစ်ထုတ်နေကြသည်။ ရောင်ဝါ ... ဒီကောင် ဘယ်သွားစရာ နေရာရှိလဲ။ သဲလွန်စလေး ရလိုရငြား ဒီကောင်နဲ့ ခင်ခဲ့တုန်းက အဖြစ်အပျက် မှန်သမျှ အကုန်နီးပါး အတွေးအာရုံထဲမှာ မှောက်ခုံပြန်လှန်ပြီး ဖွေရှာနေခဲ့သည်။

"သူ့အိမ်က ကျော်ငြာထည့်ပြီး ခေါ်တာတောင် ပြန်မလာပုံထောက်တော့ သူ သတင်းစာမဖတ်တာ သေချာတယ်"

"သတင်းစာဖတ်မိပြီး တမင် ပြန်မလာတာရော မဖြစ်နိုင်ဘူးလား"





မိန်းကလေးနှစ်ယောက်က အတွေးခြင်းဖလှယ်နေကြသလို သူတို့ယောက်ျားလေး သုံးယောက်ကလည်း ရန်ကုန်တစ်မြို့လုံး ပြိုပြိုစင်အောင် လိုက်ရှာတာတောင် သူ့အရိပ်အယောင်တောင် မတွေ့ရသည့်အတွက် မခံချိမခံသာ ဖြစ်နေကြသည်။

နိုင်လေးက လက်ညှိုးထ,ထောင်ကာ ...

"သိပြီ ... သူ့ g-mail account"

"မရဘူး၊ ငါ သူ့ကို mail ပို့တာ အစောင်ပေါင်း ဘယ်လောက်မှန်းကို မရေနိုင်တော့ဘူး"

"ဟဲ့ ... သူ ဒီလောကကြီးထဲမှာ ရှိရောရှိသေးရဲ့လားဟေ"

"ဒါမှမဟုတ် ဘုန်းကြီးတွေ ဘာတွေများ အပြီးဝတ်သွားတာလား"

မိန်းကလေးနှစ်ယောက်က နောက်ဆုံး အကြံကုန်တော့ ထင်ရာမြင်ရာတွေ ပြောလာကြသည်။ အခြေအနေကလည်း ဒီလိုအခြေအနေမျိုး ရောက်နေသည် မဟုတ်လား။

"မေဝါ ပေါက်ကရ မပြောစမ်းပါနဲ့၊ ယဉ်သရဖူရှေ့မှာ ဒီလိုမျိုး ယောင်ပြီးသွားမပြောနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ထူးတင့်က သူ့ကောင်မလေးကို တိုးတိုးကျိတ်ကျိတ် သတိပေးနေသည်။

"နင်တို့သူငယ်ချင်းက တကယ် ကိုယ်ချင်းစာစိတ်မရှိတဲ့ လူ၊ သူ ပြောချင်ရာပြောပြီး ငါတို့သူငယ်ချင်းခံစားချက်ကို နည်းနည်းလေးမှ ထည့်မတွက်ခဲ့ဘူး"

ကေခိုင်က မျက်နှာရှုံ့မဲ့ပြီး ရောင်ဝါနေကို အပြစ်တင်နေတာမို့ သုံးယောက်သား မျက်နှာပျက်သွားကာ ရောင်ဝါနေအတွက် ဤသို့ ရှေ့နေလိုက်ကြတော့သည်။

"အစကတည်းက သူတို့နှစ်ယောက်က တည့်မှမတည့်ကြဘဲ၊ ပြီးတော့ ယဉ်သရဖူ လုပ်တဲ့အကွက်က ဘယ်လောက်ရက်စက်လိုက်လဲ၊ ဘာပဲဖြစ်ဖြစ်ဟာ သူ မိန်းကလေးတစ်ယောက်ပဲ၊ ယောကျ်ားလေးတစ်ယောက်ရဲ့ မျက်ဝန်းအကြည့်တွေကို နားမလည်ဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ သူ ရောင်ဝါ့ ခံစားမှုတွေကို သိသိနဲ့ လုပ်ခဲ့တာ၊ ဟိုက စိတ်နာသွားတာပေါ့"

ရုတ်တရက် ဆိုင်ရှေ့က ဖြတ်သွားတဲ့ လူတစ်ယောက်ကိုအတွေ့ နိုင်လေး ဝမ်းသာအားရ ထ,အော်သည်။





"ဟာ ... ဟိုမှာ ... ဟိုမှာ ရောင်ဝါနေ"

ခပ်မတ်မတ် လမ်းလျှောက်တဲ့စတိုင်လ်က ရောင်ဝါနေမှ ရောင်ဝါနေအစစ်။

"ဘယ်မှာလဲဟဲ့ ... ဘယ်မှာလဲ"

"နင်တို့နှစ်ယောက် ခဏနေခဲ့၊ ဟေ့ကောင်တွေ လိုက်ရအောင်ကွာ"

"သူ့ကို မရ,ရအောင် ပြန်ခေါ်ခဲ့နော် ထူးတင့်၊ မပါလာရင် နင်နဲ့ငါ အပြတ်ပဲ"

မေဝါက နောက်ကနေ ရာဇသံလှမ်းပေးသည်၊ သရဖူအတွက် ရောင်ဝါနေကိုတွေ့ဖို့ အရေးကြီးသည်။ သရဖူ့အတွက် ရောင်ဝါနေကို ရှင်းပြစရာရှိတာတွေ ရှင်းပြရမည်မဟုတ်လား။

"ဟေ့ကောင် ရောင်ဝါ ... ရောင်ဝါ"

သူက နားမကြားလေဟန် တစ်စက်မှ လှည့်ကြည့်ခြေလှမ်းလည်း မပျက်ဘဲ သူ့လမ်းသူ ဣန္ဒြေရရ ဆက်လျှောက်နေတာမို့ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်၊

www.burmeseclassic.com



"သူ ... ရောင်ဝါ မဟုတ်ဘူး ထင်တယ်"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ မီအောင်သာ လိုက်စမ်းကွာ"

စစ်နိုင် စကားကြောင့် သုံးယောက်သား ခလုတ်တိုက်လဲမတတ် အပြေးလိုက်ကြသည်။ ကားလမ်းဟိုတစ်ဖက်ကူးဖို့ စောင့်နေတဲ့ သူ့အနားသို့ သူတို့ မကြာခင် ရောက်သွားကြသည်။

"ဟေ့ကောင် ရောင်ဝါနေ"

မျက်နှာကို မြင်လိုက်ရတော့မှ သူတို့ ပိုလို့ဒေါသထွက်သွားကြသည်။ ဒီကောင် ရောင်ဝါနေမှ ရောင်ဝါနေအစစ်၊ အရင်ကထက် အများကြီး ပိုပိန်သွားတာသာရှိသည်။

"မင်း ဒါ ဘာအချိုး ချိုးတာလဲ ဟေ့ကောင်"

"ခင်ဗျားတို့ ဘာတွေလာပြောနေတာလဲ"

"ဟေ့ကောင် တော်စမ်းပါ၊ ဒီလို အရူးကွက်နင်းတာမျိုးတွေ လာလုပ်မနေနဲ့၊ ပေါင်းလာတာ ကြာပြီကွ ရောင်ဝါနေ"

"Sorry ပဲဗျာ၊ ခင်ဗျားတို့ကို ကျွန်တော် မသိဘူး၊ လူမှားနေကြတယ်နဲ့ တူတယ်"





မျက်နှာတစ်ချက်လေးမှ မပျက်ဘဲ သူတို့ကို တကယ်မသိတဲ့ ဒီဇိုင်းမို့ နည်းနည်းတော့ ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဒါဖြင့် မင်းက ဘယ်သူလဲ"

"ရောင်နီသစ်"

"ဟေ"

"ဟာ"

အာမေဋိတ်သံများ သူတို့နှုတ်ခမ်းတွေမှ လျှံထွက်လာသည်။ ရောင်နီသစ်ဆိုသည့်ကောင်က လူကူးမျဉ်းကျားကို ခပ်တည်တည်နှင့် ဖြတ်ကျော်ကူးသွားသည်။

"ဟေ့ကောင်တွေ သူက ရောင်နီသစ်ဆိုပါလား၊ ရောင်ဝါနေရဲ့ အမြွှာညီအစ်ကိုများလား"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ မင်း ရောင်ဝါနေ အကြောင်းမသိလို့လား၊ ဒီကောင်က ဉာဏ်အရမ်းများတဲ့ကောင်"

ထူးတင့်က ခဏလောက် တွေသွားပြီးမှ အကြံတစ်ခုယာန်ဖြင့် မိန့်မိန့်ကြီး ပြုံးလိုက်ကာ ...

"ရောင်နီသစ်လား ရောင်ဝါနေလား ခွဲခြားနိုင်ဖို့အတွက် ငါ့မှာ အကြံရှိတယ်၊ ဒီကောင် ဘာခံနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ရောင်ဝါနေ့နောက်သို့ လျှင်မြန်သော အဟုန်ဖြင့် ပြေးလိုက်သွားသည်။ ရောင်ဝါနေကို တွေ့ပြီးမှ ပြန်လှည့်ပေးရမည်ဆိုရင် သူတို့ ညှဲရာကျမည်။ ပြီးတော့ မေဝါ့ရှေ့တွင်လည်း သူက သူရဲကောင်း ဖြစ်ချင်သည်လေ။

"ဟော့ကောင် … ရောင်နီသစ်"

သူ့ရှေ့ကို လာပိတ်ရပ်သော ထူးတင့်ကို သူ စိတ်မရှည်စွာ ကြည့်လိုက်သည်။

တကယ်တော့ သူက အတိတ်က နာကြည်းစရာအားလုံးကို ပြည်ဖုံးကားချဖို့ ကြိုးစားနေတာလေ။ သူ့ဒဏ်ရာပျောက်ကင်းသွားတဲ့ နေ့တစ်နေ့အထိပေါ့။ မီးလေးကို မေ့ပစ်ဖို့ ကြိုးစားနေသည့် အချိန်တွင် ထိုအဖြစ်အပျက်များကို အမှတ်ရစေမည့် မည်သူနှင့်မှ သူ မပတ်သက်ချင်ပါ။

ကွန်ပျူတာဆိုင် တစ်ဆိုင်မှာ အလုပ်ဝင်လုပ်ကာ အဆောင်ငှားနေပြီး သူ့ဘဝသူ ကျောင်းနေရတာ၊ တကယ်တမ်းတော့ ပင်ပန်းလွန်းပါသည်။ အထူးသဖြင့် မီးလေး အကြောင်း အတွေးထဲက မောင်းထုတ်နေရတာက ပိုပင်ပန်းသည်။





"ဒါတို့ရှာနေတာကတော့ ရောင်ဝါနေပဲ၊ မတွေ့တဲ့အဆုံးတော့ ရောင်နီသစ်ကိုပဲ ပြောခဲ့ရမှာပဲ၊ မင်းနဲ့တူတဲ့ ရောင်ဝါနေကို တွေ့ရင် တစ်ဆင့်ပြန်ပြောပေးပါ၊ ယဉ်သရဖူ ပြီးခဲ့တဲ့အပတ်ကပဲ ဆုံးသွားပြီ၊ အိမ်ကလည်း သတင်းစာထဲကနေ သူ့ကို ပြန်ခေါ်နေတယ်၊ အေးအေးချမ်းချမ်းနဲ့ ပြန်လာပါတော့လို့"

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ"

"မင်း သူသေတာတောင် နည်းနည်းမှ မတုန်လှုပ်ဘူးပဲနော်၊ ကောင်းပါတယ်၊ 'ယဉ်သရဖူ' ဝဋ်ကျွတ်သွားတာပေါ့၊ မင်းထွက်သွားပြီးကတည်းက သူ မစားနိုင်မသောက်နိုင် တမှိုင်မှိုင် တတွေတွေနဲ့ လုံးပါးပါးသွားခဲ့တာပဲ၊ အခုအချိန်လောက်ဆို သူ့ဝိညာဉ်က မင်းနား ရောက်နေလောက်ပြီ"

သူတို့အုပ်စုထဲမှာ ဟန်မဆောင်တတ်ဆုံးကောင်က ထူးတင့်ဆိုသည့်ကောင်။ ဒီကောင် တစ်ခုခု ခိုးလုပ်ထားရင် ကျွန်တော်မကြည့်နဲ့ မျက်လုံးတွေ ကြည့်လိုက်တာနဲ့ သိသည်။ အခု



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်မျက်ဝန်းထဲမှာ နာကျင်မှုကို တွေ့လိုက်သလိုပင်။ ပြီးတော့ "ဟန်ဆောင်နိုင်ရန်ကော"ဆိုပြီး သူ့ကို နာကြည်းရိပ်တွေ။

အခုတလော ထိန်းချုပ်နေသည့်ကြားက မီးလေးကို အသည်းအသန်တွေ့ချင်တဲ့စိတ်တွေ ဘာကြောင့် ပေါ်လာရတာလဲ။ ဟုန်းခနဲ တောက်လောင်လာသည်။ အပူမီးက အရှိန်ပြင်းပြင်းနှင့် သူ့နှလုံးအိမ်ကို ဆွဲဆောင်နေသည်၊ "မီးလေး"နှင့် တကယ် လောကကြီးကို စွန့်ခွာသွားခဲ့တာလား။

သူ့မျက်ဝန်းတွေမှာ ချက်ချင်း မျက်ရည်တွေပြည့် အိုင်လာပြီး ထူးတင့်ကို ပြန်မေးဖို့ စကားတွေ ပါးစပ်က ဘယ်လိုမှ ထွက်မကျနိုင်အောင် တစ်ဆို့နေသည်။ မတ်တတ်ဆက်ရပ်နိုင်စွမ်း မရှိတော့ဘဲ ရောင်ဝါ ယိုင်သွားတာမို့ ထူးတင့် အချိန်မီဝင် ထိန်းလိုက်ရသည်။

သူ့စကားတွေက ရောင်ဝါရင့်ကို အလဲထိုး ထိုးစစ် ဆင်လိုက်ပြီမှန်း သိသွားတာမို့ ထူးတင့် နည်းနည်းတော့လန့် သွားသည်။ ဒီကောင့်ပုံစံကြည့်ရတာ ဖြူဖပ်ဖြူရော်နှင့် အားမရှိတဲ့ပုံ။ တော်တော်ကြာ တစ်ခုခု ဖြစ်သွားမှဖြင့်။





"ဟော့ကောင် ရောင်ဝါနေ၊ သတိထားဦးမှပေါ့"

ချုံးပွဲချ ငိုကြွေးနေတဲ့ ရောင်ဝါနေကြောင့် သူထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ သောကို ရောက်လာကြသော နိုင်လေးနှင့် စစ်နိုင်ကလည်း ဒီမြင်ကွင်းကြောင့် ကြက်သေသေ လျက် ...

ပလက်ဖောင်းဘေးက လူရှင်းသည့် လက်ဖက်ရည် ဆိုင်ထဲ သူတို့ ရောင်ဝါနေ့ကို ဆွဲခေါ်လာကြသည်။ ရောင်ဝါနေ ကတော့ စားပွဲပေါ်မှာ မျက်နှာအပ်ပြီး ငိုကောင်းနေဆဲ။

"မေဝါ ... ငါတို့နဲ့အတူ ရောင်ဝါနေ ရှိနေပြီ။ နင်တို့ နှစ်ယောက် လာခဲ့ကြ၊ (......)ဆိုင်ကို ..."

စစ်နိုင်က သတိတရနှင့် မေဝါ့ကို ဖုန်းလှမ်းဆက် လိုက်သည်။

ထူးတင့်ကို အားလုံးမျက်စ,ပစ်ပြီး အသံတိတ်မေးနေ ကြသည်။ ရောင်ဝါနေက တကယ့်ကို အလူးအလဲ မျှမလှဖြစ် နေသည့် ဒီဇိုင်းမို့ ထူးတင့် အဘယ်ကဲ့သို့သော ထိရောက်သည့် စကားလုံးတွေ သုံးလိုက်မှန်း သူတို့သိချင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ကေခိုင်နှင့် မေဝါ ဆိုင်ထဲရောက်လာသည်။ တစ်ရှူးဘူးထဲက တစ်ရှူးတွေ ဆွဲထုတ်နှပ်သုတ်နေသည့် ရောင်ဝါနေကိုအတွေ့ မသိမသာ တွန့်သွားကြသည်။ စားပွဲဘေး အမှိုက်ခြင်းထဲ ညှစ်ညှစ်ထည့်နေတာ ခြင်းတောင်းပြည့်တော့မလား မသိ။ အသစ်စက်စက် ထည့်ထားဟန်ရှိသော တစ်ရှူးကတော့ မရှိသလောက် လုံးပါး,ပါးသွားသည်။

"ဘိုးတော် ... အခုမှ ထိုင်ငို နှပ်ညှစ်မနေနဲ့"

"သူမရှိတဲ့ ဒီလောကမှာ ငါလည်း ကြာကြာရှိနေနိုင်မှာ မဟုတ်တော့ဘူး၊ ငါ သူ့နောက်ကို အနေးနဲ့ အမြန်လိုက်သွားမယ်"

ငိုရလွန်း၍ ပျက်နေတဲ့ အသံကွဲကြီးနဲ့ ပြောလိုက်တဲ့ ရောင်ဝါနေ့ စကားကြောင့် အားလုံး ကြောင်နေကြသည်။ ထူးတင့်သာ ထိုစကား၏ အဓိပ္ပာယ်ကို နားလည်ဟန်ရှိ၏။

သဘောပေါက်ပြီ။ ဒါ ထူးတင့် ဆက်လိုက်သည့် ခွင်။ မေဝါ မျက်နှာမှာ အပြုံးပန်းတွေ ဝေဆာရသည်။ တော်လိုက်သည့် ထူးတင့်၊ ရောင်ဝါနေရဲ့ အားနည်းချက်ကို မိမိရရထိုးနှက်နိုင်သည်ပဲ။





"သိပ်လည်း ဝမ်းနည်းမနေပါနဲ့ဟာ၊ သရဖူ မသေတော့ မသေသေးပါဘူး၊ ဒါပေမဲ့ နင့်မျက်နှာ မတွေ့ရရင်တော့ မကြာခင် သူ တကယ်သေလိမ့်မယ်၊ အခုဆို တရှောင်ရှောင်နဲ့၊ သူတို့အိမ်က လူတွေကလည်း သောကတွေရောက်နေတယ်၊ နင့်အိမ်က သတင်းစာထဲကနေ နင့်ကို ပြန်ခေါ်တာလည်း အဲဒါကြောင့်ပါတယ်"

"ဘာ ... ဘာ ... ဘယ်လို ... မီးလေးမသေဘူးဟုတ်လား"

"ဟုတ်တယ် ... ငါ မင်းကို ဒီလိုမှမပြောရင် အခုလို စကားပြောခွင့် မရမှာစိုးလို့"

"ဟေ့ကောင် ထူးတင့် ... မင်း"

ရောင်ဝါနေက ဝုန်းခနဲ ထ,ရပ်လိုက်တာမို့ အားလုံးက ဝိုင်းဆွဲဖျောင်းဖျနေကြသည်။

"ထူးတင့် လုပ်တာ အပြစ်မရှိဘူး ရောင်ဝါနေ၊ နင်က နင့်နှလုံးသားကို ပိတ်လှောင်ဖို့ ကြိုးစားနေတာကိုး၊ အတွင်းလှိုက်စားသွားရင် ခုနက နင်ပြောသလို မကြုံကောင်းမကြုံစည်ရာ ကြုံစည်တဲ့အထိ ဖြစ်လာနိုင်တယ် ဒီမှာ ရောင်ဝါနေ၊ ငါ ပြောတာ သေချာနားထောင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ရည်းစားမထားဘူးပဲ ရောင်ဝါနေကို တတ်သမျှ မှတ်သမျှနှင့် ဆရာလုပ်နေသော ကေခိုင်ကို အားလုံးက ရယ်ချင်နေကြသည်။

"နင်နဲ့ သရဖူ နောက်ဆုံးတွေ့ခဲ့တဲ့နေ့က နင်တို့ အပြင်ထွက်သွားတုန်း သရဖူ ငါတို့နှစ်ယောက်ကို ရင်ဖွင့်တယ်၊ နင့်ကို သိပ်ချစ်တယ်တဲ့၊ ဒါပေမဲ့ ရတနာစွယ်စုံက နင်နဲ့ ချစ်သူတွေ ဖြစ်နေကြပြီ၊ နင် အမွေဖြတ်ခံရမှာကြောက်လို့ သရဖူ့ဘေးနားက ထွက်သွားအောင် မလုပ်ပေးနိုင်ပါဘူးလို့ လာပြောခဲ့တဲ့အတွက် သူ နင်တို့နှစ်ယောက်အတွက် အဲဒီညမှာပဲ သူ့အဘိုးနဲ့ အတိုက်အခံလုပ်ပြီး စေ့စပ်ပွဲကို ဖျက်သိမ်းမယ်တဲ့လေ၊ သူ ပြောရင်းနဲ့ငိုပြီး သနပ်ခါးတွေ ပျက်သွားလို့၊ မျက်နှာသွားသစ်တာ၊ ဧရာဝတီမြစ်ထဲ ဝင်လို့ မဟုတ်ဘူး"

ကေခိုင့်ရဲ့ ရှည်လျားတဲ့ စကားတွေကြောင့် သူ အားလုံးကို ဆက်စပ်ကြည့်မိလိုက်သည်။ ရင်ထဲမှာ လှိုက်ခနဲ





မီးလေးကို သနားစိတ်ဝင်သွားသည်။ ရတနာစွယ်စုံရဲ့ လှပတဲ့ မာယာလက်နက်ကိုလည်း သူ ရွံကြောက်သွားသည်။ သူ ရတနာစွယ်စုံကို အကူအညီတောင်းသည့် ကိစ္စကိုတော့ မပြောဖြစ်တော့ပါ။

အခုတော့ သူ သိပြီ။ သူနဲ့ မီးလေး နှစ်ယောက်စလုံးရဲ့ ရင်ထဲတွင် မပြယ်နိုင်သော အချစ်တွေက ခိုင်မာစွာ ခြေကုပ်ယူထားပြီးပြီမှန်း။ ဒီတော့ သူ ဘာကြောင့် မီးလေးရော သူပါ အသည်းကွဲနေရမယ့် အဖြစ်မျိုး ဆက်လုပ်နေဦးမှာလဲ။

"အစကတည်းက နင် ငါတို့ ရှင်းပြတာကို နားထောင်သင့်တာ၊ အခုက ခြေရာလည်းဖျောက် ရေလည်းနောက်၊ ဖုန်းလည်းယူမသွား။ မေးလ်လည်းမစစ်၊ သတင်းစာမဖတ်ဘဲ မှောင်မိုက်တဲ့ကမ္ဘာထဲမှာ ကိုယ့်ဒုက္ခကိုယ်ရှာပြီး နင် သတ္တိမရှိ ပုန်းရှောင်နေခဲ့လို့ အခုလို ခံစားနေရတာ"

မေဝါက အဆုံးသတ် ထိမိတဲ့ စကားလုံးတွေနဲ့ ရောင်ဝါနေ့ရင်ကို ပစ်ခွင့်လိုက်သည်။

"ငါ သွားမယ်၊ မီးလေးဆီ ငါသွားမယ်၊ အခုပဲသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရောက်လာမှန်း မသိသော အင်အားတွေနဲ့ ရောင်ဝါ တ,ရပ်သည်။ စောနကလို လင်းတမှိုင်,မှိုင်ပြီး သာခွေ ယှိုင်နေမနေတော့။

သူ့ကိုတားမည့်သူကလည်း ဘယ်သူမှမရှိ။ လှပတဲ့ ဖာတ်ပေါင်းခန်းလေးကိုသာ မျှော်လင့်နေကြသူတွေမို့ သူ့လုပ်ရပ်ကို အားလုံးက တိတ်တဆိတ် ထောက်ခံနေကြသည်။ အချစ်စစ်ရင် ဆုံတွေ့ရတာ ခမ္ဘတာပဲလေ။ ညီမျှတဲ့အချစ် ဖြစ်ခဲ့ရင်ပေါ့။

✿ ✣ ✿





## ၃၄

BURMESE CLASSIC .com

ဒေါ်ဒေစီထွန်းနှင့် ဒေါ်မေမီထွန်းသည် အိပ်ရာပေါ်မှာ ပက်လက်လေး လဲလျောင်းနေသော တူမဖြစ်သူ၏ အသည်းကွဲစတိုင်လ်ကိုကြည့်ပြီး သနားစိတ်တွေ ယိုဖိတ်နေကြသည်။ ဆောသီ့ဆီက ထိုရောင်ဝါနေ ဆိုသူည့် ကောင်လေးနှင့် မီးလေးတို့၏ အပြန်အလှန် အနိုင်မခံ အရှုံးမပေး တစ်ယောက်နဲ့တစ်ယောက် ယှဉ်ရရေး ကြိုးပမ်းကြပုံတွေနှင့် တစ်ယောက်နဲ့ တစ်ယောက် မျှော်လင့်ဘဲ သိပ်သည်းစွာ ချစ်သွားကြတာတွေကိုပါ ကြားသိပြီးဖြစ်သည်။

"သူ့လို ချောမောတဲ့ ကောင်လေးကို တစ်နေ့မှာ ချစ်မိလိမ့်မယ်လို့ ညည်း ဘာလို့ ကြိုမတွေးခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ... ညည်းအသည်းက ဘယ်လောက်တောင် မာနေလို့လဲ၊ မပြောချင်ပါဘူး၊ တကယ်ပဲ၊ ဒီနေရာမှာတော့ ညည်းအမေကို ရှုံးသွားပြီ၊ ညည်းအမေကလေ သုံးနှစ်လောက် ကြိုက်ခဲ့တဲ့ ချစ်သူကို စွန့်လွှတ်ရဲလောက်အောင် အသည်းမာတာ၊ ညည်းမှာတော့ ကြည့်ပါဦး၊ ကြိုက်တောင် မကြိုက်ရသေးဘဲ ဒီလောက်အထိ ရောဂါတက်နေတယ်"

"အဲဒါ မကြိုက်ရသေးလို့ ရောဂါတက်တာပေါ့ အန်တီမေမီ၊ ကြိုက်ပြီး သုံးနှစ်လောက်ဆိုရင်တော့ ရောဂါတက်ချင်မှ တက်မှာ"

အားမရှိတဲ့ကြားက မေမေ့ကို ပြောနေတဲ့ အန်တီမေမီကို မခံချင်တာနှင့် စကားနိုင် လုလိုက်သည်။

"အံမယ်လေး ... ဘုရားရေ၊ ညည်းဒဿနလေး ငါ့နည်းနည်းမျှပေးပါဦး၊ သက်ငယ်စကား သက်ကြီးကြားဆိုသလို ဗဟုသုတလေးရအောင်လို့ပါ"

"သုံးနှစ်လောက် စီးပြီးတဲ့ဖိနပ်ကို မလွှမ်းတော့တာ ထုံးစံလေ၊ တစ်ခါမှ မစီးရသေးတဲ့ ဖိနပ်လှလှလေး ရုတ်တရက် ပျောက်သွားရင်တော့ ရောဂါတက်ကြတာ လူတိုင်းပဲ"





"အယ်"

ဒေါ်မေမီထွန်းနှင့် ဒေါ်ခေစီထွန်း မျက်လုံးအပြူးသားနှင့် ဥပမာမေးပုံ ထိမိတဲ့ တူမချောကို ဝိုင်းကြည့်လိုက်ကြသည်။

"ညည်းပြောပုံအရဆို နှစ်ဆယ့်ငါးနှစ် သုံးဆယ်နီးပါးပေါင်းခဲ့တဲ့ ငါတို့ယောကျာ်းတွေ သေရင်မငိုရတော့မှာပေါ့ဲ"

သရှူက စကားဆက်မပြောချင်တာနှင့် တဆောင်းလေး ပြောင်းလဲလိုက်သည်။ ထပ်ပြောရင် လေကြောထပ်ရှည်ချည်စိုး၍လေ။ ကိုယ့်ဘာသာကိုယ် အတွေးလေးနဲ့ သရှူ တိတ်တိတ်ဆိတ်ဆိတ် နေချင်သည်။

ဖုန်းမြည်သံကြားသော်လည်း သရှူက ခေါင်းထဲမကိုင်ပါ။ ဘယ်သူ့ကိုမှ စကားပြောချင်စိတ်မရှိ။ သူ ထွက်သွားပြီးကတည်းက လောကကြီးက သရှူ့အတွက်တော့ ဘာမှအဓိပ္ပာယ်မရှိတော့သလို အထီးကျန်ပြီး ခြောက်ကပ်နေသည်။

သရှူ့မှာ ဆန္ဒလေးတစ်ခုသာ ရှိနေတော့သည်။ အဲဒါ သူ့မျက်နှာကို တစ်ခါလောက်လေး တွေ့ရဖို့။

"ကိုင်လိုက်စမ်းပါဟယ်"



www.burmeseclassic.com

ဒေါ်ဒေစီထွန်းက ဒေါ်မေမီထွန်းကို သရဖူ့အိပ်ရာ ခေါင်းရင်း ခုံပုဝိုင်းလေးပေါ် တင်ထားသောဖုန်းကို မေးငေါ့ပြ လိုက်သည်။

"ဟယ်လို"

မိန်းမကြီးတစ်ယောက် ဖုန်းထူးသံကြောင့် ရောင်ဝါ နေ စိတ်ပျက်သွားသည်။ ဒါ အန်တီကေသီများလား၊ ရုတ်တရက် မို့ ဘယ်ကဘယ်လို စ,ပြောရမှန်းမသိဘဲ တဒင်္ဂ သူ နှုတ်ဆိတ် နေမိသည်။

"ဘယ်သူလဲ၊ အသက်ရှူသံပြင်းပြင်းကို ကြားနေရတယ်၊ ကိုယ် ဘယ်သူလဲဆိုတာ မပြောနိုင်ဘဲနဲ့ ဖုန်းဆက်ရင် အဲဒါကို နှောင့်ယှက်မှုလို့ ပုဒ်မတပ်လို့ ရတယ်နော်"

ဒါ အန်တီကေသီတော့ မဖြစ်နိုင်ပါ။ အန်တီကေသီ က စကားကို အဲဒီလို မပြောတတ်။ ကြည့်ရတာ သူ့အဒေါ်တစ် ယောက်ယောက် ဖြစ်ဟန်တူသည်။

"လှည့်စားသွားခလေး ပြန်လာပေးပါ၊ ခြံဝမှာစောင့်နေ မယ်"





အရေးကြီးတာက ဒီစကား မီးလေးဆီ ပြန်ရောက်ဖို့ မဟုတ်လား။ သူ ဟိုတစ်ဖက်က ဘာမှပြန်မပြောခင် ဖုန်းချလိုက် သည်။

"ဟယ် ... ဘယ်လိုသူတောင်းစားမျိုးပါလိမ့်။ ငါကြားဖူး တာကတော့ ထမင်းဖိုးလေး ပေးလှည့်ပါ ဆိုတာပဲကြား ဖူးတာ"

ဒေါ်မေမီက ဖုန်းကို အသာခုံပေါ်တင်ပြန်ရင်း တစ် ဖက်ကပြောတဲ့ ကောင်လေးရဲ့စကားကို မသင်္ကာဟန် အဓိပ္ပာယ် ဖော်နေမိသည်။

"ဘယ်သူလဲ ... ဘာပြောလို့လဲ အန်တီမေမီ"

"လှည့်စားခလေး ပြန်လာပေးပါ၊ ခြံဝက စောင့်နေပါ့မယ် တဲ့လေ"

"ဟင်"

သရဖူ ရင်တွေ ဖိုသွားသည်။ ဒါ ... ဒါ ... သူ ရောင်ဝါများ ဖြစ်နေမလား။ သူ ခြံဝမှာ ရောက်နေတာလား။ သရဖူ ငေါက်ခနဲ ထ,ထိုင်လိုက်သည်။ ဟုတ်ပါတယ်။ သူပါ။ သူပဲနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ခုတင်ပေါ်က ပြေးဆင်းသွားသော မီးလေးကို အဒေါ်နှစ်ယောက် ပါးစပ်အဟောင်းသားလေးတွေနှင့် ကြောင်ကြည့်ကျန်ရစ်သည်။

ခုနကအထိ အိပ်ရာပေါ်မှာ သင်းက ပက်လက်လှမာမာသည်လေး မဟုတ်လား။

သရဖူ့ခြေလှမ်းတွေက မြန်ဆန်လွန်းနေသည်။ လေအလျှင်နှင့် နင်လား ငါလားပင်။ ခြံတံခါးရှေ့ရောက်မှ သော့မပါတာ သတိပြုမိလိုက်သည်။ ခြံတံခါး သံပန်းတိုင်တွေကြားမှ သရဖူ အပြင်ကို ချောင်းကြည့်လိုက်သည်။ အပြင်မှာ ဘယ်သူမှ မတွေ့ရ။ ရုတ်ခြည်း ကိုယ်ထဲက အားတွေယုတ်လျော့သွားသလိုပင်။

ခြံတံခါးသံတိုင်ကြားက ရုတ်တရက် လက်နှစ်ဖက်တိုးထွက်လာပြီး သံတိုင်တွေကို ကိုင်ထားတဲ့ သရဖူ့လက်ကလေးတွေကို ဖမ်းဆုပ်လာသည်။ ပြီးတော့ အုတ်တံတိုင်းနောက်မှာကွယ်ရပ်နေတဲ့သူ သံပန်းတံခါးရှေ့ လူလုံးထွက်ပြလာသည်။

"ရောင်ဝါ"





သရဖူ ပျော်လွန်းလို့ အသံတွေ တုန်နေသည်။ မျက်မှန်မပါလာတာမို့ မကြည်မလင် ဖြစ်နေသော ရောင်ဝါ့ပုံရိပ်ကို သရဖူ အားမလိုအားမရ ဖြစ်နေမိသည်။

"မီးလေး"

"ရောင်ဝါ ... တကယ် ရောင်ဝါ အစစ်ပါနော်"

သရဖူ့လက်ကလေးတွေကို မလွှတ်တမ်း ဆုပ်ကိုင်ရင်း သူ ခေါင်းအခါခါ ညိတ်ပြနေသည်။ သရဖူ့ပါးပေါ်မှာ မျက်ရည်စ,တွေ။ ပြီးတော့ သူ့ပါးပေါ်မှာလည်း မျက်ရည်ခ,တွေနဲ့လေ။

ဒီနေ့က သရဖူနဲ့ ရောင်ဝါတို့ရဲ့ ကြေကွဲချ[illegible] ဘွေ အဆုံးသတ်မယ့် နေ့တစ်နေ့ပေါ့။

"ကိုယ့်ကို လှည့်စားသွားခလေး လာပြန်တောင်းတာပါ မီးလေး"

ပျော်တော့နေတဲ့ မီးလေး မျက်နှာမှာ ပန်းနုရောင်အရိပ်လေးတွေ တဖြည်းဖြည်း တက်လာသည်။

"လျော်ပေးရမယ့် တန်ဖိုးက များလွန်းလို့၊ ဘဝတစ်ခုလုံးနဲ့ ပေးဆပ်ဂုဏ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှက်ရဲရဲ ပြောလိုက်တဲ့ မီးလေးရဲ့ စကားသံ တိုးတိုးလေးထဲမှာ သူ ရင်ခုန်စွာ ပျော်ဝင်ပျောက်ဆုံးသွားတော့ သည်။

အသင်

၁၀–၆–၁၂

BURMESE CLASSIC .com

ဝေဝန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
တိုက်–၅၉၊ ၁၉–လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com